http://www.cherrythitsar.org

# တာရာမင်းဝေ

# ကျွန်တော်နှင့် ကြေးသွန်းယဉ်ကျေးမှု

ဝတ္ထုတိုပေါင်းချုပ်



http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာဘေးကင်းကွာ

စည်းကမ်းရှိမှ တိုးတက်မည်

စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏

ပဓာနကျသော တာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

- ဂ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ဂ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
- ဂ နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ဂ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော
- ဂ ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ဂ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ် ချေမှုန်းကြ။

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် ၁၃၄/၉၈(၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၉၄/၉၈(၉)

*ထုတ်ဝေသူ*
ဦးမြသန်း (မြ-၀၁၀၅၀)
အသိုင်းအဝိုင်းစာပေ
အမှတ် ၃၅၊ ဇွဲဆုံရပ်ကွက်၊ ကမ္ဘာအေး၊ ရန်ကုန်။

*မျက်နှာဖုံးပုံနှိပ်သူ*
မင်္ဂလာသောင်း
အမှတ် ၇၅၊ ၄၃-လမ်း၊

*အတွင်းပုံနှိပ်သူ*

ဦးဌေးအောင် (၀၅၈၈၈)
ပြည့်ဖြိုးပိုင်ပုံနှိပ်တိုက်
အမှတ် ၁၅၊ လမ်း (၁၀၀)၊
လွတ်လပ်ရေးရပ်ကွက်၊ ရန်ကုန်မြို့။

*အတွင်းဖလင်* - တင်ဝင်း

*မျက်နှာဖုံး* - စိုးဝင်းငြိမ်း

*ကာလာခွဲ* - ဆန်း
ပထမအကြိမ်
အုပ်ရေ ၅၀၀၊ တန်ဖိုး - ၅၀
*ဖြန့်ချိရေး* - ဖြိုးကျော်စာပေ
အမှတ် ၂၂၊ ၆-လမ်း၊ ပုသိမ်ညွန့်။

http://www.cherrythitsar.org

# တာရာမင်းဝေ

# မာတိကာ


(၁) ကျွန်တော်နှင့် ဝတ္ထုတိုလေးများ

(၂) *(A)* ကျွန်တော်နှင့် မြို့ကလေး
*(B)* လူနှင့် နွေရာသီဂီတ

(၃) *(A)* ကျွန်တော်နှင့် အိပ်မက်ကလေး
*(B)* လူနှင့်လေ့လာရေး

(၄) *(A)* ကျွန်တော်နှင့် အရုပ်ကလေး
*(B)* လူနှင့်ဦးနှောက်

(၅) *(A)* ကျွန်တော်နှင့်မြူနှင်းဝေသောညများ
*(B)* လူငယ်တစ်ယောက်ရဲ့လမင်း

(၆) အိမ်ကလေး

(၇) သီအိုရီထောင့်ချိုး

(၈) လူနှင့်သဒ္ဒါ

(၉) စက်ဝိုင်းထဲမှာ နေတဲ့သူ

# ကျွန်တော်နှင့်ဝတ္ထုတိုကလေးများ

(၁)

လူတိုင်းဖြစ်ဖူးကြမှာပါ။

ကိုယ့်အကြောင်းကိုယ် ပြန်တွေးကြည့်ရင် တစ်ခါတစ်ခါ ရယ်စရာလေးတွေကိုပြန်မြင်ရတတ်တယ်။

ကျွန်တော့်မှာလည်း အဲဒီလိုမျိုးလေးတွေ အများကြီးရှိခဲ့ဖူးပါတယ်။

ကျွန်တော် စာဖတ်စတုန်းကဆိုရင် ဝတ္ထုထဲမှာ 'ခစ်. . ခစ်. . ခစ်' ဆိုတဲ့ ရယ်သံထည့်ထားတာကို ဘယ်လိုမှ ခံစားလို့မရဘူး။

အထူးသဖြင့် မိန်းကလေးတစ်ယောက်ရဲ့ ချစ်စရာကောင်းတဲ့ ကန္တဲ့ကလျ

ရယ်သံတို့ကိုလက်မခံမိဘူး။

ကျွန်တော့်အာရုံထဲမှာ အဲဒီ 'ခစ်. . ခစ်' ဆိုတာကို ကြောင်ကလေး တစ်ကောင် ခေါင်းရှေ့ဆန့်ပြီး ချောင်းဆိုးနေတာကိုပဲ မြင်မိတယ်လေ။

အဲဒီလိုနဲ့ ကာလအတော်ကြာအောင် 'ခက်' နေသေးတယ်။ နောက်တော့လည်း တဖြည်းဖြည်းနဲ့ အဆင်ပြေသွားပါတယ်။

အဲဒီလို ထော်လော်ကန့်လန့်ဖြစ်ခဲ့ဖူးတဲ့ ကျွန်တော်ဟာ ဆောင်းရာသီပွဲခင်းတစ်ခုထဲမှာ 'ဘီလူးက' ကို အံ့အံ့သြသြ ငေးမောကြည့်ဖူးပါတယ်။ ဘီလူးခေါင်း ဆောင်းထားတဲ့ စင်ပေါ်ကအနုပညာသမားရဲ့ ကကြိုးကကွက်ထဲမှာ ကျွန်တော်မျောပါ သွားခဲ့တယ်။

မယုံနိုင်လောက်အောင်ပါပဲ။

ကျွန်တော် စွဲလမ်းသွားခဲ့တယ်။

ပွဲတော်ကအပြန်မှာ နှင်းဝတ်နှင်းမြူတွေနဲ့အတူ ကျွန်တော့်စိတ်တွေ အံ့ပြုနေခဲ့တယ်။

ကျွန်တော်စဉ်းစားမိတယ်လေ. . .

ဘီလူးဆိုတာ တကယ်ရှိလို့လား။

ရှိရင်ကော ဒီပုံဟုတ်ပါ့မလား။ စုံလို့ပေါ့။

ဒါပေမယ့် ဘာပဲပြောပြော ကျွန်တော်သဘောကျပါတယ်။

'အနုပညာ လွတ်လပ်ခွင့်' ဆိုတဲ့စကားလုံးကို မမြင်ဖူးခင်ကတည်းက 'အနုပညာ လွတ်လပ်ခွင့်' ရဲ့သဘောကို ကျွန်တော် နားလည်သလိုရှိခဲ့တယ်။

..............................................................................

# ကျွန်တော်နှင့်ခြေရာနှင်းယင်ရှုမှု

❋ (အနုပညာမှာ သီးသန့်နယ်ပယ် (**Autonomy**) ရှိတယ်ဆို
တဲ့သဘော၊ အနုပညာဟာ သဘာဝတည်ရှိမှုတွေကို အခြေခံပြီး
'အသစ် တည်ရှိမှု'တစ်ခုကို ဖန်တီးရတယ်ဆိုတဲ့သဘော၊ အဲဒါတွေ
ကျွန်တော့် ရင်ထဲမှာ ကိန်းဝပ်သွားခဲ့တယ်။)

✣✣✣

http://www.cherrythitsar.org



(၂)

တစ်ခါကလည်းကျောင်းမှာ ဆရာက ဗဟုသုတနေနဲ့အရုပ်စာရေးနည်းကိုသင်ပေးပါတယ်။

ပါးစပ် + ငှက် = သီးချင်းဆိုသည်။

ပါးစပ် + ခွေး = ဟောင်သည်။

ပါးစပ် + ကလေး = အော်သည်။

စ,တာတွေကိုစိတ်ရှည်လက်ရှည်သင်ပေးပါတယ်။ ကျွန်တော်ပျော်သွားတယ်။

.................................................................................

မျိုးကျော်စာပေ

# ၁၀ ကျွန်တော်နှင့်ပြောင်းလဲမှုများ

ကျွန်တော်က အနောက်အပြောင်လည်း တအားသန်တော့ဆရာ့ကို လှမ်းအော်ပြောဖူးတယ်။

ဆရာမ + စာအုပ် = ဝတ္ထုဖတ်သည်။

ဆရာမ + ကြိမ်လုံး = ဆုံးမသည်။

ဆရာမ + နှဲ = ညည်းညူသည်

ဘာညာပေါ့။

တစ်ခန်းလုံးက ဝိုင်းရယ်ကြပါတယ်။

အဲဒါလေးကို အမှတ်ထင်ထင်ရှိခဲ့ပြီး နောင်အရွယ်ရောက်တဲ့အခါ ကျွန်တော်စဉ်းစားမိတာ တစ်ခုရှိလာတယ်။

ဥပမာ-ဗန်းဂိုးရဲ့အာလူးစားသူများ ပန်းချီကားထဲက ဆာလောင်မွတ်သိပ်နေတဲ့ 'မျက်လုံး'တွေ။

အဲဒီမျက်လုံးတွေကို ဘုရင်တစ်ပါးမှာတပ်ပေးလိုက်ရင် တစ်မျိုး. .

ရသေ့တစ်ပါးမှာ တပ်ပေးလိုက်ရင် တစ်မျိုး. .

မွေးကင်းစကလေးငယ်မှာတပ်ပေးလိုက်ရင် တစ်မျိုး. .

အဲဒီလိုပေါ့လေ. .

တွဲစပ်ပုံဖော်မှုတွေ အမျိုးမျိုးပြောင်းလဲတာနဲ့အမျှ 'အဓိပ္ပါယ်'တွေ အမျိုးမျိုးပြောင်းလဲသွားတယ်ဆိုတာကို ကျွန်တော် ထဲထဲဝင်ဝင် တွေ့ရှိလိုက်ပါတယ်။

ကျွန်တော်အနုပညာသမားတစ်ယောက်ဖြစ်လာတဲ့အခါ ကျွန်တော်ရဲ့

.....................................................................

အနုပညာဖန်တီးမှုတွေမှာ အဲဒီနည်းစနစ်ဟာ အတိုင်းအတာတစ်ခုအထိ အရေးပါလာခဲ့ပါတယ်။

* (အဲဒါဟာ ရုပ်ရှင်မှာသုံးတတ်တဲ့ **Juxtaposition** ဆိုတဲ့ နည်းစနစ်နဲ့ရော၊ စာပေဝေဖန်ရေးသမား ကက်နက်ဘာ့ခ်ရဲ့ စာပေအယူအဆ တစ်ရပ်နဲ့ရော နီးစပ်ဆင်တူနေတယ်ဆိုတာကိုတော့ နောင်မှ ကျွန်တော်သတိပြုလိုက်မိပါတယ်)

✤✤✤

# ၁၂ ကျွန်တော်နှင့်ခြုံးသွန်းယဉ်ကျေးမှု

(၃)

ခွက်တစ်လုံးရဲ့အသုံးဝင်မှုဟာ အဲဒီခွက်ရဲ့ ‘လစ်ဟာနေတဲ့နေရာပေါ်မှာ’ တည်တယ်တဲ့။

စိတ်ပညာစာအုပ်တစ်အုပ်ထဲမှာ ကျွန်တော်ဖတ်ဖူးတယ်။ ဒါမှ အဲဒီခွက်ထဲကို တစ်ခုခုထည့်လို့/ဖြည့်လို့ရမှာကိုး။

ပလာနယ်ရဲ့ ‘အား ကို ကျွန်တော်ခံစားလာတတ်တယ်။

အဲဒီကာလထဲမှာပဲ ‘ပန်းချီသမိုင်း’ စာအုပ်တစ်အုပ်ကို ကျွန်တော်ထပ်ဖတ်လိုက်မိပြန်တယ်။

http://www.cherrythitsar.org



စိတ်ဝင်စားစရာကောင်းတဲ့ ပလာနယ်ရဲ့သဘောတရားကို ကျွန်တော် ထပ်တွေ့လိုက်မိတာပါပဲ။

ဟိုတုန်းကဆိုရင် ပန်းချီကားတွေမှာ ကင်းပတ်စ်ပြားအပြည့် ပုံဆွဲတယ်။ အရောင်ခြယ်တယ်။

နောက်ကျတော့ ကင်းဗတ်စ်ပြားထဲမှာ ဘာပုံမှမဆွဲ၊ ဘာရောင်မှ မခြယ်တဲ့ 'ပလာနယ်'တွေကို ထားလာတယ်။

ဒါပေမယ့် အဲဒီပလာနယ်တွေကလည်း မျဉ်းတွေ၊ အရောင်တွေ၊ အရုပ်တွေနဲ့အပြိုင် ပန်းချီကားတွေထဲမှာ အရေးပါနေတယ်။

ပန်းချီကားကို ပိုပြီးနက်ရှိုင်း မြင့်မားသွားအောင် သူက 'သုညတ္တအား' တွေ ထုတ်ပေးလိုက်တယ်။

ကျွန်တော့်ကို အတွေးတွေ အများကြီးပေးတော့တာပါပဲ။

အဲဒီပန်းချီကားတွေကို ကျွန်တော် အထပ်ထပ်အခါခါ လေ့လာပါတယ်။

အနုပညာမှာ ပြောခြင်း၊ ပြခြင်းတွေနဲ့အတူ မပြောခြင်း၊ မပြခြင်းတွေကလည်း အရေးပါတယ်ဆိုတဲ့အသိ ကျွန်တော့်မှာ ရလိုက်တယ်။

ကျွန်တော် ဝတ္ထုတိုရေးတဲ့အခါကျတော့ ကျွန်တော့်ဝတ္ထုတိုတွေထဲမှာ 'ပြတ်သားထင်ရှားမှု နဲ့အတူ 'ရီဝေမှုန်ဝါးမှု'တွေကပါ ရောယှက်ပါဝင်လာပါတော့တယ်။

# ၁၄ ကျွန်တော်နှင့် [illegible]

✱ (ကျွန်တော့်ဖက်က ဆုံးဖြတ်ချက်ချမပေးမှု **Undecidablity** ကြောင့် စာဖတ်သူကပါ အားစိုက် တွဲဖက်ပါဝင်လာရပါတယ်။ ဝတ္ထုတိုတစ်ပုဒ်ကို စာရေးသူနဲ့အတူ စာဖတ်သူကပါတွဲကူဖော်ဆောင်ရတယ်ဆိုတာကို တန်နရီဘိတ်ကလည်း **Kiss Theory** နဲ့ ပြဋ္ဌာန်းခဲ့ဖူးပါတယ်)

http://www.cherrythitsar.org



(၄)

စကားလုံးချည်းသက်သက်ဟာ ပြည့်ဝတဲ့အာရုံခံစားမှုကို မဖော်ဆောင်နိုင်ဘူးလို့ ကျွန်တော်ခံယူခဲ့တာကတော့ ကြာပါပြီ။

ဥပမာ - 'ဟေး' ဆိုတဲ့ စကားလုံးတစ်လုံး ဆိုပါတော့။

သူ့ချည်းသက်သက်ရေးထားရင် ကျွန်တော် အတော်စဉ်းစားရခက်မယ်။

ရိုးရိုးတမ်းတမ်း လူတစ်ယောက်ကို လှမ်းခေါ်လိုက်တဲ့ 'ဟေး'လား၊

အပျော်လွန်ပြီး ခုန်ပေါက်အော်ဟစ်လိုက်တဲ့ 'ဟေး'လား၊

ကြောက်လန့်တကြား တားဆီးအော်ဟစ်လိုက်တဲ့ 'ဟေး'လား ခွဲခြားရ

အတော်ခက်ပါတယ်။

ကျွန်တော့်လို ကလန်ကဆန်ကောင်မျိုးကတော့ ဒုံ့ထက်မကလည်း တွေးဖြစ်ပါတယ်။

ဥပမာ - '၆' ဆိုတဲ့ ဂဏာန်းတစ်လုံးကို တွေ့မိတယ်ဆိုပါတော့။

ကျွန်တော်က အဲဒီ '၆' ရဲ့နောက်ကွယ်ကအရာတွေကိုပါ သိချင်/နားလည်ချင်တယ်။

ဒီ '၆'ဟာ တစ်၊ နှစ်၊ သုံးဆိုတဲ့ဂဏာန်းလေးက အားကောင်းဖွံ့ဖြိုးပြီးဖြစ်လာတဲ့ '၆' လား။

ဒါမှမဟုတ် ရှစ်၊ ကိုး၊ တစ်ဆယ် ဆိုတဲ့ဂဏာန်းကြီးတွေက ယုတ်လျော့ကျဆင်းပြီး ဖြစ်လာတဲ့ '၆'လား။

သူ့ဘာသာအစကတည်းက '၆' သန့်သန့်ပဲဖြစ်လာတဲ့ '၆' လား။

အဲဒါမျိုးပေ့ါ။

ရှူးတာမဟုတ်ဘူးနော်။

တစ်ခါတစ်ခါတော့လည်း အဲဒီလိုပေ့ါ။

ကျွန်တော်က ကပ်သီးကပ်သပ် လျှောက်တွေးတတ်တယ်။

ကျွန်တော် ဝတ္ထုတို ရေးဖြစ်တဲ့အခါကျတော့ 'အာရုံရိုက်ခတ်မှု တွေတွဲပါအောင် အတတ်နိုင်ဆုံး ကြိုးစားရေးမိတော့တယ်။ 'အာရုံရိုက်ခတ်ချက်' ပီပြင်ဖို့အတွက် ကျွန်တော့်အနုပညာပစ္စည်းကိုလည်း ကျစ်လျစ်စင်ကြယ်အောင် အားထုတ်ဖန်တီးရတယ်။ အဲဒီလိုနဲ့ပဲ ကျွန်တော်ဝတ္ထုတိုလေးတွေဟာ တိုလို့

http://www.cherrythitsar.org



ရသမျှ အတိုင်းအတာအထိ တိုလာတယ်။

*   (မော်ဒန်စာပေသမားတွေ သုံးလေ့သုံးထရှိတဲ့ **Minimalism** အာရုံကူးစက်ခံစားမှုကိုဦးတည်တဲ့ **Sense to Sense** အရေးအသား၊ အဲဒါတွေနဲ့သွားတူနေတယ်)

♣♣♣

http://www.cherrythitsar.org



(၅)

ကျွန့်တော်က ဘယ်အရာကိုမှ လွယ်လင့်တကူ လက်မခံတတ်ဘူး။ နည်းနည်းတော့ 'လှန်' တွေးတတ်တဲ့သဘာဝကလေးက ရှိပါတယ်။ 'ကွဲပါး စောင်းတီးသလို အချည်းနှီးပါကွာ' ဆိုတဲ့စကားမျိုးက ကျွန်တော် သိပ်သဘော မတူချင်တဲ့အထဲမှာ ပါတာပေါ့။

သိပ္ပံသုတေသနစမ်းသပ်ချက်တွေထဲမှာ ဂီတသံကြောင့် အပင်တွေ အသီးထွက်နှုန်း ကောင်းလာတယ်ဆိုတာကို ကျွန်တော်တွေ့နေရတာပဲ။

ဒီကွဲအပေါ်မှာလည်း ဒီဂီတသံဟာ တစ်စုံတစ်ရာသက်ရောက်မှု

http://www.cherrythitsar.org



ရှိရမှာပေါ့။

စောင်းမှ မဟုတ်ဘူး။

ပုံ၊ လင်းကွင်း၊ ဂစ်တာ၊ စန္ဒရား အကုန်တီးပြဖို့ ကောင်းတယ်။

ကိုယ့်အနုပညာ ကိုယ့်ယုံကြည်တဲ့ ဂီတသမားဆိုရင် စိတ်တိုလွယ်တဲ့ ကွဲရိုင်းရှေ့မှာတောင် သွားတီးပြသင့်တယ်လို့ ထင်မိတယ်။

(လွတ်ရာကျွတ်ရာ ခပ်လှမ်းလှမ်းကနေ ကျွန်တော်စောင့်ကြည့်ချင် ပါတယ်)

ဒီနေရာမှာ ပြောချင်တာက ဒီလိုပါ။

ဂီတပညာဖွံ့ဖြိုး မြင့်မားလာတဲ့အခါ တူရိယာတစ်မျိုးတည်းကို အဓိက ထားပြီး တီးမှုတ်တဲ့ **Homophonic Music** ထက် တူရိယာတွေ အပြိုင် တီးမှုတ်တဲ့ **Polyphonic Music** က ပိုပြီးတွင်ကျယ်လာတယ်လို့ ကျွန်တော် တွေ့ရပါတယ်။

ကျွန်တော်ကလည်း အဲဒါကို နှစ်ခြိုက်မိပါတယ်။

ကျွန်တော် ဝတ္ထုတိုရေးတဲ့အခါမှာလည်း အဲဒီနည်းမျိုးကိုသုံးပါတယ်။

ကဗျာသဘော

ပန်းချီသဘော

ရုပ်ရှင်သဘော အားလုံးကိုရောမွှေပြီး ကျွန်တော် ရေးပါတယ်။

**Homophonic** ဆန်ဆန် တစ်စတည်းကို ဆွဲထုတ်ပြီးရေးတာ

မဟုတ်ဘဲ **Polyphonic** ဆန်ဆန် အစများစွာကိုဖြန့်ကျက်ပြီး ရေးတာဖြစ်တဲ့အတွက် ကျွန်တော့်ဝတ္ထုထဲကဇာတ်ကောင်တွေဟာ 'တစ်ဦးချင်းစရိုက်' မပေါ်ပါဘူး။ အဲဒီလို 'ဒေါင်လိုက်' ကျွန်တော်မဖော်ဆောင်ပါဘူး။

ကျွန်တော့် ဇာတ်ကောင်အားလုံးဟာ 'လူ့သဘာဝ' အရသာ အလျားလိုက် ရွေ့လျားဖြစ်ကြပါတယ်။

✱ (ကျွန်တော့် ဝတ္ထုတိုတွေမှာ **Covergence Art** သဘောသက်ဝင်လာပါတယ်။ ကျွန်တော့်ဇာတ်ကောင်တွေဟာလည်း စရိုက်အဓိကမထားတဲ့ **Non- Character** တွေ ဖြစ်လာပါတယ်)

✤✤✤

(၆)

အဲဒီလို. .

ကျွန်တော်နားလည်ယုံကြည်မိတဲ့အတိုင်း ဝတ္ထုတိုတွေ ရေးခဲ့ပါတယ်။

ကျွမ်းကျင်တဲ့ဆရာသမားတွေက 'မော်ဒန်ဝတ္ထုတို' တွေအဖြစ် သတ်မှတ်ကြပါတယ်။

ကျွန်တော်ဖတ်မှတ်လေ့လာမှုအရလည်း ကျွန်တော်ဝတ္ထုတိုတွေဟာ မော်ဒန်ဝတ္ထုတိုတွေရဲ့ အင်္ဂါရပ်တော်တော်များများနဲ့ သွားရောက်ညီနေတာကို တွေ့ရပါတယ်။

# JJ ကျွန်တော်နှင့်ပြေးနှုန်းမောင်လေးများ

ဒီနေရာမှာ ကျွန်တော်ပြောချင်တာတစ်ချက် ရှိလာပါပြီ။

ကျွန်တော်က ကျွန်တော်ရေးတတ်သလို ရေးလိုက်တာပဲဖြစ်ပါတယ်။ ဒီအင်္ဂါရပ်တွေနဲ့ ကိုက်ညီအောင်၊ မော်ဒန်ဝတ္ထုတိုတွေဖြစ်အောင်ဆိုပြီး ရေးတာမျိုးလည်း မဟုတ်ပါဘူး။

သူ့ဘာသာသူ ဖြစ်သွား/ဖြစ်နေတာပါ။

ကျွန်တော့်မှာ မော်ဒန်ဆေးကြိမ်လုံး မရှိပါဘူး။

လိုလည်း မလိုချင်ပါဘူး။

ကျွန်တော်ဝတ္ထုတိုတွေဟာ 'မော်ဒန်ဝတ္ထုတိုတွေဟုတ်တယ်' လို့ပြောလာရင် ရယ်နေမှာဖြစ်သလို 'မဟုတ်ဘူး' လို့ပြောလာရင်လည်း ရယ်နေမှာပါပဲ။

ဘာမှမဖြစ်ပါဘူး။

(ဘာဖြစ်ရမှာလည်းဗျာ)

'ဟုတ်အောင်လုပ်ရေးမှာ မဟုတ်သလို မဟုတ်အောင် ရှောင်ရေးစရာလည်း မလိုဘူး ထင်ပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်ဆက်ရေးသွားမှာပါ။

ဒါ ကျွန်တော်တစ်ယောက်တည်းပဲလား။

ဒီလိုဖြစ်နေတာ ကျွန်တော်တစ်ယောက်တည်းပဲလားလို့ စဉ်းစားတဲ့အခါ ပြဿနာက ကျယ်ပြန့်လာပါတယ်။

ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူးဆိုတာကို သေသေချာချာ တွေ့လိုက်ရလို့ပါပဲ။

.................................................................................

မျိုးကျော်စာပေ

## အလွမ်းပေ ၂၄

တခြားလူငယ်တွေလည်း ကျွန်တော်လိုပဲ ရှိတယ်။

ကိုယ့်ဘာသာ အနုပညာဖန်တီးတယ်။ မော်ဒန်အနုပညာ ဆန်နေတယ်။

အဲဒီမှာ အစွပ်စွဲခံရပါတော့တယ်။

နိုင်ငံခြားကို ခိုးချတယ်။ အနောက်တိုင်းကို အထင်ကြီးတယ် ဘာညာ ပေါ့လေ။

စွပ်စွဲသူတွေကို စိတ်မဆိုးပေမယ့် အစွပ်စွဲခံရတာကိုတော့ ဝမ်းနည်းမိတယ်။

(ဟုတ်မှ မဟုတ်ပဲ)

ကျွန်တော်တို့ဖက်ကလည်း ပြန်ပြောစရာစကားတွေရှိတယ်။

<u>ကျွန်တော်တို့ကို နားလည်မှုရှိရှိနဲ့ 'ကြည့်'ဖို့တော့ လိုပါတယ်။</u>

✣✣✣

(၇)

'ချာဂေါလ် (**Marc Chagall**)က ပန်းချီကို သူခံစားမိသလို သဆွဲတယ်။

သူ့ပန်းချီကားတွေက ဆာရီယယ်လစ်ဇင်း ဆန်နေတယ်။

သူက အဲဒီဝါဒနဲ့အညီ လိုက်ဆွဲတာမဟုတ်ဘူး။ ဒါပေမယ့် အနုပညာသတ်မှတ်ချက်အရတော့ သူဟာလည်း ဆာရီယယ်လစ်တစ်ယောက် ဖြစ်သွားတယ်. . .' တဲ့။

ကျွန်တော်တို့ဟာ မော်ဒန်ခေတ်ကြီးထဲမှာ မွေးဖွားကြီးပြင်းလာခဲ့ရတဲ့

လူငယ်တွေပါ။

ကျွန်တော်တို့အပေါ်မှာ **Modern Sensory Effect** များစွာဟာ နေ့စဉ်အမျှ သက်ရောက်နေပါတယ်။

မော်ဒန်အာရုံခံစားမှုတွေနဲ့အတူ ကျွန်တော်တို့ ရပ်တည်ရှင်သန် နေရပါတယ်။

ဒါဟာ အရှိတရား **(Being)**ပါ။

အဲဒါကြောင့် ကျွန်တော်တို့ဖန်တီးတဲ့ အနုပညာဟာ မော်ဒန်အနုပညာဆီကို ဦးတည်ပါလိမ့်မယ်။

ဒါဟာ အဖြစ်တရား **(Becoming)**ပါ။

'တရား'တစ်ခုလို့ ကျွန်တော်နားလည်မိပါတယ်။

ဖြစ်ချိန်တန်လို့ ဖြစ်လာတာပါ။ ပျက်ချိန်တန်ရင် ပျက်သွားမှာပါ။ ဘာနဲ့မှ တားလို့ ရမယ်မထင်ပါဘူး။

ကျွန်တော်ကြားဖူးတဲ့ သိုးဆောင်းစကားပုံတစ်ခု ရှိပါတယ်။

'တကယ့်တကယ်မှာ မာရ်နတ်တောင် ဆေးရောင်ခြယ်ထားသလောက် အရုပ်မဆိုးပါဘူး' တဲ့။

မော်ဒန်အနုပညာမှာဆို 'အလှတရား'တွေ အဆန်းဆန်း အပြားပြား ရှိနေပါတယ်။

## ၂၆ [illegible]

‘ချစ်သောမျက်စိ’နဲ့ကြည့်ရင် မြင်နိုင်ပါလိမ့်မယ်။

‘ချစ်’တဲ့အတွက် ‘ယဉ်’ လာပါလိမ့်မယ်။

‘ကြည့်’တဲ့အတွက် ‘မြင်’ လာပါလိမ့်မယ်။

ကျွန်တော်တို့ကလည်း မြင်စေချင်ပါတယ်။

---

လေးစားစွာဖြင့်

**တ ၁ ရ ၁ မ င် း ဝေ**

---

# ကျွန်တော်နှင့်မြို့ကလေး

မြို့ကလေးဆီသို့ ကျွန်တော်ငေးမောကြည့်နေသောအခါ မြို့ကလေးက ငြိမ်သက်အေးချမ်းနေပါသည်။

မြို့ကလေး၏ အဝင်ကားလမ်းနဘေး၌

'လှိုက်လှဲစွာကြိုဆိုပါ၏'

ဟု ရေးထိုးထားသော ကျောက်တိုင်ကြီးတစ်တိုင် ရှိသည်။ ထိုကျောက်တိုင်ကြီး၏နဘေးမှာ ကျွန်တော် တွေဝေရပ်တန့်လျှက်ရှိသည်။

ကျောက်တိုင်ကြီးက မြို့စောင့်ခြင်္သေ့ကြီးတစ်ကောင်နှယ် ခံ့ညားစွာ တည်ရှိပြီး ကျွန်တော်ကတော့ အမေ့အိမ်သို့ အပြန်နောက်ကျသော သားတစ်ယောက်နှယ် ထုံပေပေဖြင့် ရပ်နေခြင်းဖြစ်ပါတယ်။

..................................................................

ညနေခင်း၏ ဝါလဲ့သောနေခြည်ဖျိုးဖျော့အောက်ဝယ် မြို့ကလေးသည် ရွှေအဆင်းဖြင့် ဝင်းစိုလှပနေပါသည်။

တစ်ခါက ကျွန်တော် ဘဝကို ဤမြို့ကလေးမှာ ချခင်းရပ်တည်ခဲ့၏။ လက်ရှိဘဝ၏ နိုးတစ်ဝက်အိမ်မက်များတွင် မကြာခဏပင် မှုန်ဝေစွာ ပြန်လည်မြင်ယောင်ခဲ့ရသည့် မြို့ကလေးပဲ ဖြစ်ပါသည်။

ကျွန်တော့်ကို ဖြတ်စီးတိုက်ခတ်သွားသော လေပြည်လေညင်းများက မြို့ကလေးဆီသို့ သယ်ယူသွားကြခြင်းဖြစ်မည်ဟု ထင်မြင်မိပါတော့သည်။

မြို့ကလေး၏ တစ်ဖက်စွန်းတွင် ရေစီးသန်သောချောင်းကလေး ရှိပါသည်။

ကျွန်တော်၏ငယ်ဘဝသည် ထိုချောင်းနဘေးတွင် ပျော်မောစွာ ကုန်ဆုံးခဲ့သည်။ ညဦးပိုင်း လရောင်ခြည်ကသစ်ရွက်များကြားမှ ဖောက်စီးပြီး ချောင်းရေဆီသို့ ထိုးစိုက်ကျလာသောအခါ လှပလွန်းသောပတ်ဝန်းကျင်မှာ နစ်မျောပျော်ဝင်ရင်း ကျွန်တော့်ဘဝ ငြိမ်းချမ်းဖူး၏။

ထိုချောင်းကလေးနှင့်အပြိုင် မလှမ်းမကမ်းတစ်နေရာဝယ် ရထားသံလမ်းတစ်ခု ကွေ့ဝိုက်ရစ်ပတ်သွားသည်။

ကျွန်တော်ဘဝ၏ ဝမ်းနည်းရသောနေ့အချို့တွင် ထိုရထားလမ်း၌ ကြေကြေကွဲကွဲ လမ်းလျှောက်ခဲ့ဖူး၏။ ရထားသံလမ်းမှကျောက်ခဲများကို ခြေဖြင့်တို့ခတ်ရင်း ခေါင်းငိုက်စိုက်ချကာ တစ်စုံတစ်ခုအတွက် မျှော်လင့်ချက်ပျောက်ဆုံးနေတတ်ပါသည်။

........................................................................

# ၃၀ ကျွန်တော်နှင့်မြို့ရှုခင်းမြင်ကွင်းများ

မြို့လယ်တွင်ကား ထရံကာခနိမ့်မိုးဖြင့် ခရိုးခရိုင် လက်ဖက်ရည်ဆိုင် ကလေးရှိပါသည်။

ကျွန်တော်သည် တစ်ခါတစ်ခါတွင် လက်ဖက်ရည်ဆိုင်လေး၌ တစ်ယောက်တည်းထိုင်ရင်း ကျွန်တော့်ဘဝ၏ အဆင်မပြေမှုများကို ပြန်လည် စဉ်းစားနေဖူးပါသည်။

ချိုကျလက်ဖက်ရည်တစ်ခွက်ကို အဖော်ပြုရင်း ဆိုင်ရှေ့မှဖြတ်လျှောက် သွားသော သူငယ်ချင်းတစ်ဦးဦးကို တွေ့ရလျှင် ဝမ်းသာအားရ လှမ်းအော် ဖြစ်သေးသည်။

ထိုလက်ဖက်ရည်ဆိုင်လေးတွင် ညဥ့်နက်သည်အထိ ထိုင်ပြီး လူခြေ တိတ်မှ အိမ်ပြန်သည်။

အပြန်လမ်းတွင် သင်းပျံ့သောညဥ့်လေမှ လွမ်းမြဆွတ်ရှိဖွယ်ကောင်းသော စပယ်ရနံ့တို့ကို ရှုရှိုက်ရင်း နှုတ်ဖျားမှလည်း လူငယ်သီချင်းတစ်ပုဒ်ကို ဆိုညည်း လာတတ်ပါသည်။

ဤမြို့လေးတွင် ကျွန်တော်သည် ကျောင်းသားတစ်ဦးလည်း ဖြစ်ခဲ့၏။

ကျောင်းမှ ဝဖိုင့်ဖိုင့်ကျောင်းသူတစ်ဦးကို ကျွန်တော်က ပိန်ဆေး တစ်ပုလင်း အတင်းလိုက်ပေးခဲ့ဖူး၏။ ထိုကျောင်းသူက ဆရာမကိုသွားတိုင် သဖြင့် ရုံးခန်းထဲတွင် ကျွန်တော်ဒဏ်ပေးခံရသည်။

အပြန်တွင် ကျွန်တော်က ရုံးခန်းထဲမှ အလှစိုက်နှင်းဆီပန်းအိုးကြီးကို ခိုးလာခဲ့၏။

................................................................................

http://www.cherrythitsar.org



ထို့ကြောင့် ညနေတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမအချို့ ကျွန်တော့် အိမ်သို့ အောင့်သက်သက်ဖြင့် လိုက်လာခဲ့ဖူး၏။

ကျွန်တော့်ဘဝ၏ ဆိုးမှုဆိုးရာအစိတ်အပိုင်းများသည် ဤမြို့လေး အတွက် ခပ်ပါးပါးဖြစ်နေခဲ့ဖူးပါသည်။

ထို့အတွက်လည်း တစ်ခါတစ်ခါတော့ ကျွန်တော်စိတ်မကောင်း ဖြစ်ရ ပါသည်။

မြို့ကလေး၏ အုပ်အုပ်ပျပျမှောင်နေသော ကုံကော်ပင်စုများအောက် ဝယ် ကျူရှင်မှပြန်လာသော လူငယ်လေးနှစ်ဖွဲ့ ရန်ဖြစ်ကြ၏။

လူငယ်တစ်ယောက်က လွယ်အိပ်ဖြင့်ရိုက်၍ လူငယ်တစ်ယောက် ခေါင်းကွဲသွားသည်။ ထိုရိုက်လိုက်သောသူ လူငယ်မှာ ကျွန်တော်ဖြစ်ပြီး ကျွန်တော့်လွယ်အိပ်ထဲတွင် အုတ်ခဲကြီးထည့်ထားသောကြောင့် တစ်ဖက်သူ ခေါင်းကွဲသွားခြင်းဖြစ်သည်။

သူက ဦးခေါင်းမှယိုစီးကျလာသောသွေးများကို လက်ဖြင့်သပ်ရင်း ‘မင်းကို ငါတစ်သက်လုံးမကျေဘူး’ ဟု ပြောသွား၏။

ထိုသို့ဖြင့် ဆယ်တန်းစာမေးပွဲကို ကျွန်တော်ကျဆုံးသွားပါသည်။

ကျွန်တော် အိမ်မပြန်ရဲတော့ပါ။

ကျောင်းကြီးတံခါးဝတွင် ဝေသီစွာရပ်စဉ်းစားရင်း သည်းစွာရွာသော မိုးစက်များအောက်၌ ဆို့လှိုက်နာကျင်ခဲ့ရဖူးပါသည်။

ထိုနေ့ ညနေဘက်မှာ မြို့ကလေး၏တစ်ဆူတည်းသော စေတီကလေး၌

http://www.cherrythitsar.org



ကျွန်တော်ဝပ်တွားရှိခိုးခဲ့ပါသည်။

ကိုယ့်ဘဝနှင့်မဆီလျော်သော ဆုတောင်းအချို့ကိုလည်း မဝံ့မရဲ တောင်းခံမိသေး၏။

ဘုရားမှအပြန်တွင် ခရေပင်လမ်းထောင့်၌ ဖြူနုနုကောင်မလေး တစ်ယောက်က ကျွန်တော့်ကို စကားများစွာပြောခဲ့သည်။

ထို့နောက်မှ 'နင့်ကိုမုန်းတယ်' ဟုဆိုကာ မျက်ရည်တဝဲဝဲနှင့် လှည့်ပြန်၏။ ကျွန်တော်က ခေါင်းငုံ့အားငယ်စွာ သူ့ကိုပြန်လိုက်ပို့သော်လည်း တစ်ဦးနှင့်တစ်ဦး ဘာစကားမှ မပြောဖြစ်တော့ဘဲ အပြန်လမ်းတစ်လျောက်လုံး မုန်းစရာကောင်းလောက်အောင် တိတ်ဆိတ်နေခဲ့၏။

ခရေလမ်းမှ လွင့်မျောနေသော ဆံနွယ်စများသည် ကျွန်တော့်ဘဝတွင် လွမ်းချင်းကဗျာနှယ် နှောင်တွယ်ခဲ့ပါတော့သည်။

ထိုညနေမှစ၍ ကျွန်တော်တစ်ယောက် ဤမြို့ကလေးမှ တိတ်ဆိတ်စွာ ပျောက်ကွယ်သွားခဲ့သည်မှာ ယခုဆို ခြောက်နှစ်ပင် ကျော်လာခဲ့ပြီဖြစ်ပါသည်။

ယခု ဤမြို့ကလေးကို ပြန်လည်ရောက်ရှိလာသောအခါ ကျွန်တော့်ရင်ထဲမှာ နူးညံ့နွေးထွေးနေပါသည်။

မြို့အဝင်ကျောက်တိုင်ကြီးက 'လှိုက်လှဲစွာ ကြိုဆိုပါ၏'ဟု ရေးထိုးထားသော်လည်း အရာအားလုံးကို မယုံကြည်နိုင်သေးပါ။

ဤမြို့ကလေး၌ ကျွန်တော့်ကို ချစ်သူများရှိသလို မုန်းသူများလည်း

http://www.cherrythitsar.org



ရှိပါလိမ့်မည်။

ကျွန်တော့်ခရီးဆောင်အိတ်ထဲမှ ဆယ်တန်းအောင်လက်မှတ်၊ တက္ကသိုလ်ဒုတိယနှစ် ကျောင်းထွက်လက်မှတ်၊ ဂျက်လန်ဒန်၏ ဝတ္ထုတိုပေါင်းချုပ်စာအုပ်၊ ဆုတံဆိပ်တစ်ခုနှင့် မီးရထားလက်မှတ်တစ်စောင်တို့ ရှိပါသည်။

မြို့ကလေးနှင့်ကျွန်တော့်အကြားမှ စိမ်းဖြူဖြူငါပါးလေးတစ်ခု ခြားနေသလို ခံစားနေရတုန်းပဲ ဖြစ်ပါသည်။

ရပ်တန့်စဉ်းစားနေသော ကျွန်တော့်ကို ဖြတ်ကျော်ကာ ခရီးသည်အပြည့်တင်ထားသော အဝေးပြေးကားနှစ်စီးက မြို့ကလေးထဲသို့ အရှိန်အဟုန်မပျက်မောင်းနှင်ဝင်ရောက်သွားပါသည်။ ထိုကားများကို ငေးမောကြည့်ရင်း ဦးခေါင်းကိုဖြည်းညင်းစွာ ခါယမ်းနေမိ၏။

လူ့ဘောင်အဝန်းအဝိုင်းတစ်ခုအတွင်းသို့ ဤသို့အလွယ်တကူ ဝင်ရောက်သွား၍ရသည်ဟု ကျွန်တော်မယူဆမိပါ။

ယူဆသူများ သွားနှင့်ကြပါဦး။

ကျွန်တော်ကတော့ နေရာမှာပဲ ခဏနေခဲ့ပါဦးမည်။

'ဟေးကောင်ကြီး ငါ့ကို ကူညီပါဦးကွ'ဟု ကျွန်တော်က ကျောက်တိုင်ကြီးကို ချစ်ခင်ရင်နှီးစွာ လှမ်းပြောလိုက်ပါသည်။

ကျောက်တိုင်ကြီးနှင့် ယှဉ်ရပ်ရင်း အဝေးဆီမှ ရထားဥသြဆွဲသံကို သဲ့သဲ့လေးကြားနေရ၏။

.................................................................................

# ၃၄ ကျွန်တော်နှင့်ကြွေးရှင်းမောင်ကျော

ကောင်းကင်ပေါ်သို့ မော့ကြည့်သောအခါ လေနှင်ရာလွင့်ပါနေသော တိမ်ဖြူများက ကျွန်တော့်ကို နားလည်မှုရှိစွာ ငုံ့ကြည့်သွားကြလေသည်။

✤✤✤

၊

လူနှင့်နွေ့ရာသီဂီတ

................................................................................

(၁)

စကားပြောမည့်ဟန်ပြုပြီးမှ မပြောသေးဘဲ သူ့လက်ထဲမှ ဝီစကီခွက်ကို မျှင်း၍သောက်၏။

ထိုနောက်မှ ခွက်ကို စားပွဲပေါ်သို့ အသံမမြည်အောင် ပြန်ချကာ ဤရက်ပိုင်းများအတွင်းဝယ် သူ မကြာမကြာပြောနေကျဖြစ်သော (ယခင်က ပြောလေ့ပြောထ လုံးဝမရှိသော)စကားတစ်ခွန်းကို ဆို၏။

လူဟာ လှလှပပသေတတ်ဖို့ လိုတယ်ဗျာ။ **Beauty in death** ဆိုတဲ့စကားလေးကို ခင်ဗျားကြားဖူးတယ်မို့လား။ ကျွန်တော်တို့ဟာ သေခြင်းကို

http://www.cherrythitsar.org



လှလှပပရင်ဆိုင်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်သင့်တယ်’

မျက်နှာကျက်မှ ပန်ကာအိုကြီး၏ တုန်ရီနွေးကွေးစွာလည်ပတ်နေမှုက နွေနေ့လယ်ခင်းကို ပို၍ ငြီးငွေ့စိတ်ပျက်ဖွယ်ရာဖြစ်စေတော့သည်။

စတင် ကြားရစကတည်းက ဘာမှတုန့်ပြန်ပြောဆိုမှုမပြုခဲ့မိသောသူ့စကားအတွက် ယခုအချိန်မှာတော့ ကျွန်တော် ဘာကိုမှ စောဒကတက်မနေတော့ပါ။ ဖန်ခွက်ပတ်လည်တွင် ဝန်းခိုတွဲအိနေသော ရေခဲငွေ့မှုန်များကိုသာ စစ်ရှုံးပြီးပြိုကျလာသော ရေခဲတောင်ကြီးများပမာ ငေးမောစိုက်ကြည့်နေလိုက်၏။

ဆိုင်ပြတင်းမှတစ်ဆင့် ဟိုဟိုဒီဒီလှမ်းမျှော်ကြည့်လျှင် နေရောင်ဖြင့် စိုရွှဲနေသော သစ်ပင်ကားကားကြီးများကို မြင်နေရသည်။ ကြည့်နူးစရာ သိပ်မကောင်းလှ။ လက်ထဲမှဖန်ခွက်ကို ပြန်ချလိုက်သည်။

သူနှင့်ပတ်သက်သောအကြောင်းအရာများက မစဉ်းစားရပါပဲ ခေါင်းထဲမှာ အညီအညာ ပေါ်လွင်လာ၏။

သူနှင့်ကျွန်တော် သိပ်ခင်ကြသည်ဆိုသော အချက်က ဘာအကြောင်းပြချက်မှမလိုလှဘဲ မြဲမတ်ခိုင်မာနေသည်။

နှစ်ကိုယ့်တစ်စိတ်၊ နှစ်ယောက်တစ်အိပ်မက်ဟု ပြော၍ရလောက်အောင် သူရယ် ကျွန်တော်ရယ် အတွဲညီခဲ့ကြ၏။

ကျွန်တော်တို့နှစ်ယောက်စလုံး ဂျပန်ရုပ်ရှင်ကားတွေကို ကြိုက်လေ့ရှိသလို၊ ခရီးထွက်ရတာကိုလည်း သဘောကျတတ်ကြ၏။ ဝီစကီအရက်ခပ်ပြင်းပြင်းကို စွဲလမ်းနှစ်ခြိုက်ရာမှာလည်း တူညီနေပြန်သည်။

# ၃၈ ကျွန်တော်နှင့်ငြှေးသွန်းမင်းကျေးမှု

ဤမြို့ကလေးတွင် သူနှင့်ကျွန်တော်သည် အတွဲအများဆုံး မိတ်ဆွေနှစ်ယောက်ဖြစ်ခဲ့၏။

သူ့ကို ကျွန်တော်ကနားမလည်တာရှိသည်ဟုဆိုမိလျှင် အချို့သူများက ယုံကြည်လိမ့်မည်မဟုတ်။

ကျွန်တော်ကလည်း သူ့ကိုနားမလည်တာ တစ်ချက်တည်းရှိပြီး ထိုအချက်ကလည်း ယခုသူပြောသွားသောစကားပင် ဖြစ်လေသည်။

လှပစွာသေဆုံးခြင်း. . .

ထိုစကားကို သူပြောတိုင်းမှာ သာမန်မဟုတ်သော အရိပ်ငွေ့တစ်ချို့ဝေ့ဝဲလွန့်လူးနေသည်ဟု ကျွန်တော်ခံစားမိသည်။ သူ့အမူအရာများကလည်း ခါတိုင်းနှင့်မတူဘဲ တစ်မျိုးဖြစ်နေသည်။

သူ့မှာ အကြောင်းတစ်ခုခု ရှိနိုင်ပါ၏။

သူ မပြော၍ ကျွန်တော်မမေးဘဲ နေမိခြင်းသည် တစ်ခုခုလွဲချော်နေပြီလားဟု ကျွန်တော်စဉ်းစားဆဲ. . .

'ခွမ်း'

ထိုဖန်ခွက်ကွဲသံထဲမှာပဲ လျှို့ဝှက်ချက်၏ တစ်စိတ်တစ်ပိုင်းကို ကျွန်တော် သိလိုက်ရပါတော့သည်။

ကျွန်တော်တို့နံဘေးစားပွဲမှ လူတစ်ယောက်ဖန်ခွက်လွတ်ကျပြီ ကွဲသွားခြင်းဖြစ်ပါသည်။

ထိုသို့သောကိစ္စသည် စားသောက်ဆိုင်များတွင် ဆန်းလေ့ ဆန်းထ

မရှိပါ။

သို့သော် သူက လန့်ဖျပ်ကာ မတ်တပ်ရပ်ပြီးမှ ကြွေပြန်ဆယ်၏။ 'ဟက်' ခနဲရယ်ပြီး 'ကျွန်တော်က ကျဉ်ဆန်မှန်တာလားလို့. . '

ကျွန်တော်က ဘာမှ ပြန်မပြောသောအခါ သူက သက်ပြင်းတစ်ချက်ချ ရင်း သူ့စကားကို ဆက်ဆိုလေသည်။

'ကျွန်တော်က. . . . . . . . . . . . . . .'

နောက်ပိုင်းစကားလုံးတွေ တိုးငြိမ်သွား၏။

'ကျဉ်ဆန်တစ်တောင့်ကို. . . စောင့်နေတာပါ. . . '

✤✤✤

(၂)

အကြောင်းတိုက်ဆိုင်၍ ထိုကိစ္စကို ပြောပြမိသည့်အခါတိုင်းမှာ သူငယ်ချင်းအားလုံးသည် မျက်လုံးအဝိုင်းသားနှင့် စိတ်ဝင်တစားနားထောင်နေတတ်ပြီး၊ သိပ်မထူးခြားလှပါဟု ထင်မြင်သူကပင်လျှင် ဤဖြစ်ရပ် သိပ်မရိုးစင်းလှဟု ထပ်ဆင့်ထင်မိသဖြင့် ရေငုံနှုတ်ဆိတ်ပြီးသာ နားထောင်နေတတ်သည်။

'နောက်ပိုင်းရက်တွေမှာလည်း အဲဒီလိုပဲ။

သူ့ဆီ ကျဉ်ဆံတစ်တောင့် ရောက်လာမယ်ဆိုတဲ့အသိနဲ့ သူစောင့်နေတော့တာပဲ. . .

.................................................................................

http://www.cherrythitsar.org



'ဘာဖြစ်လို့လဲ. . အဲဒါ ဘယ်လိုဖြစ်တာလဲ'

ဝေဝေဝါးဝါးပင် ကျွန်တော်ပြုံးလိုက်မိ၏။

နံရံဆီငေးကြည့်ရင်း နှုတ်ခမ်းကိုလည်း ဖွဖွကိုက်ထားမိသေးသည်။

တကယ်တော့ ကျွန်တော်မပါဘဲ ရုပ်ရှင်သွားကြည့်သည်ဆိုတာ သူ့အတွက် အတော်ရှားပါးလှပါသည်။

ကျွန်တော်တို့နားမလည်နိုင်မိသော ဤဖြစ်ရပ်ကလည်း ကျွန်တော်မပါဘဲ သူတစ်ယောက်တည်း သွားကြည့်သောရုပ်ရှင်ပွဲတစ်ခုမှ စတင်ခဲ့ခြင်းဖြစ်၏။

ထိုရုပ်ရှင်ကားနာမည်ကို သူမမှတ်မိတော့ဟု ကျွန်တော်သိရသည်။

သူမှတ်မိသည်က နှင်းဆီဖူးလေးတစ်ခုက 'ဖန်း' ခနဲမြည်ဟည်းပြီး နှင်းဆီပွင့်အဖြစ် ပြောင်းလဲသွားခြင်းကိုဖြစ်သည်။ နှင်းဆီဖူးကလေးပွင့်ထွက်သည့် ထို'ဖန်း'ခနဲမြည်သံကို သေနတ်သံဟု သူခံစားလိုက်ရသည်။ နှင်းဆီပန်းကလေးပွင့်ထွက်လာစဉ် ပန်းဖူးထဲမှ ကျည်ဆံတစ်တောင့်က သူ့ရင်ဘတ်ဆီ 'ဝီ'ခနဲ တိုးဝင်လာသည်ဟု သူသိလိုက်၏။

ထိုခဏမှာ သူအသက်မဲ့သလို ဖြစ်သွားရ၏။

အသက်ရှူရပ်မိသည်နှင့်အမျှ ဝိညာဉ်လည်း လွင့်ကျွတ်ထွက်သွားသည်။

ပတ်ဝန်းကျင်တစ်ခုသည် လုံးဝတိတ်ဆိတ်. . ။

ရထားဘီးက သံလမ်းကို မီးပွင့်အောင်ပွတ်ကြိတ်လိုက်သည့်နှယ် သူ့စိတ်တွေ တကျွီကျွီအသံမြည်ပြီးမှ ငြိမ်ကျသွားသည်။

.............................................................................

သူ အိမ်ပြန်လာခဲ့သည်။

အရာရာကိုစိတ်မပါဘဲလျှက် အရာပေါင်းများစွာကိုကျောပေးပြီး သူ အိမ်ပြန်လာခဲ့ရသည်။

ရထားကြီးတစ်စင်းက သူနောက်မှ ဥသြဆွဲပြီး ပြေးလိုက်လာသလို ချောက်ချား၏။

သူ့ခြေအစုံကို ရပ်လိုက်မိ၏။

ဖြည်းဖြည်းချင်းပြန်လှော်က်၏။

ကျည်ဆံတစ်တောင့်က သူ့နောက်မှ (အေးအေးဆေးဆေး) ပျံသန်း လိုက်လာပါသည်ဟု သူသိလိုက်လေသည်။

'သူ ငါတို့မြို့မှာ ကျန်ခဲ့တယ်။ သိပ်စိတ်ဝင်စားရင်တော့ ဒီတစ်ခါ ငါပြန်ရင် လိုက်ခဲ့ကြပေါ့။ သူ့ကိုတွေ့မှာပေါ့။ အခုထိ သူဟာ သူ့ဆီလာမယ့် ကျည်ဆံကို စောင့်နေတုန်းပဲ'

ညနေသည် မြူတစ်ချို့ကို ရွှေရောင်ဝင်းစေသည်။

မည်သူသီဆိုနေမှန်းမသိသော ဘဝသံသရာသီချင်းကိုလည်း ခပ်လှမ်း လှမ်းမှ တိုးသဲ့စွာ ကြားနေရ၏။

ကျွန်တော်တို့အားလုံး အတန်ကြာ ငြိမ်သက်နေမိပြီးမှ ကျွန်တော် တစ်ယောက်တည်းပြောသလို ရေရွတ်မိပြန်သည်။

'လှလှပပသေဆုံးသွားတာဟာ လှလှပပရှင်သန်ခဲ့တာပဲဖြစ်မှာပေါ့ ဒါဟာ. . .'

..............................................................................

မျိုးကျော်စာပေ

http://www.cherrythitsar.org

## (၃)

သူ၊ ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းတစ်ယောက်တို့ လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်မှာ ဆုံစည်းမိကြပါသည်။ သူ့ဘာသာ စားပွဲတစ်လုံးမှာ တစ်ယောက်တည်းထိုင်နေရင်းက မမျှော်လင့်ဘဲ ကျွန်တော့်ကိုတွေ့လိုက်ရသဖြင့် သူဝမ်းသာသွားပုံရလေသည်။ အင်္ဂလိပ်ဝတ္ထုစာသားတစ်ပုဒ်ထဲကအတိုင်း

‘နွေရာသီကတော့ ပျံလွှားတွေနဲ့အတူ ခင်ဗျားကိုပါ ယူလာတာကိုး’

ဟု အင်္ဂလိပ်လို လှမ်းပြော၏။

ကျွန်တော်တို့ ထွေရာလေးပါးစကားတွေကို ရယ်ကာမောကာ ထိုင်

.......................................................................

ပြောဖြစ်ကြ၏။

ကျွန်တော်နှင့်သူ နောက်ပြောင်ပြောဆိုနေသမျှကို ကျွန်တော့်သူငယ်ချင်းက နံဘေးမှာ အကဲခပ်နေသည်။

(သူ့ကို အကဲခတ်ခြင်းသာ ဖြစ်လေသည်)

သူက နှစ်လိုဖွယ်ရာကောင်းလောက်အောင် လန်းဆန်းတက်ကြွနေသည်။

တစ်ချက်တစ်ချက် လက်မှနာရီကိုကြည့်လိုက်၊ ဆိုင်ပေါက်ဝကို လှမ်းကြည့်လိုက်နှင့် တစ်စုံတစ်ရာကို စောင့်မျှော်ဟန်လည်းရှိ၍ ကျွန်တော်က မေးလိုက်မိသည်။

'ခင်ဗျားက ဘာကိုမျှော်နေတာလဲ'

ထိုအခါ သူကကျွန်တော့်ကို အပြစ်တင်သလိုကြည့်ရင်း. . .

'ခင်ဗျားသိရက်သားနဲ့ဗျာ. . .'

'ဘာလဲ. . . ဘာကိုသိရမှာလဲ. . .'

သူက သူ့အကြည့်ကို ကျွန်တော်မျက်နှာဆီမှလွှဲပြီး မသဲမကွဲရယ်ဟန်ပြုသည်။ ခပ်တိုးတိုးလေးဖြင့်. . .

'ကျွန်တော့်ကျည်ဆံကို ကျွန်တော်စောင့်နေတာ. . .'

ပြောပြီးသူက စားပွဲမျက်နှာပြင်ကို ငေးစိုက်ကြည့်နေလိုက်သည်။

ထို့ကြောင့် ကျွန်တော့်သူငယ်ချင်း၏ မျက်နှာအမူအရာပြောင်းလဲမှုကို သူ မရိပ်လိုက်မိပါချေ။ သူငယ်ချင်းက စားပွဲပေါ်သို့ ကက်ဆက်သေးသေးလေး

http://www.cherrythitsar.org



တစ်လုံးကို မသိမသာတင်လိုက်၏။

(သူ့စကားကို အသံဖမ်းရန်ဖြစ်သည်)

'ခင်ဗျားကျည်ဆံကရော လာမှာမို့လို့လားဗျာ'

'လာလိမ့်မယ် အခုလာလိမ့်မယ်. . . '

ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် အံ့ဩသလိုဖြစ်သွားမိကြပြီး သူ့ကိုခပ်စူးစူးကြည့်မိကြသည်။ ကျွန်တော်တို့ကို ပြုံးပြပြီး ကျွန်တော်အငိုက်မိသွားစေမည့် စကားတစ်ခွန်းကို ပြောချလိုက်သည်။

'ပြောရင်းဆိုရင်းကို လာနေပြီ. . အခုဆိုင်ထဲဝင်လာသူဟာ ကျွန်တော်ဆီလာတဲ့ ကျည်ဆံပဲ. . '

ကျွန်တော်တို့စကားဝိုင်းကလေး အုံ့မှိုင်းတိတ်ဆိတ်သွား၏။ စိတ်ထဲမှာလည်း ယမ်းခိုးရနံ့တွေ ရှူလိုက်ရသလို ခံစားလိုက်ရသည်။

ဆိုင်ထဲဝင်လာသူကလည်း အခြားစားပွဲလွတ်တွေရှိလျှက်နှင့် ကျွန်တော်တို့စားပွဲကိုမှ တည့်တည့်လျှောက်လာနေလေသည်။

ငယ်ရွယ်လှပသော မိန်းကလေးတစ်ယောက်ဖြစ်နေသည်။

ထူးခြားသောအချက်တစ်ချက်ဖြစ်နေ၏။

သူမ ကျွန်တော်တို့ဆီလျှောက်လာပုံက နှင်းဆီပန်းလေးတစ်ပွင့်လမ်းလျှောက်လာသလိုပင် သိမ်မွေ့နေသည်။

(ကျည်ဆံတစ်တောင့် ပျံသန်းလာသလိုလည်း ပြင်းထန်လေသည်)

သူမက ကျွန်တော်တို့ကို အကဲခပ်သလိုဝေ့ကြည့်ရင်း သူ့ရှေ့ မျက်နှာ

ချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။

‘ရောက်နေတာ ကြာပြီလား’

ဟု ဘယ်သူကိုမှ မကြည့်ဘဲ ပိုင်နိုင်ရဲရင့်စွာ မေး၏။

‘မကြာသေးပါဘူး’

ဟု တိုးညှင်းတုံ့ဆိုင်းစွာ သူဖြေလေသည်။

ထို့နောက် သူနှင့်သူမတို့ စကားတိုးတိုးပြောကြလေသည်။

ဂစ်တာကြိုးတစ်ချောင်းဝယ်ရန်၊ ကလေးအချို့ကို စာသင်ပေးရန်၊ ပန်းအလှပြပွဲတစ်ခုကို သွားကြည့်ရန်. . .

စသော သိပ်အရေးမကြီးလှသည့် ကိစ္စများဖြစ်ပြီး ထိုကိစ္စများအားလုံးကလည်း အင်မတန်အရေးကြီးနေသယောင်ပင် သူတို့နှစ်ယောက်အကြားမှာ စုန်ဆန်လူးလာနေသည်။

သူ့ကိုကျွန်တော်တွေ့မြင်နေရသည်ကလည်း မည်သည့်အခါကနှင့်မှ မတူအောင် နူးညံ့ယဉ်ကျေးနေပေသည်။

ကျွန်တော်တို့ ရှုရှိုက်မိသောယမ်းခိုးရနံ့က ချိုရီသောနှင်းဆီရနံ့အဖြစ် ပြောင်းလဲကာ ကျွန်တော်တို့အားလုံးအပေါ် စိမ့်ယိုပျံ့စီးကျနေ၏။

သူငယ်ချင်းက သက်ပြင်းတစ်ချက်ချရင်း စားပွဲပေါ်မှ ကက်ဆက်ကလေးအပေါ် လက်တင်လိုက်၏။

ကက်ဆက်ထဲမှ သာယာသောဂီတသံများ ထွက်ပေါ်လာပြီး နွေရာသီသည် ဂီတနှင့်အတူ သူနှင့်သူမတို့အပေါ်သို့ ကျသွားသည်။

.................................................................................

http://www.cherrythitsar.org



ကျွန်တော်တို့ ငေးကြည့်နေရလေသည်။

အတန်ကြာမှ ကျွန်တော်ကသူ့ကို စကားဆိုမိပြန်သည်။

'ခင်ဗျားနဲ့ကျွန်တော် ခရီးမထွက်ဖြစ်တာ အတော်ကြာပြီနော်'

'အင်း . . ဟုတ်တယ် အားလဲမအားပါဘူးဗျာ'

ဘာ့ကြောင့်ရယ်တော့ မသိချေ။ သူက သူ့ကို ကျွန်တော် ခရီးထွက်ဖို့ ခေါ်မှာကို စိုးရွံ့နေဟန်ရှိလေသည်။ တစ်ခါမှ ထိုသို့ မကြုံဖူးသဖြင့် ကျွန်တော့်မှာ အထူးအဆန်းသဖွယ် ဖြစ်ရပါသေးသည်။

'ခု . . . ဂျပန်ကားသစ် ရုံတင်နေတယ် သွားကြည့်ကြရအောင် . . '

'ကျွန်တော်ကြည့်ပြီးပြီဗျ၊ သူနဲ့ပေါ့ . . . '

သူ့ကျည်ဆံကလေးကို မေးဆတ်ပြပြီး ပြန်ဖြေခြင်းဖြစ်သည်။

ကျွန်တော့်မှာ ခေါင်းညိတ်လက်လျှော့ရုံမှတစ်ပါး အခြားဘာကိုမှ မတတ်နိုင်ခဲ့။

နောက်ဆုံးအနေနှင့်သာ . . .

'ကျွန်တော့်မှာ ဝီစကီအပြင်းစားတွေလဲ ပါတယ် . . . '

သူ စိတ်ဝင်စားသွားလေသည်။

'ဟင် . . ဟုတ်လား . . ဘာတွေ . . '

သူ့စကားမဆုံးခင်မှာ သူ့ ကျည်ဆံလေးထံမှ သတိပေးချောင်းဆိုးသံလေး တဟွတ်ဟွတ်ထွက်လာ၏။

သူက ပြောလက်စ စကားကို ပြန်ပြောင်းကာ . .

http://www.cherrythitsar.org



'မသောက်တော့ပါဘူး. . အရက်ကတော့ မသောက်တာပဲကောင်းပါတယ်။ ဘီယာလောက်ပဲ. . .'

ဤတစ်ကြိမ်မှာလည်း သူ့စကားက မဆုံးလိုက်ပြန်ပါ။ မအောင့်နိုင်သော ကျွန်တော်နှင့်သူငယ်ချင်းဖြစ်သူတို့က ဝါးခနဲရယ်လိုက်မိသောကြောင့်ဖြစ်သည်။ ကျည်ဆံလေးကို တစ်ချက်ခိုးကြည့်ပြီးမှ သူကလည်း ကျွန်တော်တို့နှင့်အတူ လိုက်ရယ်ရှာသည်။

ခဏအကြာမှာ ကျွန်တော်တို့စားပွဲပေါ် သို့ဘီယာပုလင်းများ ရောက်နေပြီဖြစ်၏။

သူ၊ ကျွန်တော်နှင့်သူငယ်ချင်းတို့ ဘီယာခွက်များ ဆန့်မြှောက်လိုက်ကြသည်။

ထို့နောက် တိုင်ပင်မထားသော စကားတစ်ခွန်းသည် သုံးယောက်၏နှုတ်ဖျားမှ ညီတူညာတူ ထွက်ကျသွား၏။

**' Beauty in death '**

ကျွန်တော်တို့ ရယ်လိုက်မိပြန်သည်။

ဤတစ်ကြိမ်မှာတော့ သူ့ကျည်ဆံကလေး၏ ရယ်သံလွင်လွင်ကလေးကပါ ရောရောနှောနှောပါဝင်လာပြီဖြစ်၍ နွေရာသီကလည်း ကြည်နူးချမ်းမြေ့ဖွယ်ရာ ဖြစ်လာသည်။

http://www.cherrythitsar.org



နွေရာသီသည်လည်းကောင်း. . .

ဂီတသည်လည်းကောင်း. . .

သူနှင့် သူမအကြောင်းကို

များစွာပြောပြလိမ့်ဦးမည်ဟု

ယူဆရလေသည်။

❖❖❖

http://www.cherrythitsar.org

http://www.cherrythitsar.org

# ကျွန်တော်နှင့်အိပ်မက်ကလေး

..........................................................................

မျိုးကျော်စာပေ

'အင်း. . ငါတို့တွေလဲ စကြာဝဠာထဲက ကြယ်တွေလိုပဲ'

တစ်ညသ၌ တစ်ကိုယ်တည်းအိပ်မရဘဲ နိုးထကာ ရှင်းနက်သော ကောင်းကင်ကြီးကိုမော့ကြည့်ပြီး **A** သည် တီးတိုးရွတ်ဆိုမိလေသည်။

ကျန်သောအက္ခရာများကို စောင်းငဲ့ကြည့်သောအခါ အားလုံးလိုလို အိပ်ပျော်နေသည်ဟု ထင်ရ၏။

အိပ်မပျော်သောညမို့ လူးလိမ့်ကာ ရင်ထဲမှာ အတွေးထူးတစ်ချို့ လင်းလက်လာသည်။

'အင်္ဂလိပ်အက္ခရာတွေထဲမှာတော့ ငါဟာနံပါတ်(၁)ပဲ။ ဖဲကစားမှု ပညာမှာလဲ **A**ဖဲကို များသောအားဖြင့် (၁)လို့ ယူဆရတယ်။ အဓိပ္ပာယ်အား

.......................................................................

http://www.cherrythitsar.org



ဖြင့်လဲ **A**ကို တစ်ခု၊ တစ်ကောင်၊ တစ်ယောက်လို့ သတ်မှတ်ကြတယ်။ ငါဟာ နံပါတ်(၁)၊ ငါဟာ(၁) အင်း. . . '

ကျန်သောအက္ခရာများကိုပါ ထည့်သွင်းစဉ်းစားမိပြီး အတွေးစကို နောက်တစ်ဆင့် တက်လာသည်။

'ငါက (၁)ဆို ကျန်တဲ့ကောင်တွေက ဘာတွေလဲ. . (၂)တွေ၊ (၃)တွေလား. . ဒါမှမဟုတ် ဘာတွေလဲ. . ငါတို့အားလုံးပေါင်းလိုက်ရင် ဘာဖြစ်မလဲ. ငါတို့တွေရဲ့အဆုံးသတ်ဟာ ဘယ်လိုလာမလဲ. . '

**A** သည် တွေးရင်းတွေးရင်း သိချင်စိတ်ကို တားဆီးမရသဖြင့် ဘေးမှ **B** ကိုနှိုးကာ သူ့တွေးခေါ်ချက်ကို ပြောပြလေသည်။

**B** က ခပ်ရှင်းရှင်းပင်ပြန်ပြော၏။

'အို. . မင်းက (၁)ဖြစ်တိုင်း ငါ့ကို (၂)မအောက်မေ့ပါနဲ့ကွာ. . ငါလဲ အသေအချာတော့ မပြောနိုင်ဘူး. . ကျန်တဲ့သူတွေ အခြေအနေကိုတော့ မင်းသိချင်ရင် ငါဆက်မေးပေးပါ့မယ်. . '

**B** ကနောက်ပိုင်းတောက်လျှောက် **C.D.E** စသူတို့ကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်မေးမြန်းလေသည်။

သို့သော် ကျေနပ်လောက်သောအဖြေကိုကား ပြတ်ပြတ်သားသားမရခဲ့။ အက္ခရာများအားလုံးလိုလိုပင် ရုတ်ရုတ်သဲသဲဖြင့် နိုးလာကြပြီဖြစ်သည်။ သူတို့အားလုံး **A**၏တွေးဆချက်ကို လက်ဆင့်ကမ်းသယ်ဆောင်ရင်း ဖြည့်စွက်စဉ်းစားကြ၏။ **V**နှင့် **W**က ထိုကိစ္စကို အပြန်အလှန်ဆွေးနွေးရင်း အိပ်ပျော်

.....................................................................................

နေသော Xကို နိူးလေသည်။

'ဟေး. . ဘာဖြစ်လို့လဲ. . ငါခေတ်သစ်သိပ္ပံအိပ်မက်ကြီး မက်နေတယ်ကွ. .

Xကမေးသဖြင့် W ကရှင်းပြသောအခါ Xလည်းနဝေတိမ်တောင်ဖြစ်ရှာသည်။

'မသိဘူးကွာ. . ငါကတော့ အိပ်မက်ထဲမှာ သိပ္ပံပညာ တိုးမြှင့်နေတာပဲ. . 'ဟုပြန်ပြောရင်း Yကိုလှမ်းကြည့်၏

Y ကား ယခုထက်တိုင် မအိပ်ရသေးပေ။ အရက်မူးပြီး ခပ်ထွေထွေဖြစ်နေ၏။ Xက Yကို A ၏တွေးခေါ်ချက်ကို ပြောပြ၏။

Yက. . .

'ငါ ဟိုကောင့်ကို မေးပေးမယ်' ဟုဆိုကာ သူ့နောက်မှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော Zကို နိူးလေသည်။ Zနိုးလာသောအခါ Yကလျှာလေးအာလေးဖြင့် ပြော၏။

'ဟေ့ကောင်ကြီး၊ Aက သိချင်တယ်တဲ့။ သူက (၁)ဖြစ်တာသေချာတဲ့အတွက် ကျန်တဲ့ငါတို့က ဘာတွေလဲတဲ့။ ဒါမှမဟုတ် သူ(၁)ကနေပြီး စလိုက်တာ နောက်ဆုံးမှာ ငါတို့ဘယ်လောက်ဖြစ်သွားသလဲ. . တဲ့. . . '

Z က အိပ်ချင်မူးတူးဖြင့် သူ့ခေါင်းအုံးအောက်မှ အဖြေလွှာကို ထုတ်ပြလေသည်။ စာရွက်ထိပ်တွင် Zဟု အမည်တပ်ထားပြီး စာရွက်ထဲတွင် **Zero** ဟု ရေးထားလေသည်။

........................................................................................

**Y**က ရီဝေဝေဖြင့်ကြည့်ရင်း. . .

'အို ဘာမှမဟုတ်ပါလား'

'ရပါတယ်၊ သုညရပါတယ်၊ အများကြီးပါပဲ တကယ်ပါ'

ပြောပြီးသည်နှင့် **Z**သည် တရှုးရှုး ပြန်အိပ်ပျော်သွားလေတော့သည်။

❖❖❖

၅၆

## ကျွန်တော်နှင့်ငြိမ်းချမ်းမင်းကျော်မှူး

http://www.cherrythitsar.org

# လူနှင့်လေ့လာရေး

..............................................................................

မျိုးကျော်စာပေ

(၁)

သူလို မဖြစ်ချင်လျှင် သူ့ကိုလေ့လာပါ။

သို့သော်. . .

သူ့ကိုလေ့လာရင်း သူလိုလည်း ဖြစ်သွားတတ်၏။

(အမည်မသိ)

http://www.cherrythitsar.org

(၂)

ညဥ့်လေက တသုန်သုန်တိုက်ခတ်နေသည်။

မီးရောင်တလက်လက်နှင့် လှပနေသော မြို့တော်ကို ငုံ့ကြည့်ရင်း လေစီးနှင့်အတူ သူလည်း လိုက်ပါမျောရွေ့နေသည်။

မလှမ်းမကမ်း ကင်းမျှော်စင်ပေါ်မှ သန်းခေါင်လွန် သံချောင်း ခေါက်သံကိုကြားရ၏။ သူ့ခန္ဓာကိုယ်သည် အိမ်ရှိစာကြည့်ခန်းထဲတွင် တင်ပျဉ်ခွေထိုင်ရင်း မလှုပ်မယှက် ကျန်ရစ်နေသည်ဖြစ်ကြောင်း သတိရမိ၏။

(သူက **James M.Mointok** ၏ **Getting out of your Body**

...................................................................................

မျိုးကျော်စာပေ

စာအုပ်ကို ကျော်လွန်အောင်မြင်ထားသူဖြစ်၏။ ရုပ်ခန္ဓာကို ချန်ထားပြီး ဝိညာဉ်ချည်းသက်သက် ခရီးထွက်နိုင်သူဖြစ်လေသည်)

သူက လေ့လာရေးကို အလွန်ဝါသနာပါသူဖြစ်၏။ ဗဟုသုတကိုလည်း အလွန်လိုလားသည်။

ခရီးတစ်ခုထွက်ခြင်းသည် စာအုပ်တစ်ရာဖတ်ခြင်းနှင့် ညီမျှသည်ဟုလည်း ခံယူထားပြန်သည်။

ထိုသို့ဖြင့် လူမအားလျှင် ဝိညာဉ်ဖြင့် ခရီးသွားနိုင်အောင် လေ့ကျင့်ခဲ့ရခြင်းဖြစ်လေသည်။

ထိုကျင့်စဉ်ကို ပေါက်မြောက်အောင်မြင်ခဲ့၍ သူ့ဘဝကို သူကျေနပ်အားရ ဖြစ်မိပါသေးသည်။

ခုဆို . . တာ့ချ်မဟာဂူဗိမာန်ကိုလည်း သူ သွားခဲ့ပြီးပြီ။

နိုင်းလ်မြစ်ပေါ်မှာလည်း ဖြတ်ပျံဖူး၏။

အီဖယ်မျှော်စင်၏ထိပ်ဖျားမှာလည်း သူ ခိုနားဖူးပါပြီ။

ဘာမြူဒါကိုသာ သွားရကောင်းနိုး၊ မသွားရကောင်းနိုး ဖြစ်နေမိ၏။

အဝေးမှ ခွေးအူသံကြားရသည်။

အိမ်ပြန်ရန် သတိရလာသည်။

ရပ်ကွက်ထဲသို့ပြန်အဝင်မှာ ခွေးလေခွေးလွင့်တစ်ကောင်က သူရှိရာကို မသ်ကာသလို လိုက်လံမော့ကြည့်ရင်း မာန်ဖီသည်။

သူ့အိမ်ဆီ ရောက်ပြီ။

........................................................................

စာကြည့်ခန်း၏ပြတင်းဘောင်မှာ တစ်ချက်နားပြီး စာကြည့်ခန်းထဲ လှမ်းကြည့်မိသောအခါ. . .

'ဟင်. .'

သူ အကြီးအကျယ် အံ့သြတုန်လှုပ်သွားရလေသည်။

(၃)

သူ့ခန္ဓာကိုယ်သည် သူထားသည့်အတိုင်း တင်ပျဉ်ခွေထိုင်ပြီး၊ မျက်စိမှိတ်လျှက် မဟုတ်တော့။

သူ့ခန္ဓာကိုယ်သည် စာကြည့်စားပွဲမှာထိုင်ပြီး ကျကျနနပင် စာတစ်အုပ်ကိုဖတ်နေသည်။

'အို. . '

(၄)

အံ့သြခြင်းကြီးစွာနှင့် သူငေးကြည့်နေမိသေးသည်။

ထို့နောက်မှ 'အဖြေ'ကို သူရှာတွေ့လိုက်၏။ ထိတ်ထိတ်ပျာပျာလည်း ဖြစ်မိသည်။

သူ့ရုပ်ခန္ဓာထဲသို့ အခြားဝိညာဉ်တစ်ကောင် ဝင်ရောက်နေခြင်း ဖြစ်လေသည်။

'အောင်မာ ရာရာစစ ဘယ်ကသတ္တဝါလဲ. . '

ဒေါသဖြင့် အခန်းထဲဝင်သွားပြီး. .

..........................................................................

'ဟော့ကောင်. . .'

ထိုသတ္တဝါက သူ့ခန္ဓာကိုယ်ဖြင့် စာထိုင်ဖတ်နေပြီး သူခေါ်သည်ကို ပင် ချက်ချင်းမကြား။

'ဟော့ကောင်. . .'

နောက်တစ်ခေါက်ထပ်ခေါ်မှ ကြား၏။ လှည့်အကြည့်မှာ သူက. . .

'မင်းဘယ်ကကောင်လဲ. . . ဘာကိစ္စ ငါ့ကိုယ်ထဲဝင်နေရတာလဲ. .

ထိုသတ္တဝါ သူ့ကိုမျက်မှောင်ကြုတ်လျက် ပြန်ကြည့်ရင်း. . .

'ဘာလဲ ဘာတွေလာပြောနေတာလဲ. . .'

'ဘာတွေပြောရမှာလဲ. . . မင်းအခု ပြန်ထွက်စမ်း. . .'

'ဘာလို့ထွက်ရမှာလဲ. . .'

'ဘာ. . . ဟော့ကောင် အောင်မာ ထွက်စမ်း၊ ဒါငါ့ကိုယ်ကွ မင်းလို ဘယ်ကမှန်းမသိတဲ့ ကလေကချေကောင်က ဝင်ချင်တိုင်းဝင်လို့ ရမလား. . သွား ခုထွက်. . .'

ထိုသတ္တဝါက သူ့ကိုဂရုမစိုက်သလို စာအုပ်ကိုဆက်ဖတ်ရင်း. . .

'မထွက်ပါဘူး၊ ငါ့ဘာသာ ငါဝင်နေတာ ဘာဖြစ်လဲ. . .'

ဒေါသက အလိပ်လိုက်ထွက်လာသဖြင့် သူအတော်နှင့်ပင် စကားပြန် ပြော၍မရ။ ထို့နောက်မှ. .

'ဒါ ငါ့ကိုယ်ကွ. . . ငါအပြင်ခဏထွက်သွားတာ. . .'

'မင်းက ဘာဖြစ်လို့ ထွက်သွားတာလဲ. . ဘယ်သူမှ မရှိလို့ ငါဝင်နေ

http://www.cherrythitsar.org



တာ ဘာဖြစ်လဲ. . .'

'ရမလားကွ. . မင်းလို ကိုယ်မရှိ ရုပ်မရှိကောင်က. .'

တစ်ဆက်တည်းမှာ သူအမျိုးမျိုး ဆဲရေးတိုင်းထွာလိုက်သည်။

သို့သော် ထိုသတ္တဝါက နာတတ်ပုံ မပေါ်လှ။

သူ့ကိုလည်း သိပ်အရေးမလုပ်ဘဲ စာအုပ်ကိုသာ တစ်ရွက်ချင်း လှန်လှော ဖတ်နေသည်။

သူက ခံပြင်းလှစွာ. . .

'ငါခဏတဖြုတ် လေ့လာရေးထွက်သွားတာ'

'ဘာထွက်သွားတာ'

'လေ့လာရေး၊ လေ့လာရေး၊ လေ့လာရေး ထွက်သွားတာ'

ထိုသတ္တဝါက နှုတ်ခမ်းတွန့်၍မဲ့လိုက်ရင်း. . .

'ဟွန်း. . ဒီလောက်လေ့လာချင်မှတော့ကွာ ညဥ့်ဦးပိုင်းကတည်းက ဒီနားမှာ ငါလျှောက်ပျံနေတာကို မင်းလေ့လာမိဖို့ ကောင်းတယ်. . .'

'ငါက အဝေးကြီး သွားလေ့လာနေတာကွ'

'လုပ်မနေစမ်းပါနဲ့ကွာ. . မင်းဒီလိုထွက်သွားတာနဲ့ ငါဒီလိုဝင်လာလိမ့် မယ်ဆိုတာကို မင်းအစောကြီးကတည်းက လေ့လာဖို့ကောင်းတယ်. .'

သူဘာပြန်ပြောရမည်မှန်းမသိ ဖြစ်နေပြီးမှ. .

'ဟေ့ကောင်. . မင်းထွက်သွားမလား မထွက်ဘူးလား'

'မထွက်ဘူးကွာ'

'ကဲကွာ'

ထိုသတ္တဝါကို သူပြေးထိုးလိုက်၏။ သို့သော်ထိုး၍မရ။ ထိုသတ္တဝါက ရှောင်သည်မဟုတ်ပါဘဲ သူကလည်း ဘယ်လိုမှ ထိုး၍မထိ။ ထိုသတ္တဝါက သူ့ကို အထူးအဆန်းလို ပြန်ကြည့်လေသည်။

ထိုအချိန်မှာပဲ. . .

'ဘယ်အချိန်ရှိပြီလဲ. . မအိပ်သေးဘူးလား. . .'

✣✣✣

(၅)

တံခါးဝမှာ ညဝတ်အင်္ကျီကပိုကရိုနှင့် ခပ်နွဲ့နွဲ့ရပ်နေသည်က သူ့မိန်းမ။ သူ တုန်လှုပ်သွား၏။

'ဟော့. . ဟော့. . အဲဒီကောင်က ငါမဟုတ်ဘူး. . အဲ့ဒါ ဘယ်ကကောင်လဲ မသိဘူး. . ငါကဒီမှာ. . . '

သူအော်သော်လည်း သူမကမကြား၊ သူသွားဆွဲသော်လည်း သူမ အသားက ခံစားရပုံမပေါ်။ သူမက ထိုသတ္တဝါကိုပဲ မျက်လုံးကလေး မှေးစင်း ကြည့်လိုက်ရင်း. . .

................................................................................

http://www.cherrythitsar.org



'ထားတော့. . အဲဒီစာအုပ်ကိုမနက်ကျမှ ဆက်ဖတ်. . ခုအိပ်ဖို့ကောင်းပြီ'

ထိုသတ္တဝါက ပြုံးပြုံးကြီးဖြင့်. . .

'အဟီး. . အင်း. အင်း. . အိပ်ကြတာပေါ့. . အဟဲ'

သူက ထိန်းမရ သိမ်းမရ ဒေါသဖြင့်လှမ်းအော်လိုက်သည်။

'ဟော့ကောင်'

သို့သော် ထိုသတ္တဝါက သူ့ကို လုံးဝအမှုမထား။ သူ့မိန်းမ၏ခါးသိမ်သိမ်ကို သိုင်းဖက်ရင်း အိပ်ခန်းဆီ တွဲထွက်သွားသည်။

'ဟာ'

သူ နောက်ကလိုက်ဆွဲ၏။ သူတို့နှစ်ယောက်ကို ပြန်ခွဲ၏။

'ဟော့ကောင်. . ဒါ ငါ့မိန်းမ. . ဟော့ကောင်. . .'

သူလုပ်သမျှ ဘာမှ အရာမထင်ဖြစ်နေသည်။

သူတို့နှစ်ဦး အိပ်ခန်းထဲလှမ်းအဝင်မှာ. .

'ဟော့ကောင်'

အသံနက်ကြီးဖြင့်အော်လိုက်ရင်း သူပါ လိုက်ဝင်မည်ပြု၏။

ထိုသတ္တဝါက သူ့ကိုလှည့်ကြည့်ပြီး. . .

'ဘာလဲ မင်း လိုက်လေ့လာဦးမလို့လား. .'

သူ ကြောင်သွားသည်။ ထိုအချိန်မှာ သူတို့နှစ်ဦးက အိပ်ခန်းထဲဝင်သွားပြီးအိပ်ခန်းတံခါးကလည်း ချပ်ခနဲပိတ်သွား၏။

'. . . . . . . . . . . . .'

.................................................................................................

http://www.cherrythitsar.org



သူ ဘာလုပ်ရမည်မသိ။

အိပ်ခန်းထဲမှ သူ့မိန်းမ၏ ရယ်သံတစ်ချက်ကို ခပ်တိုးတိုး ကြားလိုက်ရသည်။

သူ မခံမရပ်နိုင်အောင် ဒေါသထွက်လာသည်။

ပူလောင်ပေါက်ကွဲနေသောဒေသကို သူ မထိန်းနိုင်တော့။

သို့သော် သူ ဘာမှလည်း လုပ်၍မရ။

ထို့သို့ဖြင့် သူသည် လေထဲမှာပင် စွေ့စွေ့ခုန်နေရတော့သည်။

❖❖❖

**ဆစ်ရုပ်ကြီး ရုပ်ပေါ်ပြင်းမောင်သို့**

http://www.cherrythitsar.org

# ကျွန်တော်နှင့်အရုပ်ကလေး

ပတ္တလားသံသဲ့သဲ့ ကြားနေရသည်။

ပွဲတော်၏ခေါင်မိုးမှာလည်း မြူဝတ်နှင်းခိုးတွေ အုံ့မှိုင်းလျက်။

ပွဲတော်၏ထောင့်ချိုးတစ်နေရာမှာ ကျွန်တော် ရပ်နေပါသည်။

ဈေးဆိုင်သည် အရုပ်ကလေးများရောင်းသောဆိုင် ဖြစ်ပါသည်။

ဆိုင်ရှင်များက 'လာပါ. . ယူပါ' ဟုမအော်ကြပါ။

သူတို့ဘာသာ ထိုင်နေကြသည်။

ကျွန်တော့်မှာ လာမိသော်လည်း မယူမိပါ။

ကျွန်တော့်ဘာသာ ငေးကြည့်နေမိပါသည်။

ကျွန်တော်ငေးကြည့်နေသောအရုပ်မှာ ယမင်းရုပ်ကလေး ဖြစ်ပါသည်။

..........................................................................

မျိုးကျော်စာပေ

လှသော်လည်း က,မနေပါ။

မကသော်လည်း လှနေပါသည်။

ထိုအရုပ်ကလေးကို ကျွန်တော်လာရောက်ငေးကြည့်နေမိတာ သုံးည ရှိခဲ့ပါပြီ။

ဆိုင်ရှင်များကလည်း ကျွန်တော့်ကို မှတ်မိနေပါပြီ။

သို့သော် သူတို့ရောင်းသောအရုပ်များကို ကလေးတစ်ယောက်က လာရောက်ငေးကြည့်နေခြင်းသည် အဆန်းမဟုတ်နိုင်ပါ။

သူတို့ဘာသာ ထိုင်နေကြပါသည်။

ပွဲသွားပွဲလာများက ကျွန်တော့်ကို ကွေ့ရှောင်သွားကြပါသည်။

အရုပ်ကို ကျွန်တော်ကြည့်နေကြောင်း သူတို့သိပါလိမ့်မည်။

ယမင်းရုပ်ကလေးတစ်ရုပ်ကို ကျွန်တော်ကြည့်နေခြင်းဖြစ်ကြောင်း ကိုတော့ သူတို့မသိပါ။

ဆိုင်ရှင်ကလည်း မသိပါ။

ယမင်းရုပ်ကလေး သိမသိကိုတော့ မတွေးတတ်၊ ကျွန်တော်မသိပါ။

ပတ္တလားသံသဲ့သဲ့ ကြားနေရသည်။

ပတ္တလားရွက်ပေါ် လက်ခတ်သံကျသံ တလက်လက်သည် ကျွန်တော့် ဘဝထဲသို့ တစ်စက်ချင်း စိမ့်ယိုပေါက်ကျခဲ့သည်။

နှင်းမြူများနှင့်ပတ္တလားသံတို့ လူးပေနေသောညသည် လှပဝိုးရီနေ သည်။

# ၇၄ ကျွန်တော်နှင့် [illegible]

အရုပ်ကလေးကို ကျွန်တော်ငေးကြည့်နေမိသည်။

ဆိုင်ရှင်များက ကျွန်တော့်ကို လိုချင်သလားဟု မမေးကြပါ။

ကျွန်တော်လိုချင်ပါသည်။

ဆိုင်ရှင်များက လိုချင်ရင်ပိုင်ဆံစုဟု မပြောသော်လည်း ပြောပါသည်။

ကျွန်တော်မစုပါ။

ထိုသို့ဖြင့် ပွဲတော်၏နောက်ဆုံးညမှာ ကျွန်တော့်အရုပ်ကလေး မရှိတော့ပါ။

ဆိုင်ရှင်များကို ကျွန်တော် ဘာမှမမေးပါ။

ဆိုင်ရှင်များကလည်း ဘာမှမပြောပါ။

သူတို့ဘာသာ ထိုင်နေကြပါသည်။

ကျွန်တော်လှည့်ပြန်လာခဲ့ပါသည်။

ဘကြီးအောင် ညာခြင်းမဟုတ်ပါ။

ဘကြီးအောင်ကိုလည်း ကျွန်တော်မသိ။

အရုပ်ကလေးကိုပဲ ကျွန်တော်သိသည်။

ယခု သူမရှိတော့ပါ။

ကျွန်တော် လှည့်ပြန်လာခဲ့ပါသည်။

ပွဲတော်သည် အပျော်ကို ဖျာလက်မှတ်နှင့် ရောင်းစားရင်း ကျန်ရစ်ခဲ့ပါသည်။

ကျွန်တော် အိမ်ပြန်ရောက်သွားပါသည်။

..............................................................................

**မျိုးကျော်စာပေ**

အရုပ်ကလေး ဘယ်ရောက်သွားမှန်း ကျွန်တော်မသိပါ။

အမေက 'အိပ် . . အိပ်'ဟု ပြော၏။

ကျွန်တော် အိပ်လိုက်ပါသည်။

အိပ်မက်ထဲတွင် အရုပ်ကလေး ပါပါလိမ့်မည်။

သို့သော် ကျွန်တော် အိပ်မက် မမက်ခဲ့။

အမေက 'အိပ် . . အိပ်'ဟုပြော၍ ကျွန်တော်အိပ်လိုက်ခြင်းသာ ဖြစ်ပါသည်။

သူငယ်ချင်းတစ်ယောက်ကို ပြောပြမိသည်။

သူငယ်ချင်းက မရယ်ပါ။

ငိုလည်းမငိုပါ။

သူ့လက်ထဲမှ ဝါးသေနတ်ဖြင့် ဆွဲမွှေပစ်ခတ်ရင်း 'မင်းသေသွားပြီ'ဟု ပြောပါသည်။

ကျွန်တော်သေသွားပါသည်။

သို့သော် အရုပ်ကလေးမသေပါ။

သူငယ်ချင်းကို ကျွန်တော်ပြောပြမိပါသည်။

သူငယ်ချင်းက 'မင်းက ကြိုးနဲ့မချည်ထားပဲ' ဟုပြောပါသည်။

ကြိုးချည်တတ်အောင် ကျွန်တော်ကြိုးစားရပါတော့၏။

တစ်စစဖြင့် ကျွန်တော်ကြီးပြင်းလာပါတော့သည်။

ကျွန်တော်တက်ရသောကျောင်းများတွင် ဆရာ့လက်ဖြင့်တီးသည့်

# ၇၆ ကျွန်တော်နှင့်ကြေးရုပ်ကလေး

ချိုလွင်သာယာသောခေါင်းလောင်းတို့ မရှိတော့ပါ။

ကွန်ကရစ်နံရံတွင်ဝပ်၍ နေရာယူထားသော လျှပ်စစ်ခေါင်းလောင်းများသာ ရှိတော့သည်။

ကျွန်တော်ကြိုးချည်တတ်ပြီဖြစ်သည်။

ထို့ကြောင့် ကျွန်တော့်မှာ အပေါင်းအသင်းများလာပါသည်။

ကျွန်တော် သူတို့နှင့်ပွဲတော်သို့မသွားပါ။

ပွဲတော်က တစ်ယောက်တည်း ကျွန်တော့်ဆီလာပါသည်။

ကျွန်တော့်အပေါင်းအသင်းများသည် လူများဖြစ်ပါသည်။

အရုပ်ကလေးကတော့ အရုပ်ကလေးဖြစ်ပါသည်။

ကျွန်တော့်အပေါင်းအသင်းများနှင့် ကျွန်တော်သည် လူချင်းတူသောကြောင့် လူချင်းမတူကြပါ။

သံတူ ကြောင်းကွဲသူများဖြစ်ပါသည်။

ကျွန်တော်နှင့်အရုပ်ကလေးသည် အသံမတူသဖြင့် အကြောင်းမကွဲပါ။

ကျွန်တော်သည် ကျွန်တော်ဖြစ်၍ အရုပ်ကလေးသည်အရုပ်ကလေးဖြစ်ပြီး တူကား တူကြပါသည်။

အရုပ်ကလေးက ကျွန်တော့်ကို နားလည်ပါလိမ့်မည်။

ထို့ကြောင့် ဆရာကြီးက ကျွန်တော့်ကို နားမလည်ပါ။

ကွန်ကရစ်နံရံမှလျှပ်စစ်ခေါင်းလောင်းသည် ငှက်စုန်းလို တဂီးဂီးအော်၏။

.................................................................................

မျိုးကျော်စာပေ

အချိန်သည် မမြင်ရသောကြိုးများကို ဖန်တီးပါသည်။

ထိုကြိုးများသည် ချည်နှောင်သည်ထက် ချည်နှောင်ကြ၏။

ကျွန်တော်နှင့် အပေါင်းအသင်းအားလုံးသည် လူများဖြစ်ကြပါသည်။

သို့သော် စီးသောဖိနပ်ချင်းမတူ၊ ဝတ်သော ယဉ်ကျေးမှုချင်း မတူပါ။

ကျွန်တော်က နားလည်ပါသည်။

အချိန်သည် မမြင်ရသောကြိုးဖြင့် ကျွန်တော်တို့ကို လိုက်ချည်ပါသည်။

သူ၏လက်ချောင်းများဖြင့် လျှပ်စစ်ခေါင်းလောင်းကို တဂီးဂီးအော်ဟစ်စေ၏။

ဆရာကြီးက ကြိမ်လုံးကို ကြာပွတ်သံထွက်အောင် ဝှေ့ယမ်းနေသည်။

လောကကြီးပေါ် တက်ရပ်ရန် ကျွန်တော့်ကို ခုံနံပါတ်တောင်း၏။

ကျွန်တော်က ချည်ရန်ထက် ဖြည်ရန်ခက်သောကြိုးများအကြောင်း ပြောပြလိုက်ပါသည်။

ကျာပွတ်သည် တဂီးဂီး လှည့်ပတ်ပျံသန်းနေသည်။

ကျွန်တော် သူတို့ကို သတိမရတော့ပါ။

ထို့ကြောင့် အရုပ်ကလေးကို သတိရပါသည်။

ကျွန်တော် ပွဲတော်ကို မသွားပါ။

ထို့ကြောင့် အိမ်ပြန်ရောက်သည်။

အမေက 'အိပ်. . အိပ်' ဟုမပြောတော့ပါ။

သို့သော် ကျွန်တော်အိပ်လိုက်သည်။

http://www.cherrythitsar.org



အချက်ပေးခေါင်းလောင်းသံ ကြားရသည်။

'အိပ်နေသူ. . . ငါမမိဘူးကွ'ဟု ကျာပွတ်ကြီးတစ်ချောင်းက လှမ်းပြောပါသည်။

ကျွန်တော်မိထားသော ပင်လယ်တစ်စင်းအကြောင်း ပြန်မပြောတော့ပါ။

ကျွန်တော့်ကိုယ်ကျွန်တော်က 'အိပ်. . အိပ်'ဟု ပြောလိုက်ပါသည်။

ကျွန်တော် အိပ်ပျော်သွားပါသည်။

ကျွန်တော့်အိပ်မက်ထဲတွင် အရုပ်ကလေး ပါပါလိမ့်မည်။

သို့သော် ကျွန်တော်အိပ်မက် မမက်ခဲ့။

ကျွန်တော် ကျောင်းတက်စရာမလိုတော့ပါ။

ထို့ကြောင့် ကျွန်တော်ခုံပေါ်သို့တက်ပြီး မတ်တပ်ရပ်၏။

လူပေါင်းများစွာနှင့် ကျွန်တော်ထပ်တွေ့သည်။

အားလုံးသည် သံတူကြောင်းကွဲလူများပဲ ဖြစ်၏။

နှာခေါင်းများစွာနှင့် အသက်ရှူနေသူတစ်ယောက်ကိုလည်း တွေ့ဖူး၏။

မပင်ပန်းသော်လည်း ဆင်းရဲလှပါ၏။

(သို့မဟုတ်) မဆင်းရဲသော်လည်း ပင်ပန်းလှပါ၏။

သူနှင့်ကျွန်တော်သည် သံတူကြောင်းကွဲလူပဲ ဖြစ်ပါသည်။

အချိန်သည် သူ၏လက်ချောင်းများဖြင့် ဝီစီကို ရှီးခနဲ ဘီးခနဲ ပေါက်သွားစေသည်။

ဘော်လုံးပွဲ ပြီး၏။

.....................................................................

မျိုးကျော်စာပေ

(ကန်မသွင်းခဲ့သော) ကျွန်တော်ရသည့် ပင်နယ်တီဘောကလေးများကို သတိရသည်။

ကျွန်တော်သည် သူတို့နှင့် သံတူကြောင်းကွဲလူပဲ ဖြစ်သည်။

ထို့ကြောင့် ခုံပေါ်တက်ပြီး မတ်တပ်ရပ်လိုက်ပါသည်။

ကျွန်တော်အိမ်ပြန်သည်။

ထို့ကြောင့် ပွဲတော်သို့ ရောက်သွားပါသည်။

ပွဲတော်သည် လော်စပီကာကိုထမ်းထားရင်း ခါးနာနေသည်။

ပွဲသွားပွဲလာများက ကျွန်တော့်ကို ကွေ့ရှောင်သွားရပါသည်။

ကျွန်တော်က ရပ်နေသူမဟုတ်တော့။

ထို့ကြောင့် ကျွန်တော်ကလည်း သူတို့ကို ကွေ့ရှောင်သွားရပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော် ပွဲတော်သို့ တစ်ခေါက်ပြန်ရောက်လာပါပြီ။

မည်သူကမှ မသိပါ။

အရုပ်ကလေးသိမသိကိုလည်း မတွေးတတ်၊ ကျွန်တော်မသိပါ။

ပတ္တလားသံသဲ့သဲ့ ကြားနေရ၏။

ယဉ်ကျေးမှုတက္ကသိုလ်၏ ခေါင်မိုးမှာလည်း မြူဝတ်နှင်းခိုးတွေအုံ့မှိုင်းလာသလိုပင်။

ကျောင်းတော်၏ ထောင့်ချိုးတစ်နေရာမှာ ကျွန်တော် ရပ်နေပါသည်။

ကျွန်တော်ငေးကြည့်နေသောအရုပ်မှာ ယမင်းရုပ်ကလေးပင် ဖြစ်ပါသည်။

ကျွန်တော်၏ပျောက်ဆုံးခဲ့သော အရုပ်ကလေးဖြစ်ပါသည်။

ကျွန်တော်ကသိသော်လည်း သူကမသိပါ။

သူ မသိဘူးဆိုတာကိုပင်လျှင် သူမသိပါ။

သူက ပန်းချီဆွဲနေပါသည်။

ကျွန်တော်က ငေးကြည့်နေမိပါသည်။

ယဉ်ကျေးမှုတက္ကသိုလ်သည် မြူနှင်းတို့ဖြင့် လှပဝေရီနေဆဲ။

ကြိုးတို့သည် ချည်ရန်ထက် ဖြည်ရန်ခက်ကြသည်။

မမြင်ရသောကြိုးတစ်ချောင်းက ကျွန်တော့်ကို ချည်နှောင်တုပ်ခတ်လိုက်ပါသည်။

'အိပ်. . အိပ်'ဟူသောအသံ ကြားရသည်။

ဘယ်ညာလူးလိမ့်ရင်း ကျွန်တော် အိပ်မပျော်ပါ။

ကျာပွတ်သံ၊ အချက်ပေးခေါင်းလောင်းသံများနှင့် ရောယှက်စွာပင် ပတ္တလားသံသဲ့သဲ့ကို ချိုမြစွာ ကြားနေရ၏။ ကျွန်တော် ခုံပေါ် တက်၍ မတ်တပ်ရပ်ရဦးမည်လော. . .။

ကျွန်တော်. . . .

⁂

# လူနှင့်ဦးနှောက်

........................................................................................

မျိုးကျော်စာပေ

(

'မလှုပ်နဲ့'

ကိုယ့်အတွေးနှင့်ကိုယ် လမ်းလျှောက်လာသောခရီးသည်လည်းလန့်ဖျပ် တုန်လှုပ်သွားမိ၏။

ရှေ့တည့်တည့်မှာက သူ့ကို ခြောက်လုံးပြူးနှင့်ချိန်ထားသော ဓါးပြ တစ်ဦး။

'မင်းရဲ့ ကျောပိုးအိတ်ကြီးကို မြေကြီးပေါ်ပစ်ချလိုက်စမ်း'

'ဟို. . ဟို. . ကျွန်တော်. . '

ဓါးပြက မည်သည့်စကားကိုမှ အပြောမခံချေ။

'မင်းကျောပိုးအိတ်ကို ဖြုတ်။ ဟော. . ဟို မြေကြီးပေါ်ကို ပစ်ချလိုက်. . '

.........................................................................

ခရီးသည်က သက်ပြင်းချရင်း ကျောပိုးအိတ်ကို ဖြုတ်၏။

ခါးပြည့်ွန်ရာ မြေပြင်ဆီ ပစ်ချလိုက်ပြီး. . .

'အဲဒီအိတ်ထဲမှာ ငွေတွေ ပါပါတယ်'

ခါးပြက ကျေနပ်စွာပြုံးလိုက်၏။

'သိပ်ကောင်းတာပေါ့ကွ'

ခရီးသည်က ခပ်တွန့်တွန့်လေသံဖြင့်. .

'အဲဒီငွေတွေကို ခင်ဗျားယူနိုင်ပါတယ်. . ဒါပေမယ့် ဟို ကျွန်တော့်ကို တစ်ခုလောက်တော့ ပြန်ကူညီခဲ့ပါ။'

ခါးပြက မျက်မှောင်ကုတ်လိုက်မိသည်။

'ဘာလဲ'

'ဒီ ဒီလိုပါ. . ကျွန်တော်က မိန်းမ,ကြောက်ရပါတယ်. . ဒီငွေမပါဘဲ အိမ်ကိုပြန်ရမှာလည်း ကျွန်တော်မပြန်ရဲလို့ပါ. . ဒီအတိုင်းတော့ မဖြစ်ဘူး. . အဲဒါ ကျွန်တော့်ကို တစ်ခုလောက်တော့ ပြန်ကူညီခဲ့ပါ. . '

ခါးပြက လေသံမာမာဖြင့်. .

'အေးလေ. . ဘာကူညီရမှာလဲလို့ မင်းကို ငါမေးနေတယ်မို့လား။ ရှင်းရှင်းပြော။ ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့'

ခရီးသည်က နှုတ်ခမ်းတပြင်ပြင်နှင့် အတန်ကြာသည့်တိုင်အောင် မပြောရဲ ဖြစ်နေပြီးမှ. .

'ဟို. . . ကျွန်တော့်ရဲ့ဂျာကင်ကို ခင်ဗျားသေနတ်နဲ့ တစ်ချက်လောက်

ပစ်ပေးပါ။ ဒါမှ မိန်းမက ကျွန်တော်ရှင်းပြတာကို ယုံမှာမို့လို့ပါ’

ဓားပြက သူ ထင်မထားသောစကားကြောင့် တစ်ချက်အမ်းသွားပြီး အသံသြသြကြီးဖြင့် ရယ်ကာ. . .

‘ဟား. . ဟား. . ဟား. . မင်းက မိန်းမကို ဒါလောက်ပဲ ကြောက်ရသလားကွ။ ကဲ. . ကဲ’

ဓားပြက ခရီးသည်ရဲ့ဂျာကင်ကိုယူပြီး သေနတ်နဲ့ တစ်ချက်ပစ်ပေးလိုက်၏။

‘ကျေးဇူးပါပဲဗျာ. . . နောက်တစ်ချက်လောက်တော့ ဒီမာဖလာအောက်မှာ ပစ်ပေးပါဦး’

ဓားပြက ရယ်မောရွှမဆုံးနိုင်သေးဘဲ ဆက်ပစ်ပေး၏။

‘အဲဒီဦးထုပ်ကိုလည်း တစ်ချက်လောက်ဗျာ’

ဟုခရီးသည်က ထပ်တောင်းဆိုပြန်သောအခါ ဓားပြ၏ရယ်သံက တိုးပြီး ရပ်သွား၏။ ဦးထုပ်ကို ပစ်လိုက်သော်လည်း သေနတ်က ကျည်ဆံထွက်မလာသောကြောင့်ဖြစ်သည်။

‘ကျည်ဆံတောင် ကုန်သွားပြီကိုး’

ဓားပြက အလိုမကျသလို သေနတ်ကို ခပ်ကြမ်းကြမ်းဆဲဆိုလိုက်စဉ်မှာပဲ ခရီးသည်က မြေပေါ်မှ သူ့ကျောပိုးအိတ်ကို လှမ်းဆွဲယူလိုက်သည်။ ဓားပြက

‘အောင်မာ. . ဟေ့ကောင် အဲဒါ ဘာလုပ်တာလဲ’

ခရီးသည်က ပြုံးလျက်. . . .

'ခင်ဗျားသေနတ်ထဲမှာ ကျည်ဆံမှ မရှိဘဲ။ ကျုပ်ပစ္စည်းကို ဘာဖြစ်လို့ ခင်ဗျားကို ပေးရမှာလဲ'

'ဟေ'

(၂)

ပါးစပ်အဟောင်းသားဖြင့် ငိုင်ကျသွားသော ဓားပြကိုကြည့်ပြီး ခရီးသည်က ကျိတ်ပြုံးလိုက်မိ၏။

ဓားပြက ခရီးသည်ကို မကျေမချမ်းဟန်ဖြင့် တစ်ချက်စူးစူးကြည့်သည်။ ထိုအခိုက်မှာပင် အန္တရာယ်တစ်စုံတစ်ရာကို သတိရလိုက်မိသလိုလည်း သူ့မျက်နှာ ကွက်ခနဲပျက်သွား၏။

သတိထားမိလိုက်သော ခရီးသည်က. . .

'ဘာဖြစ်တာလဲ'

ဓားပြက ခရီးသည်ကို အတော်မကျေနပ်ဟန်ဖြင့် ပြန်ကြည့်၏။

http://www.cherrythitsar.org



အောက်သိုးသိုးလေသံဖြင့် . . .

'ဘာဖြစ်ရမှာလဲ . . . မင်းကြောင့်ပေါ့ကွ'

ခရီးသည်က အံ့ဩဟန်ဖြင့် မျက်လုံးပင့်လိုက်သည်။

'ဘာဖြစ်လို့လဲ'

ဓားပြ၏မျက်နှာက ညိုးကျသွား၏။ ရပ်နေရသည်ကို ကျောမလုံသလို ရှေ့နောက်ဝဲယာ လှည့်ပတ်ကြည့်ပြီးတော့မှ . . .

'ငါ မင်းကို သနားပြီး ကူညီလိုက်မိလို့ အခုလို ခံရတာပဲ။ ခရီးသည်ကို မိပြီးမှ ကျည်ဆံလဲ ကုန်လာတယ်၊ ဘာပစ္စည်းမှလဲ ရမလာဘူးဆိုရင် ဂိုဏ်းက ငါ့ကို အပြစ်ပေးလိမ့်မယ်။ ငါတော့ ဒုက္ခပဲ'

ခရီးသည်၏ ခန္ဓာကိုယ် မတ်ခနဲ ဖြစ်သွား၏။

'ဩော် . . ခင်ဗျားတို့က ဂိုဏ်းနဲ့ကိုး'

ထို့နောက် ခရီးသည်က တစ်ချက်ပြုံးလိုက်သည်။

'ခင်ဗျားက ဦးနှောက်မရှိလို့ ကျုပ်ပစ်ခိုင်းတာပစ်ပြီး ဦးနှောက်မရှိလို့ ဂိုဏ်းက အပြစ်ပေးမှာကို ပြန်ကြောက်နေတာ။ တကယ်တော့ ခင်ဗျားကို သူတို့ အပြစ်ပေးလို့ မရပါဘူး၊ ခင်ဗျားမှာ ထွက်ပေါက်ရှိပါသေးတယ်'

'ဟုတ်လား . . . ဘယ်လိုလဲ၊ ဘာထွက်ပေါက်လဲ'

ခရီးသည်က သူ့ဂျာကင်နဲ့ မာဖလာကို ဓားပြဆီ ပစ်ပေးလိုက်၏။

'အဲဒီဂျာကင်ကို ခင်ဗျားဝတ်လိုက်၊ မာဖလာကိုလဲ ပတ်လိုက်။ ခင်ဗျားသေနတ် ကျွန်တော့်ကိုပေး'

# ရှင်တော်နှင့်ငြိုးသွန်းမောင်မေတ္တာ

ဓားပြက ခရီးသည်ညွှန်ကြားသည့်အတိုင်းပင် လုပ်လိုက်၏။

ခရီးသည်က. .

'ခင်ဗျားဂိုဏ်းက လူတွေကို ပြောပေါ့ဗျာ. . . ဒီခရီးသည်မှာ သေနတ်ပါတယ်လို့၊ သူက သေနတ်ပစ်လဲ လက်ဖြောင့်တယ်လို့။ ကျွန်တော်လည်း သေပြေးရှင်ပြေး ပြေးလာရတယ်၊ ကျွန်တော့်ဂျာကင်နဲ့ မာဖလာကိုသာ ကြည့်ပေရော့လို့ အကြောင်းပြလိုက်ပေါ့ဗျာ. . . ဟဲ. . . ဟဲ. . .

'အင်း. . . အဲဒီလိုပဲ လုပ်ရတော့မှာပေါ့'

ခရီးသည်က ခပ်တိုးတိုးရယ်လိုက်သည်။

အမှန်တော့ သူက ဦးနှောက်ကို ထပ်သုံးလိုက်ခြင်းဖြစ်သည်။ ဓားပြဂိုဏ်းက သူ့ကိုလန့်ဖြတ်ပြီး အနှောင့်အယှက် ထပ်မပေးစေလို၍ လူလွတ်ခြိမ်းခြောက်လိုက်သည့်သဘောသာ ဖြစ်၏။ ဟန်ဆောင်ခြောက်လှန့်နိုင်မည့် သေနတ်တစ်လက်ကလည်း သူ့လက်ထဲသို့ ရောက်နေပြီးဖြစ်၏။

'ကဲ. . ကဲ. . ခင်ဗျားသွားတော့၊ ခင်ဗျားလမ်းကို ခင်ဗျားဆက်သွား၊ မြေကြီးပေါ်ကအိတ်ကိုတော့ ထားခဲ့ပေတော့၊ ခင်ဗျားအဖော်တွေကိုလဲ ပြောပြလိုက်ဦးဗျို့၊ ကျုပ်က သေနတ်ပစ်လက်ဖြောင့်တဲ့အကြောင်း. . . ဟဲ. . ဟဲ. . ဟဲ'

ထိုအခိုက်မှာပင်. . .

'ခွက်'

'အား'

✤✤✤

.................................................................................

(၃)

အဖြစ်အပျက်က မြန်ဆန်လှ၏။ ခရီးသည်က မြေပေါ်မှာသတိလစ်လဲကျနေပြီးဖြစ်သည်။ ဓားပြပင် ကြောင်သွားသည်။ ခရီးသည်ကို ဝိုင်းရံထားလိုက်ကြသည်က ဝါးရင်းတုတ်ကိုယ်စီကိုင်ထားသော ရွာသားလေးဦး။

ဓားပြ မှင်တက်နေမိဆဲ၊ ရွာသားများက မြေပေါ်မှာ သတိလစ်နေသော ခရီးသည်ကို ပါလာသောကြိုးနှင့် တုပ်လိုက်၏။

'လက်သိပ်ဖြောင့်တယ်ဆိုတဲ့ ဓားပြ၊ ခုတော့ ဘာတတ်နိုင်သေးလဲကွ. . . ဟင်း'

.............................................................................

http://www.cherrythitsar.org



ရွာသားလေးဦးထဲမှ ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ထို့သို့ ကြုံးဝါလိုက်ရင်း ‌ေးကြောင်နေသော ဓားပြကို. .

‘ခင်ဗျားပစ္စည်း ပါမသွားဘူးနော်. . ။ လူလဲ ဘာမှမဖြစ်ဘူးမို့လား၊ အင်း. . . ခင်ဗျားဂျာကင်နဲ့ မာဖလာမှာလဲ ကျည်ဆံရာတွေနဲ့. . . ကံကြီးလို့ ပေါ့ဗျာ. . . ။ ဒီဓားပြက ခင်ဗျားကိုသေနတ်နဲ့ပစ်ပြီး ဆော့ထားသေးတာကိုး။ ကျုပ်တို့လဲ သေနတ်သံကြားကြားချင်း လာကြတာ၊ ခွေးသူတောင်းစား ဓားပြ၊ ရွာကျမှ တွေ့ကြသေးတာပေါ့’

မေ့မျောနေသောခရီးသည်ကို ရွာသားတစ်ဦးက ထမ်းလိုက်သည်။ အခြားရွာသားတစ်ဦးက မြေပေါ်မှ ကျောပိုးအိတ်ကို ထမ်းရန်ပြင်၏။ နောက်တစ်ဦးကလည်း ဓားပြကို. . .

‘ကဲ. . . ဒီဓားပြကို သွားအပ်ကြမယ်၊ ကျုပ်တို့ရွာလူကြီးဆီ ခင်ဗျားလဲ လိုက်ခဲ့ဦး’

ဓားပြ ရပ်နေရာမှ လဲကျမလို ယိုင်သွားပြီး. . .

‘ကျုပ်. . . ကျုပ်. . . ’

ထိုစဉ်မှာပဲ ခေါင်းဆောင်ရွာသားက ရှုံ့မဲ့နေသာမျက်နှာဖြင့် သူ့လူတွေကို ငေါက်ငမ်းလိုက်၏။

မင်းတို့ကလဲကွာ. . . သူ့ဖာသာ နားပါစေဦး၊ သူ့မှာ သေတွင်းထဲက လွတ်လာတာ. . . ခဏနားပါဦးလား။ ထားခဲ့. . . သူ့ဖာသာ အေးအေးဆေးဆေး လျှောက်လိုက်လာလိမ့်မယ်။ ဟော့. . . ဟိုကောင်ကလဲ အဲဒီအိတ်ကို ဘာလို့

..............................................................................

ထမ်းနေတာလဲ. . . ထားခဲ့။ အဲဒါ သက်သေခံပစ္စည်းအဖြစ် တင်ရမှာ။ ပိုင်ရှင်က သူ့ဟာသူ ယူလာလိမ့်မယ်၊ မင်းလက်က ကြားဝင်မရှုပ်နဲ့။ တကယ်ကွာ. . . ဦးနှောက်မရှိတဲ့ကောင်တွေ။ လာ. . . လာ'

ထို့နောက် မေ့မြောနေသောခရီးသည်ကို ကြိုးတုတ်ထားလျက်ကနေပင် သတိကြီးကြီးခြံရံပြီး ဖမ်းဆီးခေါ်ဆောင်သွားကြသည်။

သူတို့အုပ်စု မျက်စိအောက်မှ ပျောက်သွားသောအခါ ဓားပြကလည်း အိတ်ကြီးထမ်းပြီး သူ့လမ်းကို သူပြေးတော့သည်။ ပျော်သလိုလို၊ ရင်ဖိုသလိုလို ဖြစ်မိ၏။ ပြေးရင်းဖြင့် သူ စဉ်းစားနေသေး၏။ တစ်ခါတစ်ခါ လူတွေမှာ ဦးနှောက်မရှိတာကပဲ ပိုကောင်းသလားဟု. . . .။

✤✤✤

**<u>ဝန်ခံချက်</u>**

အခန်း(၁)သည် ဂျာမာန်ဝတ္ထုတိုလေးတစ်ပုဒ်ဖြစ်ပါသည်။ **Hermann Kessler** ၏ ဝတ္ထုတိုတစ်ပုဒ်ကို ကျွန်တော်မှတ်မိသလို ပြန်ရေးထားခြင်းဖြစ်ပါသည်။

အခန်း (၂)နှင့် အခန်း(၃)ကိုတော့ ကျွန်တော်က ဆက်ရေးလိုက်ခြင်း ဖြစ်ပါသည်။

..........................................................................

http://www.cherrythitsar.org



# [illegible]

# ကျွန်တော်နှင့်မြူနှင်းဝေသောညများ

.......................................................................................

မျိုးကျော်စာပေ

(၁)

ရနိုင်မယ်ဆိုရင် နှင်းဆီရောင်ဝတ်ရုံတစ်ခုနဲ့ပဲ ကျွန်တော့်ရုပ်အလောင်းကို လွှမ်းအုပ်ပေးပါ။

အဝါညီးညီးလွင်ပြင်တစ်ခုရဲ့ လေထန်လေရိုင်းတွေကြားမှာ လူသေတစ်ယောက်ကို သူ့ကံအလျောက် ထားခဲ့ပါ။

ဟိုးအဝေးမှာ မြူဝေမှိုင်းပျလို့ အရာရာ 'ကဝေ' ဆန်အောင်လှနေရင်တောင် ကျွန်တော်နာခံယူရမှာက မမွတေး တစ်ပိုင်းတစ်စရယ်ပါ. . . ။

.........................................................................

မျိုးကျော်စာပေ

http://www.cherrythitsar.org



*(ချစ်မိသူဆိုတာ လောကမှာ စစ်အရှုံးဆုံးလူပါ မသီတာ။ ချစ်မိပြီဆိုကတည်းက အဲဒီနှလုံးသားဟာ တယုတယနဲ့ သေမိန့်ကျသွားခဲ့ပါပြီ။ ဦးပုညရဲ့ လက်ရာထဲကလို တရား ဝေခွဲရင်းစကားတွေ အလဲလဲဖြစ်ခဲ့ရတဲ့ ဒီကောင်ကတော့ စက္ကူမင်တစ်မျဉ်းအောက်မှာ လူမိုက်အဖြစ် စာရင်းပေါက် သွားပါပြီ)*

ထားခဲ့ပါ မသီတာ. . .

သွားလိုရာကို သွားပါတော့. . .

ကောင်းကင်မှာ ကြယ်တွေဝင့်ဝေကြပြီလား။

ပင်လယ်မှာလည်း ဗေဒါတွေ မျောလိုရာမျောရင်း ဆက်ပွင့်ကြဦးမှာပေါ့။

ဘာပဲဖြစ်ဖြစ်လေ. . .

ဘုံအဆင့်ဆင့်မှာစံရင်း

**(မသီတာတစ်ယောက်)** ကံအဆင့်ဆင့်မှာ မြင့်သည်ထက်မြင့်ပါစေ၊

ကျွန်တော် ဆုတောင်းနေမယ်. . .။

.............................................................................

http://www.cherrythitsar.org



ကျွန်တော်နဲ့ လကွယ်ညတွေကတော့

ဝိုးဝါး

မှောင်ရီ

လွမ်းဆွတ်နေကြရဦးမှာပါ . . .။

ကံတရားဆိုတာ ဒါလားဟင်။ ရှိပါစေ၊ ရှိပါစေတော့ မသိတာရယ်။

✤✤✤

(၂)

မိုးမှုန်တွေ တုန်ခါဝေ့ယိုင်ကျနေတဲ့ ခတ္တာပွင့်တို့ရဲ့ လတစ်လမှာ မသီတာကို ကျွန်တော်စတွေ့ခဲ့တာပါ. . .။

အဲဒီအချိန်တည်းက ကျွန်တော့်ရဲ့ အိပ်မက်တွေထဲမှာ မသီတာဆိုတဲ့ ဆံပင်ရှည်ရှည်ကောင်မလေးက လင်းသန့် တောက်ပလာခဲ့တာပါပဲ။

မသီတာကို ကျွန်တော်သိပ်ချစ်တယ် မသီတာရယ်. . .။

သူများတကာတွေ တစ်ယောက်ကိုတစ်ယောက် ချစ်တယ်ဆိုတာ မသီတာရဲ့ မျက်တောင်လေးတွေကို ကျွန်တော်ချစ်သလောက်တောင် ရှိမှာ

မဟုတ်ဘူး။

ကျွန်တော်က အဲဒီလိုအရူးအမူးပေါ့. . . ။

အနုပညာရယ်. . .

မသီတာရယ်. . . ကို

ကျွန်တော် သိပ်ချစ်တာပဲ။

တစ်ခါတစ်ခါ ကိုယ့်ဘဝကိုယ် ပုံဖော်စဉ်းစားကြည့်ရင် ဆူးစူးနေတဲ့ ဆပ်ပြာပူဖောင်းကလေးကိုပဲ မြင်ယောင်မိပြန်ရဲ့။ အဲဒီလိုနဲ့ ခတ္တာခါးခါးတွေကို ကျွန်တော်ဘုရားတင်ခဲ့မိတယ် ထင်တယ်။

ကျွန်တော်က ကံဆိုးတတ်တဲ့ကောင်ပါ မသီတာရယ်။

ကျွန်တော်က မသီတာလို့ တိတ်တိတ်ကျိတ် ခေါ်ပေမယ့် မသီတာရဲ့ နာမည်ကတော့ မသီတာ ဖြစ်မလာခဲ့ပါဘူး။

(ရှင်းပါတယ်နော်)

မသီတာရဲ့နာမည်က စာလေးလုံးရှိပြီး ဗုဒ္ဓဟူးနံနဲ့ စပါတယ်။ အဲဒီ နာမည်ကိုလည်း သဲမြေဖုံဖုံမှာ မှုံနေအောင် ကျွန်တော်ရေးခဲ့ဖူးပါတယ်။

ကျွန်တော်တို့နေတဲ့ ဒဂုံမြို့သစ်လေးဟာ မိုးမှုန်တွေမှိုင်းညို့နေတဲ့အခါ ကြည်အေးလှပနေတတ်တယ်။ မသီတာက မန္တလေးလမ်းထဲမှာ နေပါတယ်။ ကျွန်တော် စာအုပ်ငှားနေကျ 'ရင်ငြိမ်းပန်း'ဆိုတဲ့ စာအုပ်ဆိုင်လေးကို စက်ဘီး ကလေးနဲ့ လာတတ်တယ်။ အဲဒီစာအုပ်ဆိုင်ကလေးရဲ့ ခပ်လှမ်းလှမ်းမှာ မထည်ဝါလှတဲ့ အရက်ဆိုင်ကလေးတစ်ဆိုင်ရှိပါတယ်။ ရန်သူများတဲ့

ပြိုင်ဘက်များတဲ့၊ ကိုယ့်ဘဝရဲ့ အဆင်မပြေမှုတွေကို ဘယ်သူမှ ထုတ်ဖော်မပြော တတ်တဲ့ ကျွန်တော်ဟာ အဲဒီအရက်ဆိုင်လေးထဲမှာ မသီတာအကြောင်းတွေကို စဉ်းစားခဲ့ဖူးပါတယ်။

တကယ်တော့ ကျွန်တော်က နေလောင်ထားတဲ့သစ်ရွက်ကို ယိမ်းထိုး ရင့်ကျက်ခဲ့ရပြီးပါပြီ။

မသီတာလည်း ကြားဖူးမှာပေါ့။

ယောက်ျားတစ်ယောက်ဟာ တက္ကသိုလ်တတ်ဖူးမယ်။ စစ်တိုက်ဖူးရ မယ်။ ထောင်ကျဖူးရမယ်။ ပင်လယ်ခရီးထွက်ဖူးရမယ် ဆိုတာတွေလေ။

ခု ကျွန်တော့်အသက် (၂၆)နှစ်မှာ အဲဒါတွေအားလုံးကို ကျွန်တော် ဖြတ်သန်းခဲ့ပြီးပါပြီ။

အဲဒီလို အတွေ့အကြုံတွေကို မွေ့ထုံလွန်မြောက်ခဲ့ပြီးကာမှ မသီတာကို ဒီလောက်ချစ်ခင်မြတ်နိုးရတာ ဘာကြောင့်လဲ. . . ။

ကိုယ့်ဘာသာကိုယ်လည်း

မေးရင်း၊ ဖြေရင်း

ထပ်မေးရင်း၊ ထပ်ဖြေရင်း

မသဲကွဲခဲ့ပါဘူး မသီတာရယ်. . . ။

ကျွန်တော်ဟာ မသီတာကို ရင်ထဲစွဲအောင် ချစ်ခဲ့တယ်။

မသီတာနဲ့ပတ်သက်ရင် ကျွန်တော်ဟာ စိတ်ကူးတွေလည်း ယဉ်ခဲ့ဖူး တယ်။ စိတ်ကူးတွေလည်း ရိုင်းခဲ့ဖူးတယ်။ နောက်ဆုံးတော့ စိတ်ကူးဟာ

# ၁၀၀ ကျွန်တော်နှင့်ကြွေးသွန်းမောင်ရေးမှု

စိတ်ကူးအဖြစ်နဲ့ လွင့်ပြယ်ခဲ့ပါတယ် မသီတာရယ်။

မသီတာအတွက် ကဗျာတွေအများကြီး ကျွန်တော်ရေးခဲ့တယ်။ မသီတာကိုလည်း ပေးဖတ်ချင်တယ်။

ဒါပေမယ့် ကျွန်တော့်မှာ အဲဒီလို အခွင့်မပိုင်ခဲ့ဘူးနော်။

မသီတာကလည်း ကျွန်တော်ချစ်တာကို မသိခဲ့ဘူး။

ကျွန်တော်ကလည်း မသီတာသိအောင် မချစ်ခဲ့ဘူး။

*(မသီတာဟာ တတိယနှစ် တက္ကသိုလ်ကျောင်းသူ*

*တစ်ယောက်ဖြစ်တယ်ဆိုတာကလွဲပြီး ဘယ်မေဂျာကလဲ*

*ဆိုတာတောင် ကျွန်တော်မသိခဲ့ပါဘူး။*

*တစ်ချက်လောက် ငေးကြည့်မိရင်းက အငြိုငြိုအယှက်*

*ယှက်နဲ့ ချစ်မြတ် လွမ်းဆွတ်ခဲ့ရတာပါ. . .။*

*ပန်းတောင်ခါးပန်းမှာ ပျော်ပျော်လွင်လွင်ဆော့ကစားနေတဲ့*

*မင်းသမီးလေးကို လယ်ကွင်းထဲကနေ ငေးကြည့်ခဲ့ရတဲ့*

*စပါးပင်ကလေးကို ကျွန်တော်က မသီတာကို ငေးကြည့်*

*ခဲ့ရတာပါ။*

*ဒီ့ထက် ဘာမှမပိုခဲ့ပါဘူး မသီတာရယ်)*

..............................................................................

**မျိုးကျော်စာပေ**

အဲဒီလို ကျွန်တော်တို့ရဲ့ မြို့သစ်ကလေးမှာ လေကြမ်းတွေ ကသီကဝေ တိုက်လာတယ်။ ဒီလိုနဲ့ မန္တလေးလမ်းမှာ ခါတိုင်းထက်ပိုပြီး မိုးမြူတွေ လင်းပြာလာတယ်။

*(မသိတာကိုချစ်ရင်း လွမ်းရင်း၊ မသိတာအကြောင်း စဉ်းစားရင်း၊ စာအုပ်တစ်အုပ်နဲ့ လမ်းလျှောက်ရင်း၊ အနုပညာလောကမှာ သက်ပြင်းဖြိုင်ဖြိုင်ချရင်း၊ သိတာ ကို ချစ်ရင်းလွမ်းရင်း၊ မသိတာအကြောင်းစဉ်းစားရင်း . .)*

*(ရန့်ဟောက်ပက်ဖြစ်နေတဲ့ စက္ကူပန်းတစ်ရွက်က ကျွန်တော့်ရှေ့ကို ကြွေကျလာပါတော့တယ်)*

✣✣✣

(၇)

(မသီတာနဲ့ မသီတာရဲ့ချစ်သူကိုရယ် မောကျွမ်းဝင်မြင်တွေ့လိုက်ရတဲ့အချိန်မှာ ကျွန်တော်ဟာ လူတချို့နဲ့စကားပြောနေတယ် မသီတာ၊ မသီတာတို့ကို မမြင်ယောင်ပြု၊ နားထောင်လက်စကားကို ဆက်နားထောင်၊ အများနဲ့အတူ လိုက်လံရယ်မောခဲ့ရပေမယ့် ကျွန်တော့်ရင်ထဲမှာ ဘာနဲ့မှမတူအောင် စူးစူးဝါးဝါး နာကျင်ခဲ့ရပါတယ်)

http://www.cherrythitsar.org



(အဲဒီညမှာ ကျွန်တော့်ဝိညာဉ်ဟာ မီးပုံထဲအခါခါခုန်ချ၊ ကျွန်တော့်ဘဝက စဉ့်တီတုံးကြီးလို လမ်းပေါ်လိမ့်သွား၊ အလွမ်းဆိုတာ စိတ်ကိုခွဲတဲ့ ဓားတစ်လက်ဖြစ်ကြောင်း ခေါင်းငုံ့ခံစား နားလည်ခဲ့)

(မသီတာရယ် ကျွန်တော်က အမြဲတမ်းကံဆိုးခဲ့တယ်။ စိတ်ထဲမှာ ဖျတ်ခနဲပွင့်တဲ့ပန်းကို စိတ်နဲ့တောင် မနမ်းလိုက်ရပါဘူး။ လွင့်လျှမ်းပျောက်ကွယ်သွားခဲ့ပါတယ်။ အစကတည်းက မနီးစပ်ခဲ့ကြပေမယ့် အခုလိုဝေးရတော့ ကျွန်တော့်ရင်ထဲမှာ နာကျည်းစရာတွေက ထွေပြားလှပါတယ်။ တောက်ခေါက်ရတာများလို့ လျှာဖျားမှာ အသားမာတောင် တက်ခဲ့ပါပြီ)

(မသီတာရယ် ဘယ်သူမှ မသိပေမယ့် မသီတာကို ကျွန်တော်ချစ်ခဲ့တယ်။ ဘယ်သူမှ မသိပေမယ့် မသီတာကို ကျွန်တော်လွမ်းရဦးမယ်)

(ကျွန်တော်က သူရဲကောင်းတော့ မဟုတ်ဘူး။ ဒါပေမယ့် ကြောက်စရာအကောင်းဆုံး အန္တရာယ်တွေနဲ့ တွေ့ရတဲ့အခါမှာတောင် ခြသေ့ံခံ ခံပြီးမှ ပြန်ဆုတ်ခဲ့တဲ့ကောင်ပါ။ အခုဆို ကျွန်တော်ရင်ထဲမှာ လေပွေတွေ လှဲ့လှဲ့ပြာပြာ တိုက်ခတ်တယ်။ ကိုယ့်ကိုကိုယ် ရှက်ကုန်

ဖွင့်ပြီး ကျောက်ဆောင်ကြီး ပွင့်လန်သွားအောင် တအား ဝင်တိုက်ပစ်လိုက်ချင်တယ်။ စိတ်ထဲမှာ ခံစားရသလောက်သာ လေလွင့်ပစ်လိုက်ရမယ်ဆိုရင် ကျွန်တော်ဟာ လူတစ်ပိုင်း မီးခိုးတစ်ပိုင်း ဖြစ်သွားတော့မယ်)

(မသီတာ ကျွန်တော့်ကို ထားခဲ့ပါ။ မသီတာသွားလိုရာကို ဆက်သွားပါ။ ဒါပေမယ့် တစ်မှုန်တစ်ဆစ်ကလေးလောက်ဖြစ်ဖြစ် ကျွန်တော့်ကို နားလည်ပေးပါလား ကျွန်တော်ရဲ့ မသီတာ)

✤✤✤

(၅)

ကျွန်တော်ကတော့ အနုပညာလောကထဲမှာပဲ ရှိနေမယ်။

လျှာပေါ် မျက်ပေါက်ရုံမကလို လျှာဖောက်ပြီး အာခေါင်မှာ ကန္တာရဆူးပင် ပေါက်ပလေ့စေ၊ ဒီလမ်းမှာ ဆက်လျှောက်နေဦးမှာပဲ။

ကျွန်တော့်ကဗျာတွေ ကျွန်တော့်စာတွေမှာ မသီတာအတွက် ကြေကွဲသစ္စာတွေ ပါဝင်ကောင်း ပါဝင်နေလိမ့်မယ်။ မစာနာတတ်သူတွေ ဖတ်မိရင် ရယ်ချင်ရယ်ကြဦးမှာပေါ့။

..................................................................................

မျိုးကျော့်စာပေ

အဝါညီးညီးလွှင်ပြင်တစ်ခုရဲ့ လေထန်လေရိုင်းတွေကြားမှာ လူသေတစ်ယောက်ကို သူ့ကံအလျောက် ထားခဲ့ပါ။

ဒီလိုနဲ့ မိုးမြူတွေလည်းရွာ၊

ခတ္တာတွေလည်း ပွင့်ရဦးမှာပါ။

တစ်နေ့တော့ ပြန်ဆုံရင် ဆုံကြဦးမှာပါ မသီတာ. . . ။

❖❖❖

http://www.cherrythitsar.org

(၅)

ကျွန်တော်ကတော့ အနုပညာလောကထဲမှာပဲ ရှိနေမယ်။

လျှာပေါ် မျက်ပေါက်ရုံမကလို လျှာဖောက်ပြီး အာခေါင်မှာ ကန္တာရဆူးပင် ပေါက်ပလေ့စေ၊ ဒီလမ်းမှာ ဆက်လျှောက်နေဦးမှာပဲ။

ကျွန်တော့်ကဗျာတွေ 'ကျွန်တော့်စာတွေမှာ မသိတာအတွက် ကြေကွဲသစ္စာတွေ ပါဝင်ကောင်း ပါဝင်နေလိမ့်မယ်။ မစာနာတတ်သူတွေ ဖတ်မိရင် ရယ်ချင်ရယ်ကြဦးမှာပေါ့။

..............................................................................

မျိုးကျော်စာပေ

# ၁၀၈ ကျွန်တော်နှင့်ကြွေးသွန်းမင်းရွှေ

အစကတည်းက အဖော်ကင်းမဲ့တဲ့ ကျွန်တော်ဟာ အခုတော့ မြို့သစ်ကလေးရဲ့ လက္ကယ်ညတွေမှာ လမ်းတကာလျှောက်သွားခဲ့ဖူးပါပြီ။

(မန္တလေးလမ်းကိုတော့ သိပ်မလာချင်တော့ဘူးပေါ့)

မသီတာကို လွမ်းလွန်းမှသာ အရက်ဆိုင်အိုလေးထဲကို အမှောင်ကပို့ကရိုနဲ့ ဝင်ဖြစ်ပါတယ်။ ဆိုင်ထောင့်က စားပွဲတစ်လုံးမှာ တစ်ယောက်တည်း ရီဝေတိတ်ဆိတ်ရင်း လောကကြီးရဲ့ မာယာတေးသွားကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေတတ်တယ်။

ကုန်းချောတတ်တဲ့၊

ဝန်တိုသွေးထိုးတတ်တဲ့၊

ကိုယ့်ထက်သာရင် မနာလိုဖြစ်တတ်တဲ့သူတွေကြားမှာ

အကြိမ်ပေါင်းများစွာ ကျွန်တော်ဟာ အံဝင်ခွင်ကျ လွဲချော်ခဲ့ရဖူးတယ် မသီတာ။

*(အဲဒါတွေကိုလည်း ပြောပြချင်တာပေါ့ မသီတာရယ်။*
*မသီတာရဲ့ အားပေးစကားနဲ့ အားလုံးကို ကျွန်တော်ပြန်*
*တည်ဆောက်ချင်တယ်။ မသီတာရဲ့ လက်ကလေးကို*
*ကိုင်ပြီး အရာရာကို ရင်ဆိုင်ချင်တယ်။ အခုတော့ အဲဒါ*
*တွေအားလုံး အိပ်မက်ပေါ့။ ရက်ရက်စက်စက် ပဲခွက်နဲ့*
*အနှုပ်ခံရတဲ့ အိပ်မက်တွေကိုပဲ ပိုင်ဆိုင်ခဲ့ရ)*

…………………………………………………………………

ကျွန်တော့်ရှေ့မှာ ကျွန်တော် ပုံလျက် လဲကျခဲ့တယ်။

တဖြည်းဖြည်းနဲ့တော့ ပြန်လူးထလို့ ရခဲ့ပါတယ်။ ဒါပေမယ့် ဖုန်မှုန့်တွေနဲ့ ညှိမောင်းလူးပေခဲ့ပြီပဲ။ ကျွန်တော်တစ်ယောက်တည်း လောကကြီးထဲကို ထိုးခွင်ဝင်ရောက်ဆဲပါ မသီတာ။ တစ်ခါ တစ်ခါကျတော့လည်း သရော်ပြုံးကလေးနဲ့ ကိုယ့်ရာဇဝင်တစ်စောင်လုံးကို 'ဘုန်း'ခနဲ ဆောင့်ကန်ပစ်လိုက်ချင်တယ်။

ကျွန်တော်မပျော်ပါဘူး မသီတာ. . .

မသီတာကို ချစ်တယ်

မသီတာကို လွမ်းတယ်

မသီတာကို သတိရတယ်။

ကျွန်တော့်မှာ အရက်မူးနေတဲ့ အိပ်မက်တွေရှိတယ်။ ကျွန်တော်ဟာ အိပ်မက်မူးနေတဲ့ အရက်သမားဖြစ်တယ်။ ကျွန်တော်ဟာ လူမဟုတ်တော့ဘူး။ ကျွန်တော်ဟာ လောကဝတ်တွေကို တုပထုတ်လုပ်နေတဲ့ ယဉ်ကျေးမှုစက်ရုပ်တစ်ရုပ်ဖြစ်တယ်။

ကံကြမ္မာဆိုတာကို မုန်းတယ်။

❖❖❖

(၆)

ကျွန်တော်ထုံးဖွဲ့ခဲ့တဲ့ လမ်းပါပဲလေ။ ရောက်မှာ မဟုတ်ဘူးဆိုရင်တောင် လျှောက်တာကတော့ လျှောက်ရဦးမှာပါ။

ကျွန်တော်ရေးဖူးတဲ့ ကဗျာတစ်ပုဒ်ထဲကအတိုင်း နှင်းဆီသင်္ချိုင်းကုန်း တစ်ခု၊ မြင်းရိုင်းရုပ်တုတစ်ကောင်၊ ပိုင်ရှင်လာမယူတဲ့ ခရမ်းပြာ ပုရပိုဒ်တစ် စောင်နဲ့ ကြယ်ရောင်အောက်မှာ အရာအားလုံး ပြီးဆုံးသွားပါပြီ။

ကျွန်တော်ရဲ့ မသီတာ၊ အကြွင်းမဲ့ငြိမ်းချမ်းပါစေ. . .။

မသီတာရဲ့ချစ်သူဟာ မသီတာအတွက် ဂါထာမတန်သော ကဗျာ

တစ်ပုဒ် ဖြစ်ပါစေ။ ကျွန်တော်ကတော့ မသီတာကို ချစ်မြဲချစ်နေမယ်။ ချစ်သထက် ချစ်နေမယ်။ အဲဒီအတွက် ခံစားရမယ့်ဝေဒနာဟာ ရင်နှင့်မမျှဘူး ဆိုရင်လည်း လမ်းပေါ်မှာ ရင်တစ်ခွင်လုံးဖွင့်ပြီး သတိရခွင့်ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားဦးမယ်။

စောင့်ကြည့်ပေါ့ မသီတာရယ်. . .

တစ်နေ့တော့ မသီတာ ကျွန်တော့်ကို သိလာမှာပါ။

မသီတာကို ကျွန်တော်ဘယ်လောက်ချစ်တယ်ဆိုတာ (မသီတာရဲ့ ချစ်သူထက်တောင် ကျွန်တော်က မသီတာကို ပိုချစ်တယ်ဆိုတာ)

တစ်နေ့တော့ သိလာမှာပါ. . .။

(အိပ်မက်ထဲမှာဖြစ်ဖြစ်) ပြန်လည်ဆုံတွေ့ကြရင် မသီတာရဲ့ ဆံနွယ်မျှင်လေးတွေကို သီရိငွေမောရင်း ပြောပြရဦးမယ်။ စကားများစွာ ကျွန်တော့်မှာ ရှိပါတယ်။

ဗေဒါမှတ်တမ်း၊ ကျမ်းတစ်အုပ်ကို ပိုက်၊ လူမိုက်ကလေးရဲ့ သန်းခေါင်ယံဟာ လရောင်ဖြူကိုပန်မယ် မသီတာ. . .

ကျွန်တော်ကတော့ မိုးပေါ်က လမင်းကို မော့ကြည့်တာပါပဲ။ ဒါပေမယ့် ဆိုင်းမှိုင်းတဲ့မြူနှင်းဝေဝေမှာ လမင်းကို ကျွန်တော်မမြင်ခဲ့ရပါဘူး။

သနပ်ခါးပွင့်တို့က ရင်နင့်အောင် မွှေးဆွတ်နေကြတယ်။ အေးစက်စက် လက်သည်းရှည်တွေက ကျွန်တော့်ကို ခြောက်လှန့်ပြုစားကြရဲ့။ ဟိုးအဝေးဆီက လွမ်းဆွတ်ဆွေးမြည့်ဖွယ်ရာ ရထားဥသြဆွဲသံကို ကြားနေရတယ်။

ကျွန်တော် အိပ်မပျော်ပါဘူး။ မျက်စိဖွင့်ကြည့်ရင်လည်း မြူနှင်းဝေတဲ့ ညကိုပဲ မြင်ရဦးမှာပါ မသိတာရယ်။

✤✤✤

# လူငယ်တစ်ယောက်ရဲ့ လမင်း

မျိုးကျော်စာပေ

မြူပြာတွေနဲ့ သာယာနေတဲ့ နံနက်ခင်းပါပဲ။

မြို့အဝင်လမ်းလေးမှာ စကြာပန်းတွေလည်း ဝင်းဝင်းဝေဝေ ပွင့်နေကြလေရဲ့။

လယ်ကွင်းတွေဆီက စီးမျောလာတဲ့ လေသုန်လေညင်းကလည်း ရှိုးပြတ်ရနံ့ သင်းနေတယ်။

မြို့သူမြို့သားတွေအားလုံး ဘုရားဝတ်ပြုလို့ပြီးခါစ အချိန်ပေါ့။ ချိုလွင်တဲ့ ခေါင်းလောင်းသံတွေက မြို့ကလေးရဲ့နံရံမှာ ဘောင်ဘင်ရိုက်ခတ်နေပါတယ်။

အဲဒီလိုအချိန်မျိုးမှာ ဒီမြို့ကလေးကို ဖုန်မှုန့်တွေနဲ့ နီမှောင်နေတဲ့ လူငယ်လေးတစ်ယောက် ရောက်လာပါတယ်။

..................................................................................

http://www.cherrythitsar.org



(ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ) လမ်းတစ်လျှောက်လုံးမှာ အနောက်တောင်တန်းက တိုင်းရင်းသားတွေရဲ့ သီချင်းတစ်ပုဒ်ကို တိုးတိုးညည်းဆိုလာပါတယ်။

သူ့ကို အမှတ်တမဲ့ကြည့်လိုက်မိရင်း မြို့သူမြို့သားတွေ မျက်မှောင်ကြုတ်သွားတယ်။ သေသေချာချာထပ်ကြည့်ပြီး ဘယ်သူဘယ်ဝါရယ်လို့ မှတ်မိလိုက်တဲ့အခါ သူတို့မျက်နှာတွေ သွေးဆုတ်ဖြူရော်သွားတယ်။

ကသုတ်ကရုတ်နဲ့ ခြေလှမ်းတွေ ယိုင်ထွက်ပြီး လူငယ်နဲ့ဝေးရာကို ရှောင်ကြတယ်။

မကြာမီမှာပဲ 'ဒီမွန်းပြန်လာပြီ'ဆိုတဲ့ သတင်းဟာ တစ်မြို့လုံးကို ပျံ့နှံ့သွားပါတော့တယ်။

အဲဒီသတင်းကြောင့် မြို့လေးဟာ တိတ်ဆိတ်ခြောက်ကပ်သွားတယ်။

ကန်းနေတဲ့မျက်လုံးကို စောင့်ရှောက်အုပ်မိုးပေးနေရတဲ့ မျက်ခုံးမွေးကားကားကြီးလို စိတ်ပျက်လက်ပျက် ငိုင်တွဲကျသွားပါတယ်။

အဲဒီတစ်နေ့လုံးမှာ မြို့သူမြို့သားတွေဟာ တီးတိုးစကားကို အသံပြာအောင် ပြောဖြစ်ကြတယ်။

ညဘက်ရောက်တော့ အိမ်တံခါးတွေလုံအောင်ပိတ်ပြီး စောစောအိပ်ရာဝင်ကြတယ်။

သူတို့တွေဟာ အဲဒီလောက်အထိ ဒီမွန်းကို ရွံ့ရှာကြောက်ရွံ့ကြတယ်။

ဒီမွန်းဟာ ဒီနယ်တစ်လွှားမှာ ပြိုင်ဘက်မရှိခဲ့တဲ့ လူမိုက်ကလေးပါ။

........................................................................

http://www.cherrythitsar.org



(ဘယ်လောက်မိုက်ခဲ့တယ်၊သူတို့တွေ ဘာကြောင့် ဒီလောက်ကြောက်ကြတယ်၊ အခု သူ ဘယ်ကပြန်လာတယ်ဆိုတာတွေကတော့ ထားလိုက်ပါတော့)

ဒီမွန်းပြန်ရောက်ပြီဆိုတော့ အနီးအပါးမြို့ရွာက လူမိုက်ကြီးတွေ၊ လူမိုက်လေးတွေ တဖွဲဖွဲလာရောက်နှုတ်ဆက်ကြတယ်။ ဒီမွန်းကို သူတို့ရဲ့ ခေါင်းဆောင်အဖြစ် တညီတညွတ်တည်း တင်မြှောက်ထားလိုက်တော့တယ်။

မြို့ကလေးကတော့ ဒီမွန်းပြန်ရောက်လာတာနဲ့ ပတ်သက်ပြီး လည်ချောင်းထဲမှာ ပင့်ကူတစ်ကောင် အိမ်ဖွဲ့လာသလို ခံစားရတယ်။ အသက်ရှူရတာလည်း လေထဲမှာ သဲတရှပ်ရှပ်ပါလာသလိုပဲတဲ့။

လူကြီးအချို့ဟာ အိမ်ရှေ့ခန်းမှာထိုင်ပြီး ဆောင်းရာသီ ယပ်တောင်ကြီးတွေကို တဖျပ်ဖျပ်ခတ်နေကြတယ်။

အဲဒီလိုနဲ့ပဲ ဒီမွန်းပြန်ရောက်တာ နေ့ရက်တွေအတော်ကြာလာပါတော့တယ်။

❖❖❖

(၂)

ဒီမွန်းက သိပ်တည်ငြိမ်တယ်။

သူ ပြောဆိုနေထိုင်ပုံကို လေ့လာရင် အတွေ့အကြုံသိပ်များခဲ့တဲ့ လူငယ်တစ်ယောက်မှန်း သိသာတယ်။

ဘာသာစကားလည်း သုံးလေးမျိုးတတ်တယ်။

တစ်ခါတစ်ခါ သူစကားပြောရင် ဘေးလူတွေ အလေးထား နားထောင်နေရတယ်။

ဖရီးမေဆင်ဂိုဏ်းအကြောင်းလည်း ပါတယ်။

.................................................................................

http://www.cherrythitsar.org



ဆာမူရိုင်းယဉ်ကျေးမှုအကြောင်းလည်း ပါတယ်။

စုံလို့ပါပဲလေ။

သေချာတာကတော့ ဒီမွန်းကို လိုလားသူကရော၊ မလိုလားသူကပါ အတိုင်းအတာ ခပ်ကြီးကြီးတစ်ခုထားပြီး သူ့ကို 'ဖြုံ' ရတယ်။

သူ့အယူအဆကလေးတွေကလည်း တစ်မျိုးပဲ။ တစ်ခါက သူပြောဖူးတယ်။

" ကျုပ် ကြေးစားမိန်းမပျက်လေးတွေကို သနားတယ်"

" ဘာဖြစ်လို့လဲ ကိုဒီမွန်းရဲ့"

" မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ တန်ဖိုးအကြီးဆုံးက 'အပျိုရည်'နဲ့ အဲဒါကို ထိန်းသိမ်းထားတဲ့ 'ဣန္ဒြေ'ပဲဗျ။ မပြေလည်တဲ့စားဝတ်နေမှုကြောင့် သူရဲ့အပျိုရည်ကို ရောင်းကုန်တစ်ခုလို ဈေးကွက်တင်ခဲ့ရတဲ့ ဒီလိုမိန်းကလေးတွေကို ကျုပ် သိပ်သနားတယ်"

"ဩော်"

"စားပွဲပေါ်မှာထိုင်၊ ပန်ကာအောက်မှာထိုင်၊ ကောင်တာနောက်မှာထိုင်ပြီး လူတွေကို ညစ်ထုတ် ခေါင်းပုံဖြတ်နေတဲ့ မိန်းမမျိုးနဲ့စာရင် သူခန္ဓာသူရောင်းပြီး ရပ်တည်စားသောက်ရတဲ့ အဲဒီမိန်းကလေးမျိုးကို ကျုပ်သိပ်လေးစားတယ်"

ဒီမွန်းဟာ ငယ်ငယ်တုန်းက ကျောင်းစာထူးချွန်ခဲ့တဲ့လူငယ်တစ်ဦးပဲ။ နောက်ပိုင်းမှာ ကျောင်းဆက်မတက်တော့ပေမယ့် တက်ခဲ့စဉ်က 'လူရည်ချွန်

ဆု’ နှစ်ခါရဖူးတယ်။ အဲဒါကြောင့် သူရဲ့အခြေအနေတွေက တစ်ခါကျရင် ‘ကျောင်းကို မလွမ်းဘူးလား’လို့ မေးတယ်။

သူက ခေါင်းခါတယ်။

“ပညာတွေလဲ သိပ်မတတ်ချင်ပါဘူး။ လွမ်းစရာသိပ်များတဲ့ လောကကြီးမှာ ပညာနဲ့လွမ်းရတာ အနာဆုံးပဲ”

“ဘာကို ဆိုလိုတာတုန်းဗျ”

“သြော်. . . မဖြစ်သင့်တာတွေ ဖြစ်တာကိုမြင်ရင် ဖြစ်သင့်တာက တစ်မျိုးဆိုတဲ့အတွေးနဲ့ နှမြောနာကျင်ရတာ ပညာတတ်တွေရဲ့ ဝဋ်ဒုက္ခပဲလေ“

“သြော်. . . သြော်”

မြို့ထဲက အဆီပြန်မျက်နှာနဲ့ ရှေ့နေဝဝဖိုင့်ဖိုင့်ကြီးကိုဆိုရင် ဒီမွန်းက သိပ်ကြည့်မရပါဘူး။

(အန္တရာယ်တော့လည်း မပေးပါဘူး)

အဲဒီရှေ့နေကြီးကိုတွေ့ရင် သူ့လူတွေကို မေးငေါ့ပြတယ်။

“အဲဒါ နိရှေးရဲ့ အန်သိုလိုဂျီကျမ်းကြီးပေါ့”

သူ့လူတွေက ဘယ်နားလည်ပါ့မလဲ။ သူက ရှင်းပြတယ်။

“ဟစ်တလာက မူဆိုလီနီကို မွေးနေ့လက်ဆောင်ပေးနေတဲ့ ကျမ်းကြီးလေ၊ ခင်ဗျားဖတ်မလား”

“ဟာ. . . မဖတ်ချင်ပါဘူး”

“အေး. . . အဲဒါဆို အဲဒီလူကြီးကိုလဲ မကြည့်နဲ့၊ လာ ကျုပ်တို့မျက်နှာ

http://www.cherrythitsar.org



လွဲထားရအောင်”

ဒီမွန်းက အဲဒီလို လူမိုက်မျိုး၊ နည်းနည်းတော့ ‘အံ့’ လောက်ပါတယ်။

တစ်နေ့တော့ မြို့ကလေးရဲ့နာရီစင်အောက်မှာ သူတို့အုပ်စု လက်ဖက်ရည်ထိုင်သောက်နေတုန်း ကျူရှင်တစ်ခုက ကျောင်းသူကလေးတွေဆင်းလာတယ်။ အဲဒီကျောင်းသူတွေထဲကတစ်ယောက်ကို တွေ့လိုက်တာမှာ ဒီမွန်းရဲ့မျက်လုံးတွေ ဝိုင်းစက်ပျော့ပျောင်းသွားပါတယ်။

“ဟမ်းလော့”

“မဟုတ်ဘူး။ သူ့နာမည် ဟမ်းလော့မဟုတ်ဘူး”

“ဟမ်းလော့(**Hemlock**)ဆိုတာ ပန်းဖြူတွေပွင့်တဲ့ အပင်တစ်မျိုးကို ပြောတာ။ သူ့နာမည် ဘယ်သူလဲတော့ ကျုပ်မသိဘူး။ ဒါပေမယ့် ကျုပ်အတွက်တော့ သူဟာ ဟမ်းလော့ပဲ။ ကျုပ် သူ့ကို. . . ”

အားလုံး အံ့ဩသွားကြတယ်။

ဒီမွန်းရဲ့ သတ္တုရင်ခွင်ထဲမှာ အချစ်ဆိုတဲ့ပန်းလေးဟာ မွှေးအောင်ဘယ်လိုပွင့်သွားသလဲ။

တကယ်တော့ အဲဒီနေ့ဟာ ဘာမှမဆန်းပြားလှပါဘူး။

သာမန်နေရောင်ခြည်တွေနဲ့ တောက်လောင်နေတဲ့ နေ့ပါပဲ။

လေထဲမှာ ငှက်ကလေးတွေ ကူးခတ်ပြီး ရေထဲမှာ ငါးတွေပျံသန်းနေကြတာလည်း အရင်အတိုင်းပါပဲ။

တစ်ခုတော့ရှိတယ်။

အပြန်လမ်းမှာ ဒီမွန်းတစ်ယောက်တည်း ခေါင်းငုံ့လျှောက်လှမ်းရင်း အတွေးတွေ ဝေနေခဲ့တော့တယ်။

✤✤✤

(၃)

အဲဒီလိုနဲ့ ဒီမွန်းရဲ့ လူငယ်ညတွေမှာ လရောင်ဖြူတွေက လေတိုက်တိုင်း တဖျပ်ဖျပ်လွင့်ခတ်နေကြတယ်။

တစ်ညမှာ တစ်ကြိမ်သာမြင်ခွင့်ရှိတဲ့ ‘လထွက်ချိန်’ကို ငြိမ်သက်ပြီး သူစောင့်ငေးခဲ့ပြီ။ သစ်ခြောက်ပင်ကြီးပေါ်မှာ နှင်းခါးတွေ အုံ့အုံ့မှိုင်းမှိုင်းဝေတာကိုလည်း လမ်းပေါ်ကနေ သူ ရပ်ကြည့်နေတတ်ပြီ။ အိပ်ပျော်ချိန်မှာလည်း ပန်းဖြူတစ်ပွင့်ပန်ထားတဲ့ ရိုမန်တစ် အိပ်မက်တစ်ချို့ကိုပဲ ဥာန်ကုန်အောင် သူ မက်ခဲ့မိပေ့ါ။

.................................................................................

http://www.cherrythitsar.org



ဟမ်းလော့ကို သူစွဲလမ်းမိတဲ့ကိစ္စက သိပ်တော့အဆင်မသင့်လှပါဘူး။ ဟမ်းလော့ဟာ ဒီမြို့ရဲ့ အလှဆုံးမိန်းကလေးတွေထဲမှာ ပါပါတယ်။ မိဘတွေကလည်း ငွေကြေးချမ်းသာပြီး အလိုလိုက်ကြလို့ သူမဟာ ပေါ့ပေါ့တန်တန် ကြီးပြင်းလာတယ်။

အရွယ်ရောက်လာတော့ မျက်နှာများပြီး ရည်းစားမြိုင်တယ်။ လမ်းဘေးအုတ်ခုံမှာထိုင်တဲ့ လူငယ်လေးတွေက သူ့ကို အသည်းခွဲဘုရင်မလို့ ခေါ်တယ်။ အဲဒီလိုမျိုးပေါ့။

သူမကို ဒီမွန်း စွဲလမ်းနေတယ်ဆိုတဲ့သတင်းကလည်း ပျံ့ထွက်လာရော သူမတို့မိသားစုဟာ တုန်လှုပ်ချောက်ချားသွားပါတယ်။ ဒီမွန်း အန္တရာယ်ပေးမှာ တစ်စုံတစ်ရာ တောင်းဆိုမှာတွေကို သူတို့ စိုးရိမ်ကြတယ်။ ဒီမြို့ကို စွန့်ခွာထွက်သွားဖို့ဆိုတာလည်း မလွယ်ကူလို့ တစ်နေ့နေ့မှာ ဘာဖြစ်လာမလဲဆိုတာကိုပဲ တထိတ်ထိတ်နဲ့ စောင့်နေကြရတယ်ပေါ့။

ဟမ်းလော့ဘက်ကလည်း ဂုဏ်တတ်သွားတာလေးတွေ ရှိပါတယ်။ သူမလိုလှတဲ့ တခြားမိန်းကလေးတွေလည်း ရှိသေးရက်နဲ့ သူမကိုမှ ဒီမွန်းက တွယ်ငြိသွားရခြင်း၊ ဒီမွန်းလို စက်ရုပ်လူတစ်ယောက်ကို ရင်ခုန်အောင် ဆွဲဆောင်နိုင်ခြင်းတွေဟာ သူမတို့မိန်းကလေးတွေကြားမှာတော့ ဟမ်းလော့ ခေါင်းမော့စရာပါပဲ။

အနေဝေးသူတွေအတွက် ဒီမွန်းက ခန့်မှန်းရခက်တယ်။ ခိုင်လုံတဲ့ သတင်းရပ်ကွက်က ထွက်လာတာသာမဟုတ်ဘူးဆိုရင် ဒီသတင်းဟာ ယုံချင်

စရာ မကောင်းဘူး။

ဒီမွန်းက တည်တည်ကြည်ကြည်ပါပဲ။

ဟမ်းလော့အပေါ် နူးညံ့သိမ်မွေ့နေတာကလွဲလို့ တခြားဘာအရိပ်အခြည်ကိုမှ မပြပါဘူး။ အဲဒါကြောင့် ဟမ်းလော့တို့အသိုင်းအဝိုင်းက ပိုပြီး စိုးရိမ်လာကြတယ်။

တစ်နေ့မှာ သူတို့က 'နတ်ပွဲ'တစ်ခု ကျင်းပပါလေရော။

နတ်ပွဲလုပ်ရတာကတော့ သူတို့ရဲ့သမီးလေးမှာ ကြုံရမယ့် အနှောင့်အယှက်တွေကို နတ်ကတစ်ဆင့် တားဆီးကြည့်တာပါ။

ဒါပေမယ့် အဲဒီပွဲကို ဒီမွန်းက လာကြည့်တယ်။

ပြီးတော့. . .

"ဟေ့လူ. . . လာဦး"

နတ်ဝင်သည်ကို သူ့ဆီခေါ်တယ်။ နတ်ဝင်သည်က ကြောက်နေတယ်။

(နတ်ဝင်သည်မှ မဟုတ်ဘူး။ အဲဒီအချိန်မှာ အားလုံးကြောက်နေပြီ)

ဒီမွန်းက နတ်ဝင်သည်ကိုပြောတယ်။

"ခင်ဗျားကို မြှားနတ်မောင် ဝင်ပူးအောင် လုပ်စမ်းပါ။ နေဦး မြှားနတ်မောင်နဲ့ ဖူးစာရေးနတ်ဆိုတာ အတူတူပဲလား"

"အဲ. . . . ကျွန်. . . ကျွန်တော် မသိ. . . . "

"ခင်ဗျားနတ် 'က'စားနေပြီး မသိဘူးလား။ ကဲ. . . ထားပါတော့။ တူတူ မတူတူ ဝင်ပူးအောင်လုပ်စမ်း"

“အဲ့. . . အဲဒီနတ်က တကယ်ရှိလို့လား”

“ဟင်. . . ခင်ဗျားက ကျုပ်ကိုပြန်မေးနေတယ်။ ကျုပ်က ဘယ်သိမှာလဲ။ ကဲ အဲဒီနတ်တွေ မသေချာရင် ‘ကျူးပစ်’ဝင်ပူးစမ်း။ ကျူးပစ်ဆိုတာ အချစ်နဲ့ပတ်သက်တဲ့ ရောမက နတ်ပဲ”

“ရ. . . ရမှာ မဟုတ်ဘူးဆရာ။ ဒါ. . . ဒါက ရောမမှ မဟုတ်ဘဲ မလွယ်. . . ”

ဒီမွန်းက စိုက်ကြည့်တော့ နတ်ဝင်သည် ကြောက်ဒူးတုန်နေတယ်။

ဒါပေမယ့် ဒီမွန်းက ဘာမှမလုပ်ပါဘူး။

ဘွိုင်းဂျော့ရဲ့ သီချင်းအလိုက်အတိုင်း လေချွန်ပြီး အေးအေးဆေးဆေး လှည့်ပြန်သွားတယ်။

ညနေကျတော့ မြို့ပြင်က ပိတောက်ပင်ကြီးအောက်မှာ သူတစ်ယောက်တည်း ဂစ်တာကြိုးတပ်နေတယ်တဲ့။

သူ့ကိုလည်း သတိပေးသူက ပေးပါတယ်။

“ဟမ်းလော့တို့မိသားစုက အစ်ကို့ကို မလိုလားကြဘူး အစ်ကို”

“အဟင်း. . . ဟမ်းလော့ကိုယ်တိုင်ကရော”

“အဲဒါတော့ မသိဘူးအစ်ကို။ ဒါပေမယ့် သူက ယောက်ျားလေးတွေကို ကစားတတ်၊ ပညာပြတတ်တယ်”

“ဒီလောက်တော့ရှိမှာပေါ့လေ။ ဟမ်းလော့ဆိုတာကိုက အဆိပ်ပင်တစ်မျိုးပဲဟာ”

http://www.cherrythitsar.org



“ဟင် ပန်းဖြူပွင့်တဲ့ အပင်ဆို”

“အေးလေ၊ ပန်းဖြူပွင့်တဲ့ အဆိပ်ပင်”

အဲဒီလိုနဲ့ ရာသီဥတုသာယာတဲ့တစ်နေ့မှာ ဒီမွန်းက ဟမ်းလော့ကို စကားတစ်ခွန်းပြောပါတယ်။

ရိုးရိုးရှင်းရှင်းပါပဲ။

မင်းကို ချစ်တယ် တဲ့။

(၄)

“တစ်ခါတည်း အဖြေမတောင်းဘူးလား”

လို့ ဒီမွန်းကို ဝိုင်းမေးကြတယ်။

ဒီမွန်းက ဘာမှပြန်မပြောဘူး။ မေးလွန်းမက မေးကြတဲ့အခါမှ သူက လက်ဖက်ရည်စားပွဲပေါ်မှ မြေဖြူနဲ့ ရေးလိုက်တယ်။

“ငပေ၊ ငမှေး၊ မအေပေး . . . မို့

အဖြေကလေး ပေးပါကွယ်”တဲ့။

ပထမတော့ အားလုံးကြောင်သွားပြီး နောက်မှ ရယ်လိုက်ကြတာ

သောသောညံလို့ပေ့ါ။

"ကိုဒီမွန်းက ကဗျာလဲရေးတတ်တာကိုး။ သိပ်မိပဲဗျာ"

လို့ ဝိုင်းပြောကြတယ်။

ဒီမွန်းကတော့ ထုံးစံအတိုင်း အေးတိအေးစက်ကြီးပါပဲ။

ဟမ်းလော့က ဒီမွန်းကို ပြောပါတယ်။ သူ့ကိုချစ်ရင် စာမေးပွဲတစ်ခု အောင်အောင်ဖြေပေးပါတဲ့။ ဟမ်းလော့ပြောတဲ့ စာမေးပွဲက အင်မတန်ခက်ခဲတဲ့ စာမေးပွဲပါ။ သက်ဆိုင်ရာ ပညာသည်တွေအတွက်တောင် အသက်ရှူမှားရတဲ့ စာမေးပွဲဟာ ဒီမွန်းလိုလူတစ်ယောက်အတွက် တွေးဝံ့စရာ မရှိပါဘူး။ ဒါပေမယ့် အံ့သြလောက်အောင်ကို တောင်းဆိုသူက တောင်းဆိုပြီး ခေါင်းညိတ်သူက ခေါင်းညိတ်လိုက်တယ်။

အဲဒီစာမေးပွဲကို ဒီမွန်းဖြေမယ်တဲ့။

(အဲဒီစာမေးပွဲဟာ နိုင်ငံကြီးတစ်နိုင်ငံကြီးမှုးတဲ့ အပြည်ပြည်ဆိုင်ရာ စာမေးပွဲတစ်ခုပါ)

ဟမ်းလော့ကို သူ တစ်ခွန်းပြောခဲ့တယ်။

"ကိုယ့်သဘာဝအရတော့ ဒါတွေကို စိတ်မဝင်စားတော့ပါဘူး။ နီမ့်ပြ၊ မြင့်ပြ၊ ဆုတ်ပြ၊ ဆန်းပြနဲ့ မင်းရှေ့မှာ ဂဏန်းတွေ တစ်လုံးပြီးတစ်လုံး ဖြစ်ပြနေတဲ့ လူတွေထဲမှာလည်း ကိုယ်မပါချင်ဘူး။ ဒါပေမယ့် မင်းတောင်းဆိုလို့ ကိုယ်ကြိုးစားမယ်။

ကိုယ်က လူမိုက်ပါ။ လူမိုက်အတိုင်းအတာအထိပဲ စွမ်းနိုင်လိမ့်မယ်။

.................................................................................

ကြယ်တံခွန်ကို ကိုယ်မဆွတ်နိုင်ဘူး။ ဒါပေမယ့် လူမိုက်ဟာ လူမိုက်လို တွေးတယ်။ ကိုယ်ကိုယ်တိုင်က 'လူတံခွန်'ဖြစ်အောင် လုပ်မယ်။

အဲဒီတော့ မင်းစောင့်နေလေ။ အဲဒီစာမေးပွဲကို ကိုယ် အောင်အောင်ဖြေပြီး မင်းဆီ ကိုယ်ပြန်လာခဲ့မယ်"

အဲဒီလိုနဲ့ ဒီမွန်းဟာ ကျောင်းတော်သားတစ်ယောက် ပြန်ဖြစ်သွားတယ်။

ဒါပေမယ့် သူ့ကျောင်းက ခေါင်းလောင်းမထိုးဘူး။ သူကလည်း ဖောင်တိန်၊ စာရွက်၊ ဖတ်စာအုပ် စတာတွေ ဘာမှမဆောင်ဘူး။

သူဖြေဆိုရမယ့် ဘာသာရပ်နဲ့ပတ်သက်ပြီး မြို့ပြင်က ကျောင်းဆရာအို ကြီးတစ်ယောက်ထံမှာ (**SYMPOSIUM**)ဆိုတဲ့ စနစ်နဲ့ သင်ယူပါတယ်။

သူနဲ့ ဆရာကြီးဟာ အရိပ်ကောင်းတဲ့ သစ်ပင်အောက်မှာ ထိုင်တယ်။ မြေပြင်မှာ တုတ်နဲ့ခြစ်ပြီး အပြန်အလှန်ပြောဆို ဆွေးနွေးကြတယ်။ ပြန်လည် ငြင်းခုံခွင့်ရော၊ နည်းလမ်းဆန်းသစ်ခွင့်ရော သူရတယ်။

အဲဒီလိုနဲ့ ဒီပညာကို လေ့လာခဲ့တယ်။

(ဆရာကြီးရဲ့သမီးဖြစ်သူဟာလည်း ဒီဘာသာရပ်နဲ့ ပတ်သက်ပြီး ကျမ်းပြုစာတမ်းတစ်စောင် ရေးသားခဲ့ဖူးတယ်။ အစပိုင်းမှာပဲ ဆရာကြီးက သင်ပေးနိုင်ပြီး နောက်ပိုင်း သူ ကျန်းမာရေးမကောင်းတဲ့အခါ သင်မပေးနိုင်တော့ ဘူး။ ဆရာကြီးကိုယ်စား သူ့သမီးက ဆက်လက်သင်ပြပေးတယ်။ ဘာပဲဖြစ် ဖြစ် ဒီမွန်းကတော့ ကြိုးစားပါတယ်)

မီးခိုးငွေ့တန်းကို ကြိုးကွင်းနဲ့ ပစ်ဖမ်းတာကမှ လွယ်ဦးမယ်။

.....................................................................

http://www.cherrythitsar.org



ဒီစာမေးပွဲကို အောင်မြင်ဖို့ မလွယ်ပါဘူး။

ဒါပေမယ့် ဒီမွန်းကတော့ တိုက်ပွဲဝင်သွားပါပြီး။ စစ်ရထားပေါ်ကနေ အားလုံးကို လက်ပြနှုတ်ဆက်ထားပါပြီ။

မြို့ပတ်လမ်းမှာ၊ သင်္ဘောဆိပ်မှာ၊ မြင်းလှည်းပေါ်မှာ၊ ပန်းခြံထဲမှာ ကျောင်းစာတွေ လေးလေးနက်နက်စဉ်းစားနေတဲ့ ဒီမွန်းကို အားလုံးတွေ့ကြရ တယ်။

(အားလုံးကလည်း မသိမသာ အကဲခတ်နေကြတယ်)

အဲဒါကို ဟမ်းလော့နဲ့ အပေါင်းအပါတွေက မသိမသာ မျက်စပစ် တယ်။ ဒီမွန်းရှေ့မှာ ဘာသံမှ မထွက်ရဲပေမယ့် ကွယ်ရာမှာတော့ ဒီမွန်းကို ငပေါတစ်ယောက်လို ဟားကြတယ်။

ဒီမွန်းလိုကောင်ကို ဝပ်သွားအောင် ပြုစားလိုက်နိုင်တဲ့ ဟမ်းလော့ရဲ့ နားထဲကိုလည်း ချီးကျူးစကားတွေ အများကြီးရောက်လာတယ်။ အဲဒီအချိန်မှာ တော့ သူမတို့အတွက် ပျော်စရာဆိုတာ ဒီမွန်းကို ကျိတ်ရယ်နေကြခြင်းပါပဲ။

အဲဒါတွေအားလုံးကို ဒီမွန်း ပြန်ကြားပါတယ်။ သူ့ဆီကိုလည်း စာတစ်စောင် ရောက်လာတယ်။

ဟမ်းလော့ကို ဒီမွန်းထက်အရင်ချစ်ခဲ့ပြီး ဒီမွန်းကြောင့် နောက်ဆုတ် ပေးရတဲ့ လူငယ်တစ်ယောက်ဆီကပါ။ ဟမ်းလော့ကို သူသိပ်ချစ်တယ် ဆိုတာကို နာမည်မဖော်ဘဲ ကြေကြေကွဲကွဲ ရေးထားတာပါ။

ဒီမွန်းကတော့ ဘာကိုမှ မခံစားရသလိုပါပဲ။

http://www.cherrythitsar.org



သူ့ကျောင်းစာကိုပဲ သူလေ့လာပြီး နောက်ဆုံးတော့ သံရုံးမှာ ဖြေဆိုဖြစ်တယ်။ စာမေးပွဲအကြောင်း ဘာမှ ပြန်မပြောဘဲ မြို့မှာ ပုံမှန်ပြန်နေတယ်။

သူ့ထုံးစံအတိုင်း အေးတိအေးစက်ကြီးပါပဲ။

❖❖❖

(၅)

လောကကြီးမှာ မာယာများတတ်တယ်နော်။

တချို့ညတွေမှာ ကြယ်တာရာတွေရံပြီး တချို့ညတွေမှာ လင်းနို့တွေ သင်းဖွဲ့ပျံနေကြတယ်။

မြင်းစီးသူရဲချင်းတူတာတောင် ကိုင်တဲ့ကျာပွတ်ချင်း မတူဘူး။

အဲဒီလို မျက်လှည့်ပြတတ်တဲ့ လောကကြီးထဲမှာမှ ဒီမွန်းက ဟမ်းလော့ ကိုချစ်ရတာ ဘီလူးတစ်ကောင်က ရွှေမင်းသမီးလေးကို မြတ်နိုးရသလိုပါပဲ။

ဟမ်းလော့ဘက်ကတော့ ဒီမွန်းကို ကြောက်တာတစ်ခုတည်းသိပြီး

ဘာမှ အလေးအနက်မရှိခဲ့ပါဘူး။ အောင်မှာမဟုတ်တဲ့ စာမေးပွဲကြီးတစ်ခု ဖြေခိုင်းပြီး လွယ်လွယ်ကူကူ ပထုတ်လိုက်တာပါ။ မတော်တဆ အောင်သွားရင် ဘယ်လိုလုပ်မလဲ။ ကျဦးတော့ ဒီမွန်းက နောက်ဆုတ်မပေးရင် ဘယ်လိုလုပ်မလဲဆိုတာတွေလည်း သူမ ကြိုတွေးမထားပါဘူး။

ဒီမွန်းရဲ့ စာမေးပွဲအတွက် အောင်စာရင်းထွက်ဖို့ နီးလာတာနဲ့ မြို့သူမြို့သားတွေ စိတ်ဝင်တစား စောင့်ကြည့်လာကြတယ်။

တစ်နေ့မှာတော့ ဟမ်းလော့တို့အသိုင်းအဝိုင်းက မီးပုံပွဲတစ်ခု လုပ်ကြတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ အဲ့ဒီနေ့ဟာ ဒီမွန်းအောင်စာရင်းထွက်တဲ့ နေ့ဖြစ်တယ်။

အောင်စာရင်းကြည့်ဖို့အတွက် ဒီမွန်းဟာ မနက်အစောကြီး သူ့အိမ်က ထွက်သွားပါတယ်။

သူပြန်အလာကို ရင်မောမောနဲ့ စောင့်ကြိုရင်း မြို့ကလေးလည်း ရင်ခုန်သံတွေ တရိပ်ရိပ်မြန်နေပါတယ်။

ညနေစောင်းတဲ့အထိ ဒီမွန်း ပြန်ရောက်မလာပါဘူး။

ဟမ်းလော့တို့ဟာ ဒီမွန်းရှုံးနိမ့်သွားပြီဆိုတဲ့အသိနဲ့ မီးပုံပွဲကို ပျော်ပျော်ရွှင်ရွှင် စတင်လိုက်ကြပါတယ်။

တစ်ယောက်က ဟမ်းလော့ကို နောက်တယ်။

'ဒီမွန်း အောင်ခဲ့ရင် ဘယ်နှယ့်လုပ်မလဲ'တဲ့။

ဟမ်းလော့က ချစ်စရာအမူအရာလေးနဲ့ ရယ်ရင်း

http://www.cherrythitsar.org



'သူ အောင်မှာမဟုတ်တဲ့ စာမေးပွဲပါ'လို့ ပြောတယ်။

ဟမ်းလော့ရဲ့အမေကလည်း နံဘေးနားမှာ ရှိတယ်။ နားသယ်စပ်က ဆံပင်တွေကို သပ်တင်သလိုလိုနဲ့ သူ့နားရွက်က စိန်နားကပ်ကြီးကို လူမြင်အောင် ပြနေတယ်။

ချင့်ချိန်တတ်ပုံရတဲ့ အရာရှိကြီးတစ်ယောက်က ဝင်ပြောတယ်။

'ဒီမွန်းက စာမေးပွဲအောင်ချင် အောင်လာမှာ။ သိပ် လျှော့မတွက်နဲ့' တဲ့။

'ဒီမွန်းက ဉာဏ်ရည်သိပ်မြင့်တယ်။ သူဖြစ်ချင်တာကိုလဲ ဖြစ်အောင် လုပ်တတ်တယ်'တဲ့။

အဲဒီစကားကြားတော့ ဟမ်းလော့ နည်းနည်းမျက်နှာပျက်သွားပြီး ဟမ်းလော့ရဲ့အမေက ထိုင်ရမလို၊ ထရမလို ဖြစ်သွားတယ်။

ခဏကြာတော့ နိုင်ငံခြားပြန်ဆရာဝန်တစ်ယောက် ရောက်လာတယ်။ ဒီမွန်းစာမေးပွဲကိစ္စကို တဟားဟားအော်ရယ်ပြီး. . .

"စိတ်ချပါဗျာ၊ ဒီမွန်းက ဘယ်လိုလုပ် အောင်မှာလဲ။ ဒီစာမေးပွဲအောင်ဖို့ ဆိုတာ အမေရိကားမှာတောင်. . " ဘာညာပြောတယ်။

ဟမ်းလော့လည်း စိတ်အေးသွားတယ်။ ဟမ်းလော့ရဲ့အမေက ငွေစက္ကူ ကြီးတစ်ရွက်ကို ထောင့်စွန်းလေးဖြစ်အောင်လုပ်ပြီး နားဖာချေး ကလော်နေ တယ်။

(နားဖာချေးကလော်သလိုလိုနဲ့ နားရွက်က စိန်နားကပ်ကြီးကို

http://www.cherrythitsar.org



လူသတိထားမိအောင် ပြနေတယ်)

နောက်ထပ်ဧည့်သည်တစ်ယောက် ရောက်လာတယ်။ သူကတော့ ကျောင်းဆရာတစ်ယောက်ဖြစ်ပြီး ဒီမွန်းနဲ့လည်း စကားအပြောအဆိုရှိတယ်။

'ဒီမွန်းက ရန်ကုန်ကို ဖုန်းနဲ့ ကြိုမေးပြီး အောင်စာရင်းသွားကြည့်တာ' တဲ့။

'လေကလေးချွန်ပြီး ထွက်သွားတာပဲ။ အောင်တယ်ထင်တယ်'တဲ့။

သူ့စကားကြောင့် ဟမ်းလော့က နှုတ်ခမ်းလေးကို ကိုက်ထားပြီး ဟမ်းလော့ရဲ့အမေက ထိုင်ရမလို ထရမလိုဖြစ်နေတယ်။

အဲဒါနဲ့ သူတို့ကလည်း ရန်ကုန်က နှံစပ်တဲ့မိတ်ဆွေတစ်ယောက်ဆီ အဲ့ဒီစာမေးပွဲအကြောင်း ဖုန်းဆက်မေးလိုက်တယ်။ မိတ်ဆွေက ပြန်ပြောတယ်။ ဆယ်ရာခိုင်နှုန်းပဲ အောင်တယ်။ ကိုးဆယ်ရာနှုန်း ကျတယ်တဲ့။

ဟမ်းလော့က သက်ပြင်းချတယ်။ ဟမ်းလော့ရဲ့အမေက ဝမ်းသာအားရ ပြုံးလာတယ်။ ဟိုဘက်လှည့် နှုတ်ဆက်၊ ဒီဘက်လှည့်နှုတ်ဆက်နဲ့ သူ့ စိန်နားကပ်ကြီးကို လည်လိမ်ပြီး ပြနေတယ်။

ညမှောင်လာတာနဲ့အမျှ မီးပုံပွဲက ပိုပြီးစည်ကားလှပလာတယ်။ ဟမ်းလော့ရဲ့အပေါင်းအပါတွေ အောင်ပွဲခံသလို စားသောက်နေကြတုန်း သတင်း တစ်ခု ဝင်လာတယ်။

ဒီမွန်း မနက်ကထွက်သွားတဲ့ သူရဲ့ (သိမ်းထားတာကြာပြီဖြစ်တဲ့) နာမည်ကျော် စားမြှောင်ကို ကိုယ်မှာဆောင်သွားတယ်။ သူစာမေးပွဲကျရင်

http://www.cherrythitsar.org



ဟမ်းလော့ကို အကြမ်းနည်းနဲ့ လုယက်ခေါ်ဆောင်ဖို့ ဖြစ်နိုင်တယ်တဲ့။ ဟမ်းလော့က မျက်လုံးဝိုင်းနေပြီး ဟမ်းလော့ရဲ့အမေက ထိုင်ရမလို၊ ထရမလို ဖြစ်နေတယ်။

နောက်တော့ ဧည့်သည်တစ်ယောက် အမောတကော ရောက်လာပြီး သူတို့ရှေ့မှာ ရပ်တယ်။

ဟမ်းလော့ရဲ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်လာတယ်။

ဧည့်သည်က အထစ် အထစ်နဲ့ ပြောတယ်။

'ဒီမွန်း အခုပဲ ပြန်ရောက်လာပြီ' ဆိုလို့ ထရပ်မိတဲ့ ဟမ်းလော့ရဲ့ အမေဟာ. . .

'ဒီကိုတော့ မလာသေးဘူး'ဆိုတဲ့ စကားကြောင့် ပြန်ထိုင်မလို လုပ်ပြီး ခါမှာ. . .

'ဟော့ဒါပေးလိုက်တယ်' ဆိုတာကြောင့် မထိုင်မိဘဲ ကုန်းကုန်းကွကွ ဖြစ်နေတယ်။

(ခြုံငုံသုံးသပ်ရရင်တော့ သူခမျာ ထိုင်ရမလို ထရမလို ဖြစ်နေတယ်)

ဒီမွန်းပေးလိုက်တာ စက္ကူအိတ် တစ်အိတ်ပါ။ အဲဒါကို သူတို့တွေ ကြောက်ကြောက်လန့်လန့်နဲ့ဖွင့်ကြတယ်။

"အို"

ပထမဆုံးထွက်လာတာကတော့ အဲဒီစာမေးပွဲကို ဒီမွန်းက ပြောင်ပြောင်မြောက်မြောက် အောင်မြင်လိုက်တဲ့အကြောင်း သိသာခိုင်မာတဲ့ အထောက်

http://www.cherrythitsar.org



အထားစာရွက်ပါ။

ဟမ်းလော့တို့ အပေါင်းပါတစ်စုလုံး မွန်ထူသွားကြတယ်။

ဟမ်းလော့ဆိုရင် မျက်စိတွေပြာပြီး ကတုန်ကယင်ဖြစ်သွားတယ်။

'ဆက်ဖတ်ကြည့်စမ်းပါဦး'လို့ ဘေးလူတွေက တုန်လှုပ်သတိပေးရတယ်။

ဆက်ကြည့်တယ်။

ဒုတိယထွက်လာတာက လက်ဘာတစ်ပုဒ်ပါ။

အရိုးခွံကို အရေပြားနဲ့ပတ်ထားတဲ့ ရုပ်အလှဟာ မမြဲသောတရားသာဖြစ်လို့ ဒီအပေါ်မှာ ဂုဏ်မမောက်သင့်ဘူးဆိုတဲ့အကြောင်း ဆုံးမထားတဲ့ သံဝေဂလက်ာကြီးပါ။

တတိယထွက်လာတာကတော့ လျှာထုတ်ပြောင်ပြရင်း လက်ဝှေ့ရမ်းနှုတ်ဆက်နေတဲ့ ကာတွန်းရုပ် တစ်ရုပ်ပါပဲ။

အောက်က စာတစ်ကြောင်း ရေးထားတယ်။

'ဒီဘဝမှာ နှမလက်လျှော့နေလေတော့'ဟု။

အဲ့ဒီအောက်ကနေ ဒီမွန်းရဲ့လက်မှတ်ကို သူ့နာမည်ရင်းနဲ့ ရေးထိုးထားတယ်။

❖❖❖

(၆)

အဲဒီညနေဟာ ရွှေအိုရောင်မြူခိုးတွေနဲ့ ရိုးရိုးသားသားလှပနေခဲ့တယ်။ ဒီမွန်းက သူ့ကိုစာပြပေးတဲ့ ဆရာမလေးဆီ ဝင်နေတာပါ။

"မမ ကျွန်တော် စာမေးပွဲအောင်တယ်"ဆိုတော့ ကောင်မလေးက ကြည်ကြည်လင်လင် ပြန်ပြုံးပြတယ်။

ဒီမွန်းက သူ့ကိုယ်ပေါ်က ဓားမြှောင်ကို ကောင်မလေးရဲ့ ရှေ့ဘက် မြေပြင်မှာ ပစ်ချပြီး. . .

"ကျွန်တော့်လူမိုက်ဘဝကို မမရှေ့မှာ ကျွန်တော်လက်နက်ချလိုက်

ပြီ။ ကျွန်တော့်ကို ဒီမွန်းလို့ မခေါ်နဲ့တော့”လို့ ပြောတယ်။

နောက်ထပ်လည်း စကားတွေ အများကြီးပြောတယ်။

တိုးညင်းနွေးထွေးတဲ့ သူ့စကားတွေကို နားထောင်ရင်း ကောင်မလေး မျက်လွှာချတယ်။ အေးငြိမ်းတဲ့မျက်နှာလေးဟာ တဖြည်းဖြည်း အောက်ငုံ့သွားတယ်။

လေတွေ တသုန်သုန်တိုက်တဲ့အခါ သူ့ဆံနွယ်မျှင်လေးတွေက အနုပညာဆန်ဆန် မျောလွင့်နေကြတော့တယ်။

✤✤✤

ဒီမွန်း (Demon) = နတ်ဆိုး

<u>စာကြွင်း</u>

ဒီဇာတ်လမ်းနဲ့ပတ်သက်ပြီး ကျွန်တော်က. . .

(က) စိတ်ကူးယဉ်၍ ရေးသားခြင်းဖြစ်သည်။

(ခ) ဖြစ်ရပ်မှန်တစ်ခုကို ရေးသားထားခြင်းဖြစ်သည်လို့ အဆိုနှစ်ခု ပေးခဲ့ရင် ဘယ်ဟာမှန်တယ်ထင်ပါသလဲ။ ရဲရဲတွေးပြီး အမှား၊ အမှန် ခြစ်ကြည့်စမ်းပါ။

.................................................................................

http://www.cherrythitsar.org

http://www.cherrythitsar.org



# အိမ်ကလေး

(၁)

ခြံထဲမှ ပင်အိုတို့၏ ကပိုကရိုနိုင်သော ကိုင်းရွက်ဖားလျားတို့က ညိုအုပ်လှပနေသည်။ ခြံထဲ၌ ညီညာသေသပ်သော သစ်သား နှစ်ထပ်အိမ် ကလေးတစ်လုံးရှိ၏။ ဥရောပ မြို့စွန်မြို့ဖျားမှ ပါးပါးလျားလျား သစ်လုံး အိမ်ကလေးနှင့်ပင် တူသေးတော့သည်။ တစ်ခါတစ်ခါ ရေခဲငွေ့များကြားမှ မြင်ရသော စက္ကူရုပ်တိုက်ကလေး ယင်းအိမ်ကလေးက လှပါသည်။ မြူခိုး မြူပြာများကြားတွင် လည်းကောင်း၊ နှင်းဝတ်နှင်းပေါက်များ ကြား တွင် လည်းကောင်း အိမ်ကလေးသည် မှုန်ဝါးမှိုင်းပျကာ အနုပညာ

ဆန်လွှန်းလှ၏။

အိမ်ကလေးက ဆောင်းရာသီမှာ မြောက်ပြန်လေကို ခါချတတ်၏။ နွေဦးပေါက်ကျတော့လည်း ပိတောက်အရက်ကို သောက်နေသည်။ အချို့သော ညများတွင်တော့ သူ့အသွင်က ကောင်းကင်မှာခုနှစ်စဥ်ကြယ် ပါးပျဉ်းထောင်သလို လင်းမြတောက်ပနေသည်။

သို့သော် ဤမျှလှပသော အိမ်ကလေး၌ အမှားအယွင်းတွေ ဝေနေအောင် ပွင့်ထွက်သွားခဲ့၏။ ပြဿနာကတော့ အပေါ်ထပ်နှင့်အောက်ထပ် မသင့်မြတ်ကြခြင်းဖြစ်ပါသည်။

(၂)

အချို့သော အယူအဆများသည် ကျည်အနေသော သေနတ်နှင့်တူ၏။ ကိုယ့်ကျည်ဆန်ကိုယ်ပြန်မြို ထားရလေသည်။ အချို့သော အယူအဆများကတော့ တိကျသော အဓိပ္ပါယ်ကိုမပေး။ နှလုံးသားမှာ စကားကိုသာ ရှုပ်ထွေးစေ၏။

တစ်ရက်မှာ အပေါ်ထပ်ကပြော၏။

"လူတွေက ငါတို့ကိုယ်ထဲမှာ ခိုအောင်းပြီးနေကြတယ်။ သူတို့က ငါတို့ကို သစ်သားလိုဏ်ဂူတစ်ခုလို သဘောထားကြတယ်။"

အောက်ထပ်ကပြန်ပြောသည်။

http://www.cherrythitsar.org



"မပာုတ်ဘူးကွ၊ ရှေးသူရဲကောင်းတွေက စီးချင်းထိုးရာမှာ သံချပ်ကာ အင်္ကျီဝတ်ထားသလိုပဲ၊ လူတွေက ရာသီဥတုဒဏ်ကိုခံနိုင်ဖို့၊ ငါတို့ကို ပျဉ်ချပ်ကာ အင်္ကျီကြီးအဖြစ် ဝတ်ထားကြတာ"

သူတို့၏ ခံယူချက်ခြင်း မတူညီကြချေ။

အပေါ်ထပ်ကပြောသည့်(အိမ်=သစ်သားလိုဏ်ဂူ)ဟူသော အယူအဆနှင့် အောက်ထပ်ကပြောသည့် (အိမ်=ပျဉ်ချပ်ကာအင်္ကျီ)ဆိုသော အယူအဆတို့ တဖြည်းဖြည်း ကွဲပြားကြ၏။ ထပ်မံ၍ အတုံ့အတင်ပြောရင်း ကွဲချင်းမလှ ကွဲပြားကြသည်။

(၃)

ထိုကြားထဲတွင် ပိုင်ဆိုင်မှုတစ်ခုအတွက် ငြင်းခုန်ရပြန်သည်။ တစ်ရက်မှာ လှေခါးကြီး ညည်းတွား၏။

"ငါဟာ အပေါ်ထပ်နဲ့အောက်ထပ်ကို ဆက်သွယ်ထားတဲ့ ဒေါင်လိုက် တံတားကြီးပဲ၊ ငါ့ကို အပေါ်ထပ်ကပိုင်သလား၊ အောက်ထပ်ကပိုင်သလား၊ ငါတော့မသိ"

သူ့စကားကို ဘုရားသခင်ကလည်း မတုံ့ပြန်။ မိုးတိမ်များကလည်း ဂရုမစိုက်၊ သစ်ပင်များကလည်း မကြားသလောက် လေညင်းကလည်း ဥပက္ခာ

ပြုလေ၏။

လှေခါးကြီးကသူ့ဘာသာညည်းတွားပြီးတော့။ သူ့ဘာသာ မေ့လျော အိပ်ပျော်သွားလေသည်။ အပေါ်ထပ်နှင့်အောက်ထပ်မှာသာ အချင်းများရပြန်ပါသည်။

အပေါ်ထပ်ကပြောသည်။

"လှေခါးက ငါ့ဆီကဆင်းသွားတာပဲ။ ငါ့ဥစ္စာပေါ့"

အောက်ထပ်ကလည်းပြောသည်။

"လှေခါးက ငါ့ဆီက တက်သွားတာ၊ ငါ့ဟာ"

ဤသို့ဖြင့် အပေါ်ထပ်နှင့်အောက်ထပ် ယိုင်နဲ့နဲ့ မိတ်ဖက်ဆက်ဆံရေးလေးကို လှေခါးကြီး၏ လှေခါးထစ်များက လွှသွားလို ကိုက်ဖြတ်ဝါးစားသွား၏။

သူတို့ အခေါ်အပြောမရှိကြတော့ချေ။ တစ်ထပ်လုပ်သမျှကိုလည်း တစ်ထပ်က အကောင်းမမြင်တော့ချေ။

(၄)

တစ်ရက်မှာတော့ သူတို့နှစ်ထပ် ပေါက်ကွဲရန်ဖြစ်ကြပါတော့သည်။

အောက်ထပ်က စူးစူးဝါးဝါး စအော်လိုက်ခြင်းဖြစ်၏။

"မင်းငှါခေါင်းပေါ် အမှိုက်တွေမတင်နဲ့ကွာ"

အပေါ်ထပ်ကလည်း ပြန်အော်သည်။

"မင်းကျတော့ ငှါ့ကိုမီးခိုးတွေနဲ့ မှိုင်းတိုက်တယ်မဟုတ်လား"

အောက်ထပ်က ကျိန်ဆဲလိုက်၏။

"ဒီမိုးရာသီမှာ မိုးကြိုးပစ်ပါစေ"

အပေါ်ထပ်ကလည်း ပြန်ပြီးရေရွတ်သည်။

"ဒီဝါခေါင်လမှာ မင်းကိုရေဖုံးလွှမ်းသွားပါစေ"

သူတို့၏ ပဋိပက္ခခြံဝင်းအတွင်းရှိ သစ်ပင်များက ဖြန်ဖြေရန် ကြိုးစားကြသေး၏။ သို့သော်လည်း မအောင်မြင်ခဲ့ပါ။

သူတို့က မာန်မာန ထန်မောက်ကြ၏။ ထို့ပြင် တစ်ဖက်သားအပေါ် သံသယ ကြီးမားကြသည်။ သူတို့သည် အရှုံးမပေးချင်ကြ။ ထို့အတွက်အပြစ်မရှိသော်လည်း အနိုင်ကိုလိုချင်လွန်းသောအခါ အစွန်းရောက်လာကြ၏။

ထိုသို့ဖြင့် အိမ်ကလေးသည် ငြိမ်းချမ်းရေးကွယ်သွား၏။ သူတို့၏ မုဆိုးဆန်သော ယဉ်ကျေးမှုတို့က သူတို့ကို လေးမြားသဖွယ် ပြန်လည်ထုဆစ်သွား၏။

အိမ်ကလေးသည် နေချင်စရာမကောင်းတော့ချေ။

အိမ်ကလေးတွင် နေထိုင်ကြသူများကလည်း အိမ်ကလေးသည် ယခင်ကလိုနေ၍ထိုင်၍ မကောင်းတော့ကြောင်း သတိထားမိလာ၏။

တစ်ရက်တွင် မိခင်လုပ်သူက ပြော၏။

http://www.cherrythitsar.org



"ဒီအိမ်နေရတာ သိပ်မကောင်းဘူးကွယ်၊ တစ်မျိုးပဲ ဘာဖြစ်လဲတော့ မသိဘူး၊ ငြိမ်းစီစီကြီးသိပ်ဖြစ်တယ်"

သမီးငယ်ကလည်း ထောက်ခံ၏။

"ဟုတ်တယ်မေမေ၊ သမီးလည်း အဲဒီလိုပဲ ခံစားရတယ်၊ ဒီအိမ်က တစ်ခုခုတော့ တစ်ခုခုပဲ"

သားဖြစ်သူ လူငယ်က ဝင်ပြောသည်။

"သစ်ပင်တွေ သစ်သားတွေမှာ ထူးခြားတဲ့ ဓါတ်သဘာဝတွေရှိတယ် မေမေရဲ့၊ ဗိုင်အိုးလန်စ့် သဘောတရားတစ်မျိုးလိုကြားဖူးတယ်၊ ကြားခဲ့တုန်း ကတော့ အမှုန်သဘောတွေ ရှုပ်ရှက်ခတ်နေတာပဲ၊ ဒါပေမယ့် ဆိုလိုရင်း ကတော့ အရာရာတိုင်းမှာ ရှိတတ်တဲ့ တစ်ချို့ဒြပ်မှုန်တွေဟာ အခန့်မသင့်ရင် လူကို အန္တရာယ်ပြုတတ်တယ်ဆိုတဲ့ အကြောင်းပဲ၊ ဒီအိမ်က သစ်သားအိမ် ဆိုတော့ မူလသစ်ပင်တွေမှာ ဘယ်လိုဓါတ်သဘောသဘာဝတွေ ဖြစ်လာခဲ့မှန်းမှ မသိပဲ၊ နေလို့မကောင်းတာတော့ ဟုတ်တယ်"

ဖခင်လုပ်သူက ဆေးတံကြီးကို မီးခိုးတွေ အလိပ်လိပ်တက်နေအောင် ရှိုက်ဖွာရင်း အလေးအနက် စဉ်းစားနေသည်။

ထိုသို့ဖြင့် လူတို့သည် အိမ်ကလေးကို စွန့်ခွာသွားကြလေတော့သည်။ အိမ်ကလေးသည် ခြံထဲမှာ မတ်တတ်ရပ်ရင်း တငွေ့ငွေ့ အထီးကျန်နေ၏။ ဦးကင်းထက်၌ ဒုက္ခကို သံမှိုနှင့်ရိုက်ပြီးဖန်ဆင်းရလေ၏။

ပန်းခြံသည်လည်း သက်နုတောအုပ်ဆန်လာသည်။ နွယ်ပင်တို့

http://www.cherrythitsar.org



လိမ်ယှက်တွန့်ခေါက်ပြီး သစ်ကိုင်းများက လေထဲမှာ ဝက်ပါဆောက်ကြလေ၏။ အရိုင်းဆန်လှသော လှပမှုသည် အထားအသိုမညီသော ချောက်ချားဖွယ်ရာကိုလည်းဖြစ်စေသည်။

တစ်စတစ်စ ကာလရင့်ရော်သွားကြသည်။ ခြံဝန်းသည်လည်းကောင်း၊ အိမ်ကလေးသည်လည်းကောင်း၊ ငိုက်မျည်းဟောင်းနွမ်းလာသည်။ တစ်ရက်မှာ မိုးကြီး ဝုန်းဒိုင်းကြဲရွာ၏။ ခေါင်မိုးပေါ်မိုးသီးတွေ တပြောင်ပြောင်းကျ၏။ မြေပြင်ကို ရေထုတွေဖုံးလွှမ်းသွား၏။ အပေါ်ထပ်နှင့်အောက်ထပ်တို့ ပြိုင်တူ သက်ပြင်းချမိ၏။

အပေါ်ထပ်ကပြောသည်။

"အောက်ထပ်ရေ မင်းကိုငါက ရွှံ့တွေကြားမှာ ဖိနပ်လို စီးထားရတာပါ"

အောက်ထပ်ကပြန်ပြောသည်။

"အပေါ်ထပ်ရေ မင်းကိုငါက မိုးစက်တွေအောက်မှာ ခမောက်လို ဆောင်းထားရတာပါ"

သူတို့ပြန်လည် သင့်မြတ်လာကြ၏။

http://www.cherrythitsar.org



(၅)

ထိုစဉ် ခြံတံခါးဖျတ်ကနဲ ပွင့်သွားကာ ခြံထဲသို့ လူနှစ်ယောက် ဝင်လာသည်။ ထိုလူတို့က အိမ်ကလေးကို လှည့်ပတ်ကြည့်ရှုကြလေ၏။

တစ်ယောက်က. . . .

ခေါင်းတဆတ်ဆတ်ညိတ်ရင်းပြော၏။

"ဒီအိမ်ကလေးက ကောင်းသားပဲ"

"အင်း. . . ဟုတ်သားပဲ၊ လှလည်းလှတယ်"

ပထမ လူကဆက်ပြော၏။

"ဒီလို ကောင်းတဲ့အိမ်ကလေးကို ဖျက်ပစ်ရမှာ နှမြောစရာပဲ"

ဒုတိယလူက မျက်မှောက်ကြုတ်သွား၏။

"မဖျက်ပါဘူး၊ ဖျက်ပစ်မယ်လို့ ခင်ဗျားကို ဘယ်သူပြောလဲ"

"ဖျက်မှာ ဒီအိမ်ကို ဖျက်ပြီး အိမ်သစ်ပြန်ဆောက်မှာ"

ဒုတိယလူက ငြင်းပြန်၏။

"မဖျက်ပါဘူး၊ ဒီအိမ်မှာပဲ ပြန်နေကြမလို့"

ပထမလူက ရယ်ရင်းပြော၏။

"ခက်တာပဲ၊ ဖျက်ပစ်မှာ. . . ဆိုနေ"

ဒုတိယလူကလည်း လုံးဝလက်မခံချေ။

http://www.cherrythitsar.org



"မဖျက်ပါဘူး၊ မယုံရင် ခင်ဗျား သူတို့လာရင်မေးကြည့်"

ထို့နောက်သူတို့သည် ခြံဝန်းတံခါးကို အဆုံးအထိဖွင့်ကာ လမ်းမဆီသို့ မျှော်နေကြသည်။

(၆)

ထိုအခိုက် လေစီးတစ်ချက်က ကသုတ်ကရက်ဖြတ်တိုက်၏။ သစ်ရွက်သစ်ခက်တို့ တရှဲရှဲ အသံထွက်ရင်း လှုပ်ရှားယိမ်းထိုးကြလေသည်။

ထို့နောက်သစ်ပင်များက အချင်းချင်းတီးတိုး စကားပြောဖြစ်ဆိုကြ၏။

"ဟယ်. . . အပေါ်ထပ်နဲ့ အောက်ထပ်သင့်မြတ်ကြတော့မှ ဖျက်များဖျက်ပစ်တော့မလား မသိဘူး"

"အေးလေ. . . အိမ်ကလေး သနားပါတယ်"

သူတို့စိတ်မကောင်းဖြစ်ကြ၏။ သစ်ပင်၏အရိပ်မှာ တစ်ပင်က မျက်လွှာချကုန်ကြ၏။

သို့သော် သူတို့ထံမှ သက်တော်ရှည် အပင်ကြီးက ပြော၏။

"အပေါ်ထပ်နဲ့အောက်ထပ်က သင့်မြတ်လည်းခဏပါ၊ သူတို့ဟာ ရှုထောင့်ခြင်း မတူကြဘူး၊ အခုသင့်မြတ်လည်း နောက်ပြန်ကွဲသွားလိမ့်မယ်၊ ဒီအတိုင်းဆက်ထားတာထက် ဖျက်ပစ်လိုက်တာပိုကောင်းတယ်၊ အကောင်း

http://www.cherrythitsar.org



ဆုံးပဲ”

သူ့စကားကြောင့် ခြံဝန်းတစ်ခုလုံး ငေးကြောင်အံ့ဩသွားလေသည်။

(၇)

ခဏကြသော် ခြံဝန်းကြီး ပြန်လည်အသက်ဝင်လာ၏။ အချို့သစ်ပင်များက သစ်ပင်အိုကြီး၏စကားမှာ ပညာရသွားသလို၊ တရားရသွားသလို အဝေးကို ရီဝေစွာငေးမောသွားကြ၏။ တိတ်ဆိတ်စွာတွေးချင်နေကြ၏။

အချို့သစ်ပင်များကတော့ ခေါင်းခါခါလည်ခါခါ လေထဲမှာ ပြာဆင်းညွတ်ကွေးရင်း ပြန်ငြင်း၏။

“အဲဒီလိုတော့လည်း ဘယ်ဖြစ်မလဲ၊ ဘယ်ဟုတ်မလဲ၊ ဖျက်ပစ်မှာတော့လည်း မဟုတ်ပါဘူး”

သူတို့ကတော့ အကြောင်းပြချက် ခိုင်လုံအောင် ပြန်မပေးနိုင်ပေ၊ သို့သော် သူတို့ကအိမ်ကလေးကို မဖျက်စေချင်သော စေတနာရှိကြ၏။

ထိုစဉ်. . . သူတို့ ခြံဝန်းဆီသို့ ဦးတည်လာပုံရသော ကားသံတစ်သံကို ကြားလိုက်ရ၏။ ခြံဝန်းတံခါးဆီမှစောင့်နေသော လူနှစ်ယောက်သည်မတ်တတ်ထရပ်ကြသည်။

ကားသံက တဖြည်းဖြည်းနီးသည်ထက်နီးလာပေပြီ။ အိမ်ကလေးကို

http://www.cherrythitsar.org



အကဲခတ်ကြည့်မိသောအခါ ငြိမ်သက်နေ၏။ လဲကျနေသော သားကောင်က မြေပေါ်မှ လူးထရန်ကြိုးစားရင်း ခုန်အုပ်တော့မည့် ခြင်္သေ့ကို ပြန်လှည့်ကြည့်လိုက်သလိုမျိုး. . .။

အိမ်ကလေးက ငြိမ်သက်တိတ်ဆိတ်စွာ ကားလာရာကို စူးစူးကြည့်နေပါတော့သည်။

http://www.cherrythitsar.org



## သီအိုရီထောင့်ချိုး

........................................................................................

http://www.cherrythitsar.org



(၁)

ညကောင်းကင်မှာ ကြယ်တို့လည်း တလွင်လွင်ဝေခဲ့ချေပြီ။ ပါးလှပ်သော ညည့်လေက တသက်သက်ဖြတ်သန်း တိုးဝင်ဆဲ။

မြေတကောင်းတစ်အိုးနှင့် မြေခွက်နှစ်ခွက်ကို အလယ်တွင်ချကာ မြင်းရုပ်ကလေးနှစ်ရုပ် ငြိမ်ငြိမ်သက်သက်ထိုင်နေကြသည်။ တူညီသော အတွေး တစ်ခု၌ဝင်စားကာ သူတို့နှစ်ဦးလုံး အခိုက်အတန့် စကားမဲ့နေကြလေ၏။

သူကတည်ငြိမ် အေးဆေးစွာ လုပ်ဆောင်နေခြင်းဖြစ်၏။

သူ့လှုပ်ရှားမှု အစ အဆုံးကို ကြည့်ရင်းကျန်မြင်းရုပ်ကလေးက မသိမသာ

ပြုံးနေလေသည်။ ထို့နောက်သူ့ရှေ့သို့ တွန်းပေးသော အရက်ခွက်ကို ဆတ်ကနဲ ဆွဲယူပြီး တစ်ချက်မော့သောက်ပစ်လိုက်၏။

ပြင်းရှပူကျွမ်းသော မီးတောက်အရက်ကြောင့် သူ့မျက်နှာ ရဲဗတောင်း ခတ်သွားသည်။ သို့သော် အမူအရာကားမပျက်ချေ။ အရက်ငှဲ့ပေးသော မြင်းရုပ် ကလေးကို သူကြည့်ပြီး ကြည်လင်စွာပြုံးလာ၏။

ထို့နောက် နှစ်ဦးစလုံး အဝေးသို့ငေးကာ ငြိမ်သက်သွားကြပြန်သည်။ အတန်ကြာမှ စကားတစ်ခွန်းကို ပြိုင်တူပြောလိုက်မိကြသည်။

"နက်ဖြန်ပွဲ အရေးကြီးတယ်"

သူတို့နှစ်ဦးစလုံး အဝေးသို့ငေးကာ ငြိမ်သက်သွားကြပြန်၏။ အတန် ကြာမှ စကားတစ်ခွန်းကို ပြိုင်တူပြောလိုက်မိကြ၏။

"နက်ဖြန်ပွဲ အရေးကြီးတယ်"

သူတို့နှစ်ဦး၊ တစ်ဦးကိုတစ်ဦး လေးနက်စွာ၊ ပြီးတော့ လေးစားစွာ ကြည့်လိုက်ကြသည်။ သူတို့နှစ်ဦးလုံး အစွမ်းပြကြရလိမ့်မည်။

ထို့အတွက်. . . .

အရက်ငှဲ့ပေးထားသော မြင်းရုပ်ကလေးကပြောသည်။

"ငါအိပ်တော့မယ်. . . အိပ်ရေးဝအောင်အိပ်ထားရမယ်"

အရက်မော့သောက်သော မြင်းရုပ်ကလေးကလည်း မြေပြင်ကိုစိုက်ကြည့် ရင်း တစ်လုံးချင်းပြောသည်။

"ငါပြန်တော့မယ်. . . ထပ်လေ့ကျင့်ရဦးမယ်"

.............................................................................

http://www.cherrythitsar.org



ထို့နောက်သူတို့လမ်းခွဲကြသည်။ လှည့်အထွက်မှာပဲ အရက်ငှဲ့ ထည့်ပေးသော မြင်းရုပ်ကလေးက သူငယ်ချင်းဖြစ်သူကို လှမ်းအော် ပြောသွားသည်။

"မင်းကို့ . . ရဲတိုက်ကြီးက ပြောစရာရှိတယ်တဲ့"

(၂)

မိုးပေါ်ကိုမော့ကြည်တော့ ခုနှစ်စဉ်ကြယ်ပင် ကင်းမြီးကောက်တောင်နေချေပြီ။ ခက်ခဲသော တိုက်ခိုက်ရေး လေ့ကျင့်မှုများကို ပြုပြီးခါစဖြစ်၍ တစ်ကိုယ်လုံးမှာ ချွေးမိုးပြိုက်ပြိုက် ရွှာနေသည်။

ညဥ့်ဦးက သူငယ်ချင်းနှစ်ယောက် သောက်ထားမိသော မီးတောက်အရက်တစ်ခွက်ပင် ဘယ်ရောက်သွားပြီမသိ။ ကွင်းလယ်မှာ ရပ်နေသောသူ့ကို ကွင်းထဲမှဖြတ်သွားသော ညဥ့်သိပ်လေတို့ ဝင်တိုက်ကြပြန်၏။ မနက်ဖြန်ရင်ဆိုင်ရမည့် စိန်ခေါ်ပွဲအတွက် သူ့အသက်ရှူသံပြင်းထန်နေရသည်။

ထိုစဉ်မှာပင် သူ့အနီးသို့ အရိပ်တစ်ခု ချဉ်းကပ်လာသဖြင့် လှည့်ကြည့်လိုက်ရာ ရဲတိုက်အိုကြီးကို တွေ့ရသည်။ ပြုံးပြနှုတ်ဆက်ရင်း သူငယ်ချင်းပြောသွားသော စကားကို အမှတ်ရလိုက်၏။

"ရဲတိုက်ကြီး. . . ကျွန်တော့်ကို ပြောစရာရှိလို့ဆို"

ရဲတိုက်အိုကြီးက သူ့ကိုစူးစူးကြည့်ရင်း ဖြည်းညှင်းစွာခေါင်းညိတ်ပြ၏။

"ဟုတ်တယ်. . . တို့ထိုင်ကြတာပေ့ါ။ အေးအေးဆေးဆေး ပြောကြဆိုကြတာပေါ့"

စကားအဆုံးမှာပင် ရဲတိုက်ကြီးကထိုင်ချလိုက်သဖြင့် သူပါလိုက်ထိုင်ရလေသည်။ ရဲတိုင်ကြီးက ချွေးဖြင့်စိုလက်နေသော သူ့ကိုကြည့်ရင်း. . .

"ခုလို ကြိုးစားတာချီးကျူးစရာပါပဲ၊ မင်းတို့မြင်းရုပ်နှစ်ရုပ် သိပ်တော်ကြပါတယ်။ မင်းတို့ကြောင့် ငါတို့အဖွဲ့ ပွဲတိုင်းအောင်မြင်ခဲ့ရတာ ဘယ်သူမှ ငြင်းလို့မရပါဘူး၊ ပရိသတ်က မင်းတို့ကို အသိအမှတ်ပြုသလို၊ ငါတို့အချင်းချင်းကလည်း မင်းတို့ကို ပြန်အသိအမှတ်ပြုရတာပါပဲ၊ ဒါမင်းတို့အတွက် ဂုဏ်ယူစရာပါ"

ရဲတိုက်အိုကြီးက ပြောသည်ကို နားထောင်ရင်း စကားက ဘယ်လိုဦးတည်မည်နည်းဟု သူကြိုတင်တွေးတောနေမိသည်။ ရဲတိုက်ကြီးမှာ အရေးကြီးသော အကြောင်းအရာတစ်ရပ်ရပ် ပါလာပုံရသည်။ သူဆက်နားထောင်နေလိုက်၏။

"တို့ကစားရမယ့် မနက်ဖြန်ပွဲဟာ သိပ်အရေးကြီးတဲ့ စိန်ခေါ်ပွဲဆိုတာ အထူးအထွေပြောနေဖို့ မလိုတော့ဘူး၊ အားလုံးသိပြီးသားပဲ၊ တို့တစ်တွေကလည်း ကြိုးစားကြတယ်၊ အေး. . . အထူးသဖြင့် ကျန်တဲ့သူတွေက မင်းတို့နှစ်ဦးကို အားထားကြတယ်"

"ဟုတ်ကဲ့. . . ကျွန်တော်သိပါတယ်"

"အေးဟုတ်ပြီ၊ အဲဒီမှာ မင်းတို့နှစ်ဦးထဲက မင်းကိုင်ငါ့မှာ ဆွေးနွေး

အကြံပေးစရာရှိတယ်”

သူနှင့် ရဲတိုက်ကြီးတို့ မျက်လုံးချင်းဆိုင်မိကြ၏။ မည်သူကမှ မလွှဲကြပဲ၊ အတန်ကြာမှ ရဲတိုက်ကြီးက သက်ပြင်းတစ်ချက်ချကာ ဆက် ပြော၏။

“မင်းဟာ သိပ်လျင်မြန်ပါတယ်၊ သိပ်ရဲရင့်ပါတယ်၊ ပွဲတိုင်းလိုလိုမှာ၊ တစ်ဖက်က ရန်သူတွေရဲ့ အကြောက်ရဆုံး ပုဂ္ဂိုလ်ဟာမင်းဖြစ်ခဲ့တယ်၊ ဒါပေမယ့် မင်းမှာ သတိထားစရာ တစ်ချက်ရှိတယ်”

သူ အသက်ရှုခဏရပ်သွား၏။ ပြီးမှ တည်ငြိမ်သောဝင်သက် ထွက်သက်ကို ရှုရှိုက်ရင်း“ပြောပါ”ဟု စကားထောက်ပေးလိုက်၏။

ရဲတိုက်ကြီးက စကားဆက်၏။

“အဲဒီ အချက်ကဘာလဲဆိုတော့ မင်းဟာ တစ်ဖက်ရန်သူဖက်က နယ်ရုပ်ကလေးတွေကို သိပ်အနားကပ်ခံတယ်၊ သူတို့ကို မင်းပေ့ါပေ့ါဆဆ သဘောထားတယ်၊ ဒါဟာ မင်းကိုယ်မင်း ကာကွယ်ရေးအတွက် အားနည်း ချက် ဖြစ်လာနိုင်တယ်”

သူခေါင်းညိတ်ပြလိုက်၏။

“ဟုတ်ပါတယ်၊ အဲဒီလို ကျွန်တော်သူတို့ကို အနားကပ်ခံ ထားရတဲ့ အတွက်ကြောင့်၊ ရန်သူက ကျွန်တော့်ကို လျှော့တွက်နေချိန်မှာ မမျှော်လင့်တဲ့ ပွဲပေါင်းမနည်းတော့ဘူး၊ ဒီလုပ်ရပ်ဟာ ကျွန်တော်က ရန်သူ့ကို ပြန်မျှားတဲ့ ပရိယာယ်ဖြစ်ပါတယ်”

ရဲတိုက်ကြီး မျက်မှောင်ကြုတ်သွား၏။

http://www.cherrythitsar.org



"ဘာပဲဖြစ်ဖြစ် မင်းအနေနဲ့ နယ်ရုပ်ကလေးတွေကို အထင်သေးလို့ မရဘူးဆိုတာ သိထားရမယ်။ မင်းရဲ့ပရိယာယ်မှာ မင်းပြန်မကျဆုံးပါစေနဲ့"

သူက ဘာမှ ပြန်မပြောပဲ မထီတရီ ပြုံးနေလိုက်သည်။ ရဲတိုက်ကြီးက စကားဆက်ပြန်၏။

"မင်းတို့ မြင်းရုပ်နှစ်ရုပ်မှာ မင်းက အတင့်ရဲတယ်၊ ကျန်တစ်ရုပ်က မပိုင်ဘဲ မလုပ်ဘူး၊ မင်းကအခြေအနေကို ဇွတ်ဖန်တီးတယ်၊ ကျန်တစ်ရုပ်က အချိန်စောင့်လုပ်တယ်၊ သူမှန်ပြီး မင်းမှားတယ်"

သူက မဆိုင်းမတွ တုံ့ပြန်လိုက်၏။

"သူမှန်တာ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်လည်း မမှားပါဘူး ရဲတိုက်ကြီးရဲ့"

ပြောပြီး သူက ရယ်လိုက်လေသည်။ ရဲ့တိုက်ကြီးက သူရယ်တာကို မမှိန်မသုန် ကြည့်ရင်း. . .

"လိမ္မာပါးနပ်ဖို့၊ ချင့်ချိန်တတ်ဖို့ သိပ်လိုအပ်တယ်၊ တရုပ်စစ်ပါရဂူကြီး ဆွန်ဇူ'ရဲ့ စစ်နိုင်ရေးမူ ငါးချက်ဟာ ဒီသဘောတရားတွေပေါ်မှာပဲ အခြေခံထားတယ်"

သူပိုရယ်ပြန်သည်။ ပြီး. . .

"ဂျာမန် စစ်ပါရဂူ လော့ဇစိတ်ကလည်းပြောတယ်၊ ရဲတိုက်ကြီးရဲ့ ဦးစားလွန်းရင် ဘာမှလုပ်လို့မရတော့ဘူးတဲ့"

ထို့နောက် ခပ်ညည်းညည်းဟန်ပန်ဖြင့်၊ သူကပဲ ဆက်ပြောလိုက်သည်။

http://www.cherrythitsar.org



"ကျွန်တော် ဘယ်သူ့ကိုမှ မမှုပါဘူး"

ဤစကားမှန်ပေသည်။ ဤမြင်းရုပ်နှစ်ရုပ်သည် တစ်ဖက်မှ ဘုရင်မကိုပင် အမိဖမ်း ကစားတတ်ကြသူများဖြစ်၏။

"ဘုရင်မကိုတောင်မမှုတဲ့ ကျွန်တော်က နယ်ရုပ်ကလေးကို နည်းနည်းတော့ လွှတ်ပေးလိုက်တာပါပဲ။ မစိုးရိမ်ပါနဲ့. ရဲတိုက်ကြီးရယ်၊ နယ်ရုပ်ရဲ့ စွမ်းရည်ဟာ ဘာမှမရှိပါဘူး"

"ထိုသို့ဖြင့် သူတို့၏ဆွေးနွေးမှုသည် အပေးအယူလွဲနေသော ဆွေးနွေးမှုသာဖြစ်ခဲ့၏။ အတော်ကြာမှ ရဲတိုက်ကြီးက ပြန်သွား၏။ တရွေ့ရွေ့ဝေးသွားသော ရဲတိုက်ကြီး၏ ကျောပြင်ကိုငေးကာ သူ့အတွေးတွေက ကသီကဝေဖြစ်ပြီး ကျန်ခဲ့လေ၏။

(၃)

တိုက်ပွဲကကြောက်ခမန်းလိလိ ပြင်းထန်လေသည်။ အသက်ရှူတစ်ချက်မမှားရဲသော ကြမ်းတမ်းသည့် တိုက်ချက်များက စစ်တုရင်ခုံပေါ်မှာ စုန်ချည်ဆန်ချည် ဒုန်းစိုင်းသွားနေသည်။

မျှော်လင့်ထားသည့်အတိုင်းပင် သူတို့ဖက်မှ မြင်းရုပ်က လှုလှုပပနှင့် ရက်ရက်စက်စက် အစွမ်းပြလေသည်။ ပြိုင်ဖက်အရုပ်များကလည်း ထက်မြက်

http://www.cherrythitsar.org



ကြသည်။ တန်ပြန်ထိုးစစ်ကို အကြိတ်အနယ်ပစ်လွှတ် ခင်းကျင်းလေသည်။

ထိုသို့ဖြင့် တိုက်ပွဲသည် ကြည့်ကောင်းသည်နှင့်အမျှ ဘက်ညီနေသည်။ အနိုင်အရှုံးကို တွက်ဆရခက်နေသည်။ ရဲတိုက်ကြီးက သူတို့၏မြင်းရုပ်နှစ်ရုပ်ကို အကဲခတ်လိုက်၏။

ညာဘက်ဝင်းမှ မြင်းရုပ်ကလေးက တည်ငြိမ်ရှင်းလင်းစွာ တိုက်နေ၏။ သူ့ဘက်ကစိတ်ချရလေသည်။ ဘယ်ဘက်မှ မြင်းရုပ်ကလေးကတော့ အလျှင်မြန်ဆုံး လှုပ်ရှားရင်း တိုက်စစ်ကို တရကြမ်းနှင်နေသည်။

တိုက်ပွဲက တစ်စတစ အဆင့်မြင့်လာချေပြီ။ ရှုပ်ထွေးနက်နဲသော ဗျူဟာအားပြိုင်မှုများဖြင့် ပရိသတ်ကို ရင်ထဲနင့်သွားအောင် သူတို့၏ စွမ်းရည်ကို ထုတ်ပြနိုင်ကြသည်။

ရဲတိုက်ကြီးကလည်း သူ့လမ်းကြောင်းမှာ အကောင်းဆုံးဖြစ်အောင် ထိုးဖောက်တိုက်ခိုက်နေ၏။ မျက်လုံးကို ဝင့်ပြီး တိုက်ပွဲတစ်ခုလုံးကို အကဲခတ်လိုက်သောအခါ 'ထိတ်ကနဲ' စိုးရိမ်သွားမိသည်။

တစ်ဖက်မှ မြင်းရုပ်အနီးသို့ ရန်သူဘက်မှ နယ်ရုပ်ကလေးတစ်ရုပ်က မသိမသာ ချဉ်းကပ်နေချေပြီ။ စိုးရိမ်ရသော အကွာအဝေးသို့ ရောက်နေ၏။ မြင်းရုပ်ကလေးကတော့ သူ့ရှေ့မှ ဘုရင်မကို တာစူမာန်ကြွနေသည်။ ရဲတိုက်ကြီးက ထိုမြင်းရုပ်အနီးသို့ သူ့ကိုယ်သူရွှေ့ပြောင်းရန် အရှိန်ယူ လိုက်သည်။

ထိုအခိုက်မှာပင်. . .

"အား"

..............................................................................

"ဟာ"

ဘယ်ဘက်မြင်းရုပ်ကျလေပြီ။ တိတ်တဆိတ် ချဉ်းကပ်ခဲ့သော နယ်ရုပ်ကပဲ သူ့ကို တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ ရဲတိုက်ကြီးနှင့်အတူ သူတို့ဘက်သားအားလုံးလိုလို မင်သက်သွားမိသည်။

ညာဘက်မြင်းရုပ်ကလေးက သူ့သူငယ်ချင်းလဲကျရာ အနီးသို့ လွှားကနဲခုန်အုပ်ရောက်ရှိလာသည်။ ရန်သူ့အရုပ်များကို အစွမ်းကုန် လိမ့်ဆင်းတိုက်ခိုက်ပစ်လိုက်ပြီး သူငယ်ချင်းဖြစ်သူ၏ အလောင်းကို ပွေ့ယူလေသည်။

ထိုအခိုက်မှာပင် ရန်သူအရုပ်များက သူတို့ကို အထက်စီးမှ ချုပ်နိုင်သွားပေပြီ။ သူတို့ဘက်မှ နှစ်ရုပ်သုံးရုပ်ထက်ကျသွား၏။

"ဆုတ်ကြ"

ရဲတိုက်ကြီးက အက်ကွဲသောအသံနှင့် အော်ဟစ်ရင်း၊ အလောင်းပိုက်ထားသော မြင်းရုပ်ကလေးကို နာကျည်းစွာ ပြုံးပြလိုက်၏။ ထို့နောက်. . .

"ငါတို့ရှုံးပြီ"

အမောက်ထောင် ထိုးတက်လိုက်ပြီးမှ ဝုန်းကနဲ ခါးကျိုးကျသောပင်လယ်လှိုင်း တစ်ခုပမာ။

အရှုံးသည် လွင့်စင်ကြေကွဲစွာရောက်လာ၏။

သေရတော့မည်ဖြစ်သော သူတို့အားလုံးက သူရဲကောင်းတေးသွားတစ်ပိုဒ်ကို သံပြိုင်အော်ဟစ်သီဆိုလိုက်ကြသည်။

ရဲတိုက်ကြီးကလည်း သီချင်းသံတွေ လိုက်ပါသီဆိုရင်း မျက်ရည်လည်

http://www.cherrythitsar.org



လာမိသည်။

"မြင်းရုပ်ကလေးရေ့ . မင်းကနယ်ရုပ်ကလေးတွေကို အထင်သေးခဲ့တယ်၊ အဲဒါအမှားပေါ့ကွယ်၊ ငါတို့ဟာ စစ်တုရင်ရုပ်တွေကွယ့်၊ ငါတို့ရဲ့ စစ်မြေပြင်ဟာ စစ်တုရင်ကွက်တွေကွယ့်၊ စစ်တုရင်ကစားတဲ့နေရာမှာ နယ်ရုပ်ဟာ 'စွမ်းရည်'အနိမ့်ဆုံးအရုပ်ဖြစ်တာမှန်ပါရဲ့, ဒါပေမယ့်ကွယ်"

ရဲတိုက်ကြီးကို ရန်သူတွေက ဝိုင်းတိုက်ကြ၏။ ရဲတိုက်ကြီးက သူတို့ကို လုံးဝဂရုမပြုတော့။ ရီဝေသော မျက်လုံးများဖြင့် အဝေးကို ငေးနေမိသည်။

"မြင်းရုပ်ကလေးရေ့ . . စစ်တုရင်ထိုးတဲ့နေရာမှာ တစ်ဖက်အရုပ်ရဲ့ 'စွမ်းရည်'ကိုချည်း ကြည့်လို့မရဘူးကွယ်၊ သူတို့နင်းထားတဲ့ 'အကွက်'ကို ကြည့်ရတယ်၊ အခုတော့. . . "စိမ်ခေါ်ပွဲက ရှုံးခဲ့လေပြီ။

မှတ်ချက် ။ ။ (၁)ဤဝတ္ထုတွင်ပါဝင်သော ဇာတ်ကောင်များသည် စစ်တုရင်ရုပ်ကလေးများ ဖြစ်ကြပါသည်။

(၂)ဤဇာတ်လမ်း၌ သူတို့သည် လူလို တွေးခေါ်ပြီး လူလိုစကားပြောထားကြပါသည်။

✤✤✤

http://www.cherrythitsar.org



လူနှင့်သဒ္ဒါ

........................................................................

http://www.cherrythitsar.org



(၁)

'သဒ္ဓါတရားတွေ၊ ယုံကြည်မှုတွေ၊ တောင်တန်းကြီးလို ခိုင်မာနေတဲ့သူ အတွက်တော့၊ ဘဝဟာ အဓိပ္ပါယ်ရှိတယ်တဲ့ကွ၊ ခေါင်းစဉ်မမှတ်မိတော့တဲ့ စာအုပ်တစ်အုပ်ထဲမှာ ငါဖတ်ဖူးတယ်'

သီဝေမှိုင်းလဲ့နေသော၊ အဝေးဆီ မှတောင်တန်းကြီးများကို မျှော်ကြည့်ကာ၊ သူငယ်ချင်းက၊ အဘိဓမ္မာဆန်သော စကားကိုဆိုသည်။ သူ့ကို မည်သို့မျှ ခွန်းတုံ့မပြန်မိပါ။ သို့သော် လက်ထဲမှစစ်တုရင်နယ်ရုပ်ကလေးလို၊ ဘာရယ် မဟုတ်ဘဲ လှည့်ပတ်ကြည့်ရှုနေရင်းက ကျွန်တော်ပြုံးမိသည်။

...................................................................................

မျိုးကျော်စာပေ

http://www.cherrythitsar.org



ထိုအပြုံးတွင် အဓိပ္ပါယ်တစ်ခုခု ပါကောင်းပါနေလိမ့်မည်။ သူငယ်ချင်းက ဘာစကားမှ ဆက်မဆိုတော့။ ကမ္ဘာမြေ၏ တောင့်တင်းခိုင်မာသော လက်တံကြီးများသဖွယ် ဆင့်ဆင့်ကဲကဲ ထိုးတောင်ပျံ့ကားထွက်နေသည့် တောင်တန်းကြီးများကိုသာ မမှိတ်မသုန် ငေးကြည့်နေတော့၏။

ညနေဖြစ်၍ နေခြည်ကလည်း ဝါးနေပါပြီ။ လောကကြီး၏ပါးပြင်မှာ သနပ်ခါးပါးပါးကလေး လိမ်းထားသလို ဝင်းအိရုံလေးရှိ၏။ ရှုတတ နိုင်လွန်းလေက ကျွန်တော်တို့ကို ရစ်နွှေးဖြတ်သန်းနေသည်။

'မမှောင်ခင်ပြန်ကြစို့ကွာ'

မြို့တွင်းသို့ ကျွန်တော်တို့ပြန်လာခဲ့ကြသည်။ မြို့တွင်းလမ်းကလေးတစ်ခုကို ဖြတ်ရင်း၊ သစ်အိုပင်အောက်မှာ ငြိမ်သက်စွာ ထိုင်နေသော အဘိုးအိုကို ကျွန်တော်တို့ အကဲခတ်ကြပါသေး၏။

ကျွန်တော်တို့နှစ်ယောက်၏ အလောင်းအစားသည် ထိုအဘိုးအိုကိုတည်မှီကာ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်လေသည်။

(၂)

ကျွန်တော်တို့ ငယ်စဉ်ကပင် ထိုအဘိုးအိုသည် ထိုသစ်ပင်အောက်တွင် တစ်ကိုယ်တည်း ထိုင်လေ့ရှိသည်။ မြေကြီးပေါ်မှာနေသည်။ မြေကြီးပေါ်မှာ

http://www.cherrythitsar.org



အိပ်သည်။ နေ့နေ့၊ ညည ထိုသစ်ပင်အောက်မှ အခြားဘယ်မှမသွား။

တစ်စုံတည်းသော သူ့အဝတ်အစားသည် သူ့လိုပင် ဟောင်းနွမ်းဖွာလန်နေသည်။ လမ်းသွားလမ်းလာတို့၏ ပေးကမ်းမှုအနည်းအကျဉ်းဖြင့် သူစားရသောထမင်းသည် သူ့အသက်ကို မသေရုံတမယ်သာ ရှင်စေ၏။ သူစကားပြောသည်ကို မည်သူမျှမမြင်ဖူး။ သစ်ပင်အောက်မှာ ထိုင်ကာ၊ သစ်ပင်ကိုသာ ငေးကြည့်နေတတ်သည်။

သူသည် သူတောင်းစားမဟုတ်၊ အားလုံးကလည်း သူ့ကိုအရူးအဖြစ်သာ သိရှိထားကြသည်။ သူရူးသောအကြောင်းအရာကလည်း အံ့ဩဖွယ်ရာမဟုတ်လှ။ သို့သော် နည်းနည်းတော့ ရင်မောဖွယ်ရာဖြစ်နေသည်။

ရုက္ခစိုးနတ်ကို တွေ့လိုသဖြင့် ထိုသစ်ပင်အောက်ကို သူလာနေခြင်းဖြစ်သည်။ သူရုက္ခစိုးနတ်ကိုကားမတွေ့။ သူ့အရေခွံကတော့ ရွတ်တွ ခြောက်သွေ့နေခဲ့သည်။

"တစ်နေ့နေ့မှာတော့ သူတွေ့ရင်တွေ့သွားမှာပါကွာ"

သူငယ်ချင်းက ဂရုဏာသက်ပြီးပြော၏။ ဟက်ကနဲရယ်မိသည်။

'ဘယ်လိုလုပ်တွေ့မှာလဲကွာ မင်းကလဲ'

ထိုသို့ဖြင့်ပင် ကျွန်တော်တို့နှစ်ယောက်ကြားမှာ ကြေးမထပ်သော အလောင်းအစားကလေးတစ်ခု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ သူက ထိုအဘိုးအို တစ်နေ့နေ့မှာ ရုက္ခစိုးနတ်နှင့် တွေ့မည်ဟူသော အယူအဆဘက်မှရှိပြီး၊ ကျွန်တော်က သူ၏ ဆန့်ကျင်ဘက်မှ နေသည်။

ထို့နောက်ပိုင်းမှာတော့ ကျွန်တော်တို့နှစ်ယောက်လုံး ထိုအဘိုးအိုကို ပို၍ သတိထားမိခဲ့ကြလေသည်။

(၃)

'အဘိုး. . . သစ်ပင်အောက်မှာ ရုက္ခစိုးနတ်ကိုလာကြည့်တာဆို ဟုတ် သလားအဘိုး'

'. . . . . . . . .'

'အဘိုး. . . တွေ့ရောတွေ့ပြီလား'

'. . . . . . . . .'

'တကယ်လို့ အဘိုးတွေ့ရင်၊ ကျွန်တော့်ကိုလည်း ခေါ်ပြပါအဘိုးရယ်၊ ကျွန်တော်လည်း တွေ့ဖူးချင်လို့'

အဘိုးအိုက မည်သို့မျှ မတုန့်ပြန်သည့်အဆုံးမှာ၊ သူငယ်ချင်းက သက်ပြင်းချပြီး လှည့်ထွက်လိုက်တော့၏။ ကျွန်တော်က သူငယ်ချင်းနောက်မှာ ရယ်ကျဲကျဲမျက်နှာထားဖြင့် ကပ်လိုက်သွားမိ၏။

'ဒါပေါ့ကွာ၊ သူက နတ်နဲ့တွေ့ဖို့လာစောင့်နေတဲ့သူဆိုတော့ မင်းကို ဘယ်အရေးလုပ်ပံ့မလဲ၊ မတူဘူး၊ မတန်ဘူး၊ ထင်မှာပေါ့' ဟုပင် နောက်ပြောင်

လိုက်သေး၏။ ထိုစကားကြောင့် သူငယ်ချင်းကလည်း မအောင့်နိုင်ပဲ ရယ်မော လိုက်ပါသေး၏။

ထိုသို့ဖြင့် လတွေ၊ နှစ်တွေ၊ တမြည့်မြည့် ကုန်လွန်လာ၏။ အဘိုးအို အခြေအနေမှာ ထူးထူးခြားခြား ဘာမှမပြောင်းလဲခဲ့။ သူပို၍ အိုမင်းလာသည်။ ပို၍ ယိုင်နဲ့လာသည်။ သို့သော် သစ်ပင်အောက်မှာပဲနေဆဲ။ သစ်ပင်ကိုသာ ငေးမောကြည့်နေတတ်မြဲ။

ကျွန်တော်တို့နှစ်ဦးပင်လျှင်၊ ထိုသော ကြားကာလများမှာ အလောင်း အစားကိစ္စကို မေ့လျော့နေမိကြပါသည်။ ပြန်ပြန် သတိရမိသောအခါ များကျမှ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ပြုံးမိကြ၏။

သူငယ်ချင်းက အားလျော့နေမိပြီဖြစ်သော်လည်း ဆိုဖွဲ့စကားဆိုသည်။

'တစ်နေ့နေ့မှာတော့ သူတွေ့သွားမှာပါကွာ'

ကျွန်တော်လည်း ရယ်မြဲရယ်နေခဲ့သည်။ လက်ထဲမှ စစ်တုရင်ရုပ် ကလေး ကို ပစ်မြှောက်ကစားရင်း အချိန်မရှိတော့ဘူးကွ၊ သူသေတော့မယ် . . ၊ သူမသေသေးဘူးဆိုရင်တောင် သစ်ပင်ကသေတော့မယ်။

သစ်ပင်ကိုယ်၌က အိုမင်းလွန်းလှပြီဖြစ်လေသည်။

http://www.cherrythitsar.org



(၄)

ချက်

ကျွန်တော်က သူငယ်ချင်းကို နိုင်ကွက်ဖမ်းလိုက်စဉ်မှာပင် အရိပ်တစ်ခု ထိုးကျလာသဖြင့် ကျွန်တော်တို့ မော့ကြည့်မိကြခြင်းဖြစ်သည်။

'ဟင်'

ကျွန်တော်တို့ အနီးရောက်နေသူမှာ ကျွန်တော်တို့ ဘယ်လိုမှ မျှော်လင့်မထားသည့် အဘိုးအို ဖြစ်လေသည်။ ကျွန်တော်တို့ ကြောင်အမ်းနေမိစဉ်မှာပဲ အဘိုးအိုက. . .။

'သစ်ပင် ပန်းပင်တို့ကိုစောင့်တာ၊ နတ်သားအပြင် နတ်သမီးကော ရှိတတ်သလား"

အဘိုးအို၏ အသံကခြောက်ကပ်သော်လည်း သဲကွဲပါပေ၏။ ကျွန်တော်နှင့်သူငယ်ချင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ ထို့နောက်မှ တစ်ပြိုင်တည်း. . .

'ရှိတယ်'

အဘိုးအို မျက်ဝန်းများ ဝင်းခနဲ လက်ပြာသွား၏။ ထို့နောက် သူသစ်ပင်ရှိရာကို ခြာကနဲလှည့်ပြေးသွားပါတော့သည်။ ပြေးထွက်သွားသည့်အရှိန်အဟုန်မှာ ပြင်းထန်၊ မြန်ဆန်လွန်းလှသဖြင့် ကျွန်တော်တို့ နှစ်ယောက်လုံး အံ့သြစွာငေးကြည့်မိကြသေးသည်။

http://www.cherrythitsar.org



ထို့နောက်မှ သူငယ်ချင်းက

'တို့လိုက်သွားရအောင်'

ကျွန်တော်က စစ်တုရင်ရုပ်ကလေးများကို သိမ်းပြီး ဂျာကင်အိတ်ထဲသို့ ထိုးထည့်လိုက်၏။ ထိုနောက် အဘိုးအို၏ သစ်ပင်ရှိရာသို့ ခြေလှမ်းကြဲကြဲဖြင့် ထွက်ခဲ့ကြပါတော့၏။

(၅)

ကျွန်တော်တို့ ရောက်သွားကြသောအခါ အဘိုးအိုက သစ်ပင်အောက်မှ ဒူးထောက်ထိုင်ပြီး သစ်ပင်ပေါ်ကို မော့ကြည့်နေ၏။ သူ့ပုံသဏ္ဍာန်က နက်ရှိုင်း တည်ကြည်နေသည်ဆိုတာကိုတော့ ကျွန်တော်တို့နှစ်ယောက်လုံး စိတ်လှုပ်ရှား လှစွာ သိလိုက်ရသည်။

'အဘိုးအို နားကို ချဉ်းကပ်ပြီး၊ သူကြည့်ရာသို့ ကျွန်တော်တို့ လိုက်ကြည့်လိုက်၏။'

'အို'

ကျွန်တော်တို့ နှစ်ယောက်လုံး မှင်သက်သွားရသည်။ မထင်မှတ်ခဲ့။ ဤသို့ဖြစ်လာလိမ့်မည်ဟု မည်သို့မျှ မထင်မှတ်ခဲ့။ ကျွန်တော်တို့နှစ်ယောက်လုံး မျက်တောင်မခတ်စတမ်းကြည့်နေမိလိုက်သည်။

http://www.cherrythitsar.org



အရိုးဖြိုင်းဖြိုင်းဖြင့် ရင့်ရော်အိုမင်းလှသည့် ဤသစ်ပင်ကြီးမှာ ကျွန်တော်တို့ တွေ့လိုက်ရသည်က အမတန်လှပနေသည့်

အပြာရောင်ပန်းကလေးတစ်ပွင့်။

ယဉ်ယဉ်ပပကလေး မွှေးမြလင်းဝေနေသည်။

'ဒါ. . . ဒါ သူပြောတဲ့ နတ်သမီးလား'

ကစဉ့်ကလျား တွေးမိလိုက်ချိန်မှာ

'ဟုတ်တယ် ဒါငါ့ရဲ့နတ်သမီးပါပဲ' ဟု သစ်ပင်ကြီးက တုံ့ပြန်ပြောသံကို ကျွန်တော်ကြားလိုက်သလိုရှိသည်။

ကျွန်တော့်တို့ ဘာစကားမှမဆိုမိကြ။

အဘိုးအိုကို သတိရပြီး လှည့်ကြည့်လိုက်သည့်အခါ ကျွန်တော်ခြေဖျားလက်ဖျားတွေ အေးစက်ပြီး ကျွန်တော့်သွေးတွေ ပူနွေးဆူဝေသွား၏။

'အော်. . . အဘိုးရယ်'

ပန်းပွင့်ကလေးကို မော့ကြည့်နေသော အဘိုးအို၏မျက်နှာသည် တိတ်ဆိတ်သိမ့်မွေ့လှပါတော့၏။

သူ့မျက်နှာပေါ်ရှိ ရဲရင့်မှု၊ သူ့မျက်နှာပေါ်မှာ ရှင်းလင်းငြိမ်သက်မှုတို့ကို မည့်သည့်အရာကမှ လိုက်လံတုပ၍ ရနိုင်တော့မည် မဟုတ်ချေ။

(သူ့နေဝန်း၊ သူ့လဝန်း၊ သူ့မိုးကောင်းကင် အဆင့်ဆင့် တို့ဖြင့်ပြာ. . . . သူ့ရင်ထဲမှာလည်း ပြာလဲ့စင်ကြယ်သော အေးမြစကြာဝဠာ)

အတန်ကြာမှ အဘိုးအိုက ပင့်သက်ကိုရှိုက်၏။ မျက်လုံးအစုံကို

မှိတ်၏။ တစ်ကိုယ်လုံးကို လျှော့ချလိုက်၏။ မြေပေါ်သို့သူဖြေးညှင်းစွာ လဲကျသွားလေတော့သည်။

(၆)

ယခုအခါ အဘိုးအိုသည် မြေပေါ်၌ ငြိမ်းချမ်းစွာ လဲလျောင်းနေပြီဖြစ်၏။ ပတ်ဝန်းကျင်မှာ စကားသံမကြားရ၊ သစ်ပင်ကြီးက မျက်လွှာချထားသည်။ ပန်းပွင့်လေးကား အလျှိုညီးညီး လှုပလင်းလက်တောက်ပလျက်. . .

ကျွန်တော်က အဘိုးအိုနံဘေးသို့ ဘုရင်ရုပ်တစ်ရုပ်ကို ပစ်ချပေးလိုက်သည်။ ထို့နောက်မှ ဟိုးအဝေးဆီမှ တောင်တန်းကြီးများကို မျှော်ကြည့်ကာ ထိုးသဲ့သော်လည်း ပြတ်သားသည့် စကားတစ်ခွန်းကို ပြောလိုက်မိ၏။

'ငါ. . . ရှုံးသွားပြီ'

❖❖❖

http://www.cherrythitsar.org



# စက်ဝိုင်းထဲမှာနေတဲ့လူ

(၁)

ကျွန်တော့်မှာ ဦးလေးတစ်ယောက်ရှိတယ်။ သူ့ထူးခြားချက်တွေကတော့ သေးငယ်ပေမယ့် များပြားလွန်းလို့ ဘယ်ကစပြောရမလဲ မသိဘူး။

သူဟာ သိပ်အူတူတူနိုင်တယ်။ ဆွေမျိုးတစ်အုပ်လုံးမှာ ကျွန်တော်တစ်ယောက်ကလွဲရင် ဘယ်သူနဲ့မှ မတည့်ဘူး။ ကျွန်တော့်ကိုတော့ ချစ်ရှာပါတယ်။ ကျွန်တော်ကလည်း တစ်ခါတလေ ပေတေတေနေတတ်တော့ သူနဲ့အတွဲညီတဲ့အချိန်တွေ ရှိခဲ့တယ်။

သူနဲ့ကျွန်တော်က သူငယ်ချင်းလိုပေါင်းတာပါပဲ။ ဦးလေးနဲ့တူဆို တော့

http://www.cherrythitsar.org



အသက်ကတော့ ၁၄-၅ နှစ်ကွာတာပေါ့။ ကျွန်တော်တက္ကသိုလ်တက် စမှာ ကျွန်တော့်ကိုအကြောင်းပြုပြီး ကျောင်းထဲကို သူခဏခဏလာတယ်။ သူက အိမ်ထောင်လည်းမရှိတော့ မိန်းမလာပိုးတယ်ပေါ့လေ။ ကျွန်တော်ကို အဘွားကိုသွားတိုင်တော့မှ သူဆင်ခြင်သွားတယ်။

ဟိုတုန်းကဆိုရင် အဘွားက သူ့ကို အိမ်ပေါ်က မကြာမကြာ နှင်ချလေ့ရှိတယ်။ အဲဒီလိုနှင်ချတဲ့အခါတိုင်းမှာလည်း သူဟာ ကောက်ကာ ငင်ကာ ဆင်းသွားတတ်တယ်။ ဒါပေမယ့် ထမင်းစားချိန်ကျရင် ပြန်ပြန်လာလို့ နောက်ဆုံးမှာ အဘွားကပဲ လက်လျှော့လိုက်ရတယ်။

သူက သိပ်အဆိုးကြီးတော့ မဟုတ်ပါဘူး။ ယေဘုယျအားဖြင့် သဘောကောင်းပြီး သူထင်ရာစိုင်းတတ်တဲ့ ချို့ယွင့်ချက်ကြီးက ရှိနေတယ်။ ပြီးတော့ သူရှုပ်လာတဲ့ဇာတ်တွေကို သူမနိုင်ပြန်ဘူး။ သူ့ကြောင့် ဆွေမျိုးတွေက ရှက်ခဲ့ရတော့ အကြိမ်ကြိမ်ပေါ့. . .။

တစ်ခါလည်း အရပ်ကလုပ်တဲ့ ဇာတ်ပွဲတစ်ခုမှာ ဝင်ကတယ်။ မကပါနဲ့လို့ တစ်အိမ်သားလုံးက တိုးလျှိုးတောင်ပန်တာကို မရဘူး။ ကိန္နရီ၊ ကိန္နရာတွေပါတဲ့ ဇာတ်တော်ထဲမှာ သူက ကိန္နရာအဖိုအဖြစ် ဝင်ကရတယ်။ သူ အကတိုက်နေကတည်းက အရပ်ကို အိမ်ကလူတွေ မျက်နှာပူနေကြတာ။ တကယ်လည်းကရော အကုန်လုံး အရှက်လှလှကွဲပါလေရော. . .။

ဇာတ်ခုံပေါ်မှာ သူတို့ကိန္နရီမောင်နှံ တွဲကနေကတည်းက ပရိသတ်က သူ့ကို အမြင်နည်းနည်းကတ်နေပြီ။ ကိန္နရာအဖိုကြီးဖြစ်လျက်နဲ့ 'အမ'

http://www.cherrythitsar.org



လေးကိုမှ အားမနာ သူကချည်း ကနေတာ။ အဲဒီမှာပဲ ဇာတ်လမ်းအရ 'အမ'လေးကို မြားမှန်ရော၊ အဖိုလုပ်သူက 'အမ'လေးကို ပွေ့ပိုက်ပြီး ငိုချင်းချရမယ်ထင်တယ်။ ဒါပေမယ့် အဲဒီလိုဖြစ်မလာဘူး။

ကိန္နရီမလေးက မြားမှန်ပြီး ပုံလျက်လဲကျသွားပြီ။ အဖိုကြီးက ကနေတုန်း၊ ဆိုင်းဝိုင်းထဲက ဆူဆူညံညံ တီးပစ်လိုက်တာလည်း သူ သတိမထားမိဘူး။ ကိန္နရီမလေး မြေမှာလဲနေတာကိုလည်း သူမမြင်ဘူး။ အံမာ. . . ကလိုက်တာမှ ကွေးလို့။ တော်တော်နဲ့လည်း မပြီးဘူး. . .။

ပရိသတ်ကဝေဖန်နေပြီ။

"ကိန္နရီအဖိုကြီးက ပေါတောတောနဲ့ကွ"

သည်းမခံနိုင်တော့တဲ့ ဇာတ်ဆရာက ကန့်လန့်ကာကြားကနေသွားပြီး ငေါက်ငမ်းလိုက်တယ်။

"မျိုးဝင်း၊ မျိုးဝင်း. . . ဟိုမှာက မြားမှန်သွားပြီးတာ ကြာပြီကွ၊ ရှီးတဲ့မှပဲ၊ ကနေလိုက်တာ"

သူအော်လိုက်တာ ခပ်အုပ်အုပ်ပါ။ ဒါပေမယ့် ဘယ်လိုဖြစ်သွားတယ်မသိပါဘူး၊ အဲဒီအသံကြီးက မိုက်ထဲကနေ အကျယ်ကြီးထွက်လာတယ်။ ဇာတ်ရုံတစ်ရုံလုံး ဝိုင်းရယ်လိုက်ကြတာ တဝေါဝေါပဲ။ တစ်ချို့ဆို သီးတောင်သီးကုန်တယ်။

တစ်ခါကလည်း ကျွန်တော့်ကိုလာခေါ်တယ်။

"ညီညီ လာကွာ. . . ငါနဲ့လိုက်ခဲ့စမ်းပါ"

"လေးလေးက ဘာလုပ်မလို့လဲ၊ ဘယ်ကိုလဲ"

ကျွန်တော်ကလည်း သူ့ဆို နည်းနည်းလန့်တယ်လေ။ သေသေချာချာ မေးရသေးတယ်။

"ငါ ကောင်မလေးတစ်ယောက်ကို ရည်းစားစကား လိုက်ပြောမလို့"

"ဟင်. . . ဘယ်ကကောင်မလေးလဲ"

"လာစမ်းပါကွာ. . . လမ်းမှာ ငါပြောပြမယ်"

အဲဒီလိုနဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး သူပြောတာတွေ နားထောင်ရတယ်။ အဲဒီကောင်မလေးကို သူလေ့လာနေတာ သုံးရက်ရှိပြီတဲ့၊ ကောင်မလေးက လှပါတယ်တဲ့၊ ဒီနေ့တော့ သူရည်းစားစကား ပြောတော့မယ်တဲ့။

"လေးလေး. . . ဟုတ်မှလည်း လုပ်နော်"

"အေးပါကွာ. . . မင်းကလဲ၊ ဟုတ်ပါတယ်"

"လေးလေး ရည်းစားစကားရော ပြောတတ်လို့လား"

"အို. . . ဘာလို့မပြောတတ်ရမှာလဲ၊ အဲ. . . အဲ. . . အခုလာတဲ့ ကောင်မလေးပေါ့ကွာ၊ ငါလိုက်စကားပြောမယ်။ မင်း ဒီကပဲစောင့်နေ"

သူ ထထွက်သွားတယ်။ ကျွန်တော် မျက်တောင်မခတ်ကြည့်နေရင်း ကျန်ရစ်ခဲ့တာပေါ့။

..................................................................................

ကောင်မလေး ရှေ့ကသွားနေတာကို သူ နောက်က မရဲတရဲချဉ်းကပ်သွားတယ်။ ကောင်မလေးက သူနဲ့ဝေးတဲ့ဘက်ကို ခွာထွက်သွားတယ်။ ဒါပေမယ့် သူက လိုက်ချဉ်းကပ်သွားပြန်တယ်။ အနားရောက်တော့ ကောင်မလေးကို စကားပြောမလို့လုပ်ပြီးမှ ကြောင်အမ်းအမ်းကြီးရပ်သွားတယ်။ ကောင်မလေးက လျှောက်မြဲဆက်လျှောက်သွားပြီး သူက တွေတွေကြီး ကျန်ရစ်ခဲ့တယ်။

လက်ဖက်ရည်စားပွဲကို သူပြန်ရောက်တော့ ကျွန်တော်ကမေးလိုက်တယ်။

"ဘာဖြစ်လို့လဲ"

သူက ကျွန်တော့်အမေးကို မဖြေသေးဘဲ သူ့မျက်မှန်ကိုချွတ်ပြီး ပုဝါလေးနဲ့ ပွတ်နေတယ်။ နောက်မှ မျက်မှန်ပြန်တပ်ရင်း. . .

"တော်သေးတာပေါ့ကွာ"

"ဘာဖြစ်လို့လဲ"

"လှမောင်မိန်းမကွ"

ကဲ. . . ကြည့်။ ခုလောက်ဆိုရင် ကျွန်တော့်ဦးလေးအကြောင်းကို အရိပ်အမြွက်လောက် သိလောက်ပြီလို့ ထင်ပါတယ်။ ကျွန်တော့်ဦးလေးက အဲဒီလို ပုဂ္ဂိုလ်မျိုးပါ။ အခုကျွန်တော်ပြောမယ့် အကြောင်းအရာမှာ သူဟာ အဓိက ဇာတ်ကောင်ပါပဲ။ ဆက်ဖတ်ပါ. . . ။ မကြာမီ ထူးခြားလာပါတော့မယ်။

***

.......................................................................

(၂)

တစ်ရက်မှာ သူကခေါ်တယ်ဆိုလို့ သူ့အခန်းကို ကျွန်တော်သွား တယ်။ ဒါပေမယ့် အခန်းထဲမဝင်ဘဲ အခန်းရှေ့ကနေ သူ့ကို လှမ်းပြော လိုက်တယ်။

"လေးလေး. . ၊ အဲဒါကြီးဆက်ဖွင့်နေမယ်ဆိုရင် ကျွန်တော် မလာ တော့ဘူး"

"ဟာကွာ. . . မင်းကလဲ"

သူက ဓာတ်စက်ဖွင့်နားထောင်နေတယ်။ သူ့ဓာတ်ပြားတော်တော် များကလည်း အပ်ကြောင်းထပ်နေတာချည်းပဲ။ ကျွန်တော် နားမချမ်းသာဘူး။

"မင်းကလဲကွာ၊ ဒီဓာတ်စက်ကိုပဲ ရန်လုပ်နေတာပဲ"

"လေးလေးဟာကြီးတွေက နားထောင်လို့လည်း မကောင်းတော့ ပါဘူးဗျာ။ အသံတွေလည်း ပျက်နေပြီ၊ ထားလိုက်ပါတော့၊ အဲဒါကြီးဖွင့် နေရင် ကျွန်တော်မလာတော့ဘူး။ ဟော. . ကြည့်. . ပြောရင်း ဆိုရင်း"

ဖွင့်လက်စ သူ့ဓာတ်ပြားကြီးက အပ်ကြောင်းထပ်နေပြန်တယ်။ သူကရယ်ပြီး ဓာတ်စက်ကို ပိတ်လိုက်တယ်။

"အေးပေါ့ကွာ. . . မင်းတို့က တန်ဖိုးမှ နားမလည်ပဲ"

အဲဒီတော့မှ ကျွန်တော် သူ့အခန်းထဲကို ဝင်လိုက်တယ်။ သူ့အခန်း

နံရံမှာ ဂါထာတွေ အများကြီး ရေးထားတယ်။ သူဟာ ရှေးဟောင်းအစဉ်အလာကို အင်မတန်ခင်တွယ်တဲ့ လူတစ်ယောက်လည်းဖြစ်တယ်။ သူဝတ်စားဆင်ယင်တာကိုက ခေတ်ဟောင်းရုပ်ရှင်မင်းသားတစ်ယောက်လို ပါပဲ။

သူဟာ ဗေဒင်၊ ယတြာတွေကိုလည်း အလွန်ယုံကြည်တယ်။ သူ့ဆီမှာ အင်းချပ်တွေ၊ ဓာတ်ပုံတွေလည်း ရှိတယ်။ အဆောင်လက်ဖွဲ့တွေလည်း အများကြီးပေါ့။

'. . . . . . . 'လို့ခေါ်တဲ့ အဲဒီသဘာဝလွန်ကိစ္စတွေကို ကျွန်တော်လည်း အတိုင်းအတာတစ်ခုအထိ လက်ခံပါတယ်။ ဒါပေမယ့် သူကတော့ နည်းနည်းအလွန်အကျွံဖြစ်တယ်လို့ ထင်မိပါတယ်။

"မင်းကို မေးစရာရှိလို့ကွ"

"ဘာများလဲ"

"မြစ်တစ်ခုမှာ ရေနှစ်ခါချိုးလို့ မရဘူးဆိုတာ ဘာကိုပြောတာ လဲဟ"

ကျွန်တော်အံ့ဩမိတယ်။ ပြီးတော့ ရယ်လိုက်မိတယ်။

"လေးလေးက ဘယ်ကကြားလာတာလဲ"

"လက်ဖက်ရည်ဆိုင်ကဖွင့်တဲ့ ထူးအိမ်သင်သီချင်းထဲမှာ ပါလာတာ၊ ငါ. . . ဘာမှန်းမသိလို့"

ကျွန်တော် သဘောကျပြီး ရယ်မိသေးတယ်။ နောက်တော့မှ. . .

"အဲဒါ ဂရိအတွေးအခေါ်ပညာရှင်ကြီး 'ဟေရာကလိုက်တပ်စ်' ပြောသွားတဲ့စကား လေးလေးရဲ့"

http://www.cherrythitsar.org



"ဟေရာကလိုက်တပ်စ. . . ဟုတ်လား"

သူ့ကို နာမည်ပီသအောင် ခေါ်နိုင်ဖို့ သင်ပေးရသေးတယ်။ လူပြော များတဲ့ ဆိုကရေးတီးတို့ ပလေတိုတို့ကိုတော့ သူ သိပါတယ်။ ဒါပေမယ့် သေးလိစ်တို့၊ ဒိုင်အိုးဂျီးနီးစ်တို့ ဟေရာကလိုက်တပ်စ်တို့ကိုတော့ သူမသိဘူးပေါ့။

"အဲဒါက ဘယ်လိုအဓိပ္ပာယ်လဲ"

"ဒီလို လေးလေးရ. . .၊ မြစ်ရေတွေက စီးနေတယ်မဟုတ်လား၊ တစ်ချိန်နဲ့တစ်ချိန် မတူဘူး၊ ရေအဟောင်းတွေက စီးစီးသွားပြီး ရေအသစ် တွေက ထပ်ထပ်ရောက်နေတယ်"

"အင်း"

"အဲဒီလိုပဲ၊ လူကလည်း ပြောင်းလဲနေတယ်။ အချိန်နီးကပ်လွန်းရင် သာ မသိသာတာ၊ နှစ်ကြာသွားရင် သိသာလာရော။ ဥပမာ. . . လွန်ခဲ့တဲ့ ဆယ်နှစ်က လေးလေးနဲ့ အခုလေးလေးနဲ့ ရုပ်ရော၊ အရွယ်ရော မတူတော့ ဘူးလေ။ အဲဒါ ပြုန်းစားကြီး ပြောင်းသွားတာ မဟုတ်ဘူး။ စက္ကန့်မလပ် ပြောင်းလာခဲ့ပြီး နူးညံ့လွန်းလို့ မသိခဲ့တာ"

"အင်း၊ အင်း"

"လူတစ်ယောက်ဟာ မြစ်တစ်ခုမှာ ရေတစ်ခါချိုးခဲ့တယ် ဆိုပါစို့၊ နောက်တစ်ခါ သွားပြန်ချိုးရင် ခုနကလိုမဟုတ်တော့ဘူး၊ ရေကလည်း အသစ်ဖြစ်နေပြီ၊ လူကလည်း အသစ်ဖြစ်နေပြီ"

"အဲဒါကြောင့် မြစ်တစ်မြစ်မှာ ရေနှစ်ခါချိုးလို့ မရဘူးလို့ပြောတာ"

http://www.cherrythitsar.org



"ဟုတ်သားပဲ၊ ကောင်းတယ်ကွာ. . .။ ဒီအတွေးအခေါ်လေး မဆိုးဘူး၊ ဟေရာကလိုက်တပ်စ်က ဘယ်ဆိုးလို့လဲ"

ပြုံးပြုံးကြီးနဲ့ သူသဘောကျနေတယ်၊ ခေါင်းကိုလည်း တွင်တွင်ညိတ်နေတယ်။ အဲဒီတုန်းကတော့ သူဟာ ဒီအယူအဆကလေးကို ဘယ်လောက်ထိ သဘောကျသွားသလဲဆိုတာ ကျွန်တော် မခန့်မှန်းမိလိုက်ဘူး။ ဒါပေမယ့် မကြာခင် သိလာရတော့တာပါပဲ. . .။

***

(၃)

တစ်နေ့ ကျွန်တော်မြို့ထဲသွားခါနီး လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ သူ့ကိုတွေ့တယ်။ လမ်းထဲမှာ ကျွန်တော်တို့အရွယ် လူငယ်တွေနဲ့ ထိုင်နေတယ်. . .။

သူတို့ဝိုင်းမှာ ကျွန်တော်သွားထိုင်လိုက်တယ်။

"ညီညီ. . . ဘယ်သွားမလို့လဲ"

"မြို့ထဲ. . . ပန်းချီပြပွဲတစ်ခုကို သွားမလို့"

သူက ကျွန်တော့်အတွက် လက်ဖက်ရည်မှာပေးပြီး သူ့ကောင်လေးတွေကို ဆက်အာလူးဖုတ်နေတယ်။

"အဲဒီတုန်းက ပိုက်ဆံလည်းရတယ်၊ အကုန်လည်း သိပ်မြန်တယ်ဆိုပါတော့ကွာ"

သူကျောက်သွားတူးစဉ်က အတွေ့အကြုံကို ပြောပြနေတာပါ။ (သူက စုံတယ်၊ အဲဒီလိုအတွေ့အကြုံလည်း သိပ်များတယ်။ ဒါပေမယ့် နောက်ဆုံးမှာ တစ်ခုမဟုတ်တစ်ခု ဖြစ်လာတတ်တယ်)

"ကျောက်သွားတူးနေရင်းက ကျောက်နီနီပြာပြာလေးတွေ တွေ့ရင် ထည့်စရာလည်း အဆင်မသင့်တော့ ကျောက်သမားတွေက ပါးစပ်ထဲကို ပစ်ထည့်ပြီး ငုံထားရတာကွ။ တစ်နေ့တော့ ငါလည်း တူးခါစရှိသေးတယ်၊ အနီရောင်ကျောက်တစ်ခုကိုတွေ့ရော၊ အဲဒါနဲ့ပဲ ဘေးဘီကိုအကဲခတ်ရင်း ငါ့ပါးစပ်ထဲကို မသိမသာ ပစ်ထည့်လိုက်တယ်။ အလုပ်နားမှ ဒီကျောက်ကို စစ်ဆေးမယ်လို့တွေးရင် လက်ကလည်း ဟန်မပျက် ဆက်တူးနေတာပေါ့ ကွာ။ ဒါပေမယ့် အတော်လေးကြာတော့ ငါ့ပါးစပ်ထဲမှာ ချိုတိုတိုကြီးဖြစ် လာတယ်။ ဘယ်လိုကျောက်လည်းဆိုတာ ငါလည်းစဉ်းစားရင်း ဦးနှောက် ချောက်လာတယ်။ နောက်တော့ မနေနိုင်တာနဲ့ ပါးစပ်ထဲကထုတ်ပြီး သေသေချာချာကြည့်လိုက်တယ်။ အဲဒီတော့မှ သိတယ်။ ကျောက်မဟုတ် ဘူးကွ၊ ဘယ်ကောင်ထွေးထုတ်ခဲ့လဲ မသိတဲ့ သကြားလုံးကြီး. . . လခွီး"

အားလုံးက ဝါးခနဲ ဝိုင်းရယ်လိုက်ကြတယ်။ ဦးမျိုးဝင်းကတော့ ဖြစ်ရမယ်လေ ဆိုပြီးတော့လည်း ဝိုင်းပြောကြတယ်။ သူက တဟဲဟဲနဲ့ ရယ်နေရင်းက. . .

"အဲဒီတုန်းကတော့ ငါလည်း နုသေးတာကိုးကွ၊ အခုတော့ ရင့်ကျက်ခဲ့ပါပြီ။ ဘယ်သူမှ မြစ်တစ်မြစ်မှာ ရေနှစ်ခါမချိုးနိုင်ပါဘူး၊ ငါလည်း

http://www.cherrythitsar.org



ပြောင်းလဲခဲ့ပါပြီ”

“ အဲ. . . အဲဒါက ဘာပြောတာလဲ ဦးမျိုးဝင်းရ”

သူက တဟဲဟဲရယ်ရင်း ကျွန်တော့်ကို လှည့်ကြည့်တယ်။

ကျွန်တော်က အားလုံးကိုနှုတ်ဆက်ပြီး ထွက်လာခဲ့တယ်။ သူက တော့ အဲဒီအယူအဆလေးကို ဝေဝေဆာဆာရှင်းလင်းရင်း ကျန်ရစ်ခဲ့လေရဲ့။

အဲဒီနေ့က မိုးချုပ်ပြီးမှ ကျွန်တော်အိမ်ပြန်ရောက်တယ်။ အိမ်ထဲ ဝင်ဝင်ချင်း အဘွားရဲ့ ဗျစ်တောက် ဗျစ်တောက်အသံတွေကို ကြားရတယ်။

“စုန်းပြူးတစ်ယောက်ကတော့ ပါကို ပါလာတာပဲ”

အဲဒီလိုပြောကတည်းက ကျွန်တော်သိတာပေါ့။

“လေးလေးမျိုးဝင်းလား”

“အေးလေ. . . ဘယ်သူရှိဦးမလဲ”

“ခု. . . ဘာဖြစ်လို့လဲ”

“ငါ့ကိုပြောတယ်. . .၊ ဦးသောင်းထွန်းတို့အိမ်မှာ ပုပ္ပါးကဘိုးတော် တစ်ယောက် ရောက်နေတယ်၊ မသွားဘူးလားတဲ့”

“အင်း”

“ငါက မသွားတော့ဘူးဆိုတော့ ဒီလိုအခွင့်အရေးမျိုးကို ကြုံတုန်း ယူထားရတယ်၊ ဘာ ညာပြောတယ်။ ရိုးရိုးပြောရင် အကြောင်းမဟုတ်ဘူး။ သူကပဲ တွေးခေါ်တတ်ပြီး ငါကပဲ မိုက်မဲလွန်းသလိုလို၊ ငါ့ကိုပဲ ကလေး ဆုံးမသလိုလိုနဲ့ ပြောသွားတယ်”

“ဘယ်လိုပြောသွားလို့လဲ’

“ဘာလဲ. . . လူတစ်ယောက်. . . မြစ်မှာရေချိုးတာ. . . ဘာဖြစ် တယ်ဆိုလဲ. . . မသိပါဘူး”

“အဘွားက ဘာပြန်ပြောလို့လဲ”

“ပြောလိုက်တာပေ့ါ၊ အဲဒါ နင်အမေလင် မြစ်လားလို့”

ကျွန်တော် အော်ရယ်လိုက်မိတော့တယ်။

***

(၄)

အဲဒီလိုနဲ့ သူဟာ အဲဒီစကားလေးကို လက်ကိုင်ထားရင်း ဘ၀ကို ဟိုတုန်းကထက် တက်တက်ကြွကြွ ရင်ဆိုင်လာတယ်။ ကောင်းပါတယ်၊ ကျွန်တော်ကတော့ သဘောကျပါတယ်။

ဒါပေမယ့် ကျွန်တော် မုံရွာသွားစဉ်ရက်တွေမှာ သူက ရန်ကုန်မှာ အလဲလဲအပြိုပြို ဖြစ်သွားတယ်။ ကျွန်တော်အိမ်ပြန်ရောက်လို့ ခရီးဆောင် အိတ် ချရုံရှိသေးတယ်၊ အမေက အနားရောက်လာတယ်။

“သား. . . မင်းလေးလေးဆီ သွားလိုက်ပါဦး”

“ဟင်. . . ဘာဖြစ်လို့လဲ”

“သွားမှာသာ သွားလိုက်ပါဦး၊ သူ့ကိုသာမေးလိုက်”

ဘာဖြစ်ပြန်သလဲ မသိဘူး၊ ကျွန်တော် သူ့အခန်းကို လျှောက်သွားလိုက်တယ်။ အခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်ရင်ပဲ သူက ကုတင်ပေါ်မှာ ဝမ်းလျားမှောက်နေရာက ခေါင်းထောင်ကြည့်တယ်။

"ညီညီလား"

"အင်း. . . လေးလေး၊ ဘာဖြစ်နေတာလဲ"

"လေးလေးဘဝတော့ သွားပါပြီ ညီညီရယ်"

"ဘာသွားတာလဲ၊ ဘာဖြစ်တာလဲ။ ကျွန်တော့်ကိုပြောပါဦး"

သူ့ကို ကုတင်ပေါ်က အတင်းဆွဲထူရတယ်။ သူက ခေါင်းစိုက်စိုက်ကြီးနဲ့ပါလာပြီး. . .

"ပြောရမှာရှက်လို့ မသဒ္ဓါလိုက်တာကွာ"

"ပြော. . ပြော. . . မရှက်နဲ့၊ ဘာဖြစ်သလဲ"

သူက ငူငူငိုင်ငိုင်မျက်နှာကြီးနဲ့ သူဖြစ်လာပုံတွေကို တစ်လုံးချင်း ပြောပြပါတယ်။

"ငါက ရေဆိပ်မှာ ရေသွားချိုးတယ်ကွာ၊ အဲဒီတုန်းက ငါတစ်ယောက်ထဲ၊ တခြားလူ ဘယ်သူမှမရှိဘူး။ အဲဒါနဲ့ပဲ ငါ ရေဆင်းကူးနေလိုက်တယ်"

"အင်း"

"အဲဒီမှာပဲ. . . ငါရေငုပ်နေတုန်း အပေါ်ကရေလှုပ်နေလို့ ပြန်တက်လာကြည့်တော့ အောင်မယ်လေးညီညီရေ. . . မိန်းမတစ်ယောက်ကွ၊ သူ့ ထမီကို

http://www.cherrythitsar.org



ရေထဲနှစ်ပြီး လျှော်နေတယ်”

“အွန်”

ပြောနေဆဲမှာပဲ သူ့မျက်နှာဟာ အတော်ကိုယူကြုံးမရဟန်တွေက လည်း ပေါ်လွင်နေတယ်။

“ရေထဲမှာက ငါနဲ့ သူ့ထမီပဲရှိတယ်၊ ရေတွေက သူ့ထမီလျှော် တဲ့ရေတွေ ဖြစ်နေပြီ၊ သူ့ထမီရေတွေထဲမှာ ငါက ကူးလိုက် ငုပ်လိုက် လုပ်လာခဲ့တာ၊ အောင်မလေး. . . ရှိတဲ့ဘုန်းကံလေးတွေ တက်တက်စင် နိမ့် သွားပါပြီ ညီညီရာ၊ ငါ့ကိုယ်ငါလည်း ရွံလိုက်တာ၊ ငါ့ဘဝတော့ သွားပါပြီ ကွာ၊ ထွီ. . . ဝေါ့”

ဟောဗျာ၊ သူမို့လို့ ကြံကြံဖန်ဖန်ဖြစ်လာတယ်။ ကျွန်တော်လည်း ဘာပြန်ပြောရမလဲ မသိဘူး။ ဘုန်းတွေ တန်ခိုးတွေပေါ်မှာကလည်း သူ ယုံကြည်တာ အရိုးစွဲနေပြီ။ သူ့အဖြစ်က ရင်နာမယ်ဆိုရင်လည်း နာစရာပဲ။ အဲဒီတုန်းက သူ့ကိုယ်ပေါ်မှာ လက်ဖွဲ့တွေ၊ အဆောင်တွေ ဆွဲထားသလား မသိဘူး။ မေးလိုက်မှ သူ့ခံစားချက် ပိုဆိုးသွားမှာစိုးလို့ ကျွန်တော်မမေးတော့ ပါဘူး။

နောက်တော့ သူက စိတ်ဓာတ်ကျတဲ့စကားတွေ၊ ကိုယ့်ကိုကိုယ် မသဒီတဲ့စကားတွေ တရစပ်ပြောလာပါတယ်။ ပြောရင်းကလည်း ပိုဝမ်းနည်း လာပုံရတယ်။ မျက်ရည်လည်း မကျ၊ ရှိုက်သံလည်း မထွက်ပဲ မျက်နှာကြီး သက်သက်နဲ့ သူငိုနေတယ်။ အတော့်ကို အကြည့်ရဆိုးပါတယ်။

.................................................................

အဲဒီမှာပဲ ကျွန်တော်တစ်ခု သတိရလိုက်ပြီး. . .

"လေးလေးကလဲဗျာ၊ စိတ်ထဲမှာ ထားစရာကိစ္စတောင် မဟုတ်ပါဘူး။ လေးလေးလဲ သိသားပဲ၊ မြစ်တစ်မြစ်မှာ ရေနှစ်ခါချိုးလို့ မရပါဘူး။ သူ့ထမီရေဆိုတာလည်း လျှပ်တပြက်စီးပြီး ပျောက်သွားတာပါ။ လေးလေးကလည်း အချိန်နဲ့အမျှ အသစ်ပြောင်းလဲနေတာပါ။ ဘာမှ ဘုန်းကံနိမ့်စရာ မရှိပါဘူး"

အဲဒီအခါမှသူက. . .

"အဲဒီလို့ ဖြေလို့လည်း မရတော့ပါဘူးကွာ၊ ငါချိုးလာတာ မြစ်ရေ မဟုတ်ဘူး၊ ကန်ရေ။ ဘာမှ မစီးဆင်း မပြောင်းလဲဘူး၊ မနေ့ကလည်း ဒီရေပဲ၊ မနက်လည်းဒီရေပဲ. . . "

"အဲ"

"ငါကလည်း မပြောင်းလဲဘူး၊ ဟာ. . . သူ့ထမီရေထဲမှာ ငါကူးနေပါလားဆိုတဲ့ အသိနဲ့ ကမ်းပေါ်ခုန်တက်လာပြီးကတည်းက ငါ့အသိဟာ၊ အဲဒီနေရာမှာပဲ ရပ်တန့်နေတယ်။ ငါ့ခန္ဓာကိုယ်ထဲက သွေးတွေဟာလည်း ငါဟာ. . . ထမီချိုးထားတဲ့ကောင်ဆိုတဲ့ အသိနဲ့ပဲ ဓာတ်ပြားကြီး အပ်ကြောင်း အပ်ကြောင်းထပ်သလို လည်နေတယ်။ ငါ့ရှေ့ကို စီးပြီး ပြောင်းလဲမသွားဘူး၊ အဲဒီနေရာမှာပဲ ရပ်နေတယ်"

"ဟင်"

နောက်တော့ သူက ကြေကွဲတစ်ဆို့သံကြီးနဲ့. . .

http://www.cherrythitsar.org



"ငါ လူဖြစ်ရှုံးသွားပါပြီကွာ၊ သွား. . . ပါ. . . ပြီ"

ကျွန်တော်လည်း သူ့ကို ပြောစရာစကားတွေ စဉ်းစားပါသေးတယ်၊ ဘယ်လိုမှ အစရှာမရဘူး၊ နောက် သတိထားမိလိုက်တာတစ်ခုလည်း ရှိတယ်။ သူ့ကိစ္စကြီးက 'ဟေရာကလိုက်တပ်စ်'ကိုယ်တိုင် လာရှင်းမှာ ဖြစ်လိမ့်မယ်ဆိုတာပါပဲ။ ။

(တာရာမင်းဝေ)



http://www.cherrythitsar.org